


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ရွှန်းရမိမိုး

## သန်းခေါင်ယံတိုင်း တစ်ရေးနိုးတတ်ခဲ့တယ်

၂၀၁၃ ခုနှစ်၊ ဖေဖြီလ၊ ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset
ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅. ၈၃
ရွှန်းရမိမိုး
သန်းခေါင်ယံတိုင်း တစ်ရေးနိုးတတ်ခဲ့တယ်၊ ရွှန်းရမိမိုး (ရန်ကုန်)
စေတနာစာပေ၊ ၂၀၁၃
၂၅၆-စာ၊ ၅×၇
(၁) သန်းခေါင်ယံတိုင်း တစ်ရေးနိုးတတ်ခဲ့တယ

www.burmeseclassic.com

www.burmeseclassic.com

# ရှန်းရမိမိုး

## သန်းခေါင်ယံတိုင်း တစ်ရေးနိုးတတ်ခဲ့တယ်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



"မိငယ်ရေ ... အကြော်မှာထားတာ ရပြီလား"

"ရပြီ ဒေါ်လေးမိရေ။ ဒီဘူးသီးကြော်လေး ခဏပဲစောင့်၊ နည်းနည်း အကျက်လိုနေလို့"

"ဟဲ့ ... ညည်း ဘူသီးကြော်ကဖြင့် ခုမှထည့်ထားတာ၊ တော်တော် စောင့်ရဦးမှာပေါ့"

"ဒေါ်လေးမိ အရေးကြီးနေရင် တခြားအကြော်လေးတွေပဲ ယူသွားပါလား"

"အေး ... ကျုပ် ဆေးလိပ်ခုံက ဆေးလိပ်သမတွေက ကျုပ်မရှိရင် ခိုကြမှာ။ ရှိတာပဲယူသွားတော့မယ်။ ကျုပ်က ဘူးသီးကြော် စားချင်တာ၊ ကြိုမှာထားတာတောင် မိငယ်တို့က စိတ်ချရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာပို့ပေးမယ်လေ ဒေါ်လေးမိ"

"အပြောကတော့ ညက်တယ် မိငယ်တို့က၊ စာမတတ်လို့ပဲ၊ စာသာတတ်ရင် ငါတို့တစ်မြို့လုံးကို ခါးစောင်းတင်လိမ့်မယ်၊ ညည်း အကြော်အိုးကြီးပစ်ပြီး ကျုပ်ကို ဘယ်လိုလာပို့မှာတုန်း"

"အဟင်း ... ဒေါ်လေးမိက လုပ်ပြီ"

"ကဲ ... ရော့၊ ဒီမှာအကြော်ဖိုး။ ညည်း ညနေကျရင် ဖက်လာထုတ်ဦးမှာလား"

"လာမှာ ဒေါ်လေးမိ ... လာမှာ"

"နေ့ အကြော်ကြော်၊ ည ဆေးလိပ်လိပ်နဲ့ ကုန်းရုန်းရှာနေတာ။ ငထွင့်နဲ့မညားဘဲ ဘုန်းကြီးစာ ဖြစ်နေဦးမယ်နော်"

ထိုစကားကိုတော့ မိငယ် ဘာမှမတုံ့ပြန်လိုက်ပါ။

မိငယ်နဲ့ ငထွင့်အကြောင်းကို တစ်မြို့လုံး သိနေကြတာပဲလေ။





မိငယ်က အမေအိုကြီးကို လုပ်ကျွေးနေရသူ။ ငယ်စဉ်ကတည်းက အဖေဆုံးတာမို့ လေးတန်းအထိပဲ ကျောင်းနေခဲ့ရသည်။

ငထွင့်ကတော့ မိငယ်နဲ့မတူ။ အဖေရော အမေပါ မရှိတော့ပေမယ့် အဒေါ်က မွေးစားထားကာ အဒေါ်က ပိုက်ဆံရှိတာမို့ ငထွင့်ကို ကျောင်းထားပေးသည်။ ဒါပေမဲ့ ငထွင့်ခမျာလည်း ကံတော့ မကောင်းရှာပါ။

ငထွင့် ကိုးတန်းနှစ်မှာပဲ အဒေါ်အပျိုကြီးက အိမ်ထောင်ပြုသည်။

အဒေါ်ယောကျ်ားက ငထွင့်ကို ဆင်ယင်ကျွေးမွေးကျောင်းထားပေးတာကိုမကြိုက်။ ငထွင့်ကိုစွနဲ့ မကြာခဏ စကားများကြသည်။

သူ့ယောကျ်ားပြောပါများတော့ ငထွင့်အဒေါ်ခမျာလည်း စိတ်ညစ်ရှာ၏။

ဒါပေမဲ့ ကြည့်ရှုစောင့်ရှောက်မှုတော့ မပြတ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထွေဋ္ဌ ဆယ်တန်းရောက်တော့ အဒေါ်က သားလေး တစ်ယောက်မွေးသည်။

သားအရင်းလေး ရှိလာတော့ ထွေဋ္ဌကို အချစ်လျော့ လာခဲ့သည်။

ဒီကြားထဲ အဒေါ်ယောကျ်ားကလည်း တစ်ချိန်လုံး ပြုစုနေသဖြင့် ထွေဋ္ဌ စိတ်ညစ်လာ၏။

သွေးနှသားနှ အဒေါ်ဖြစ်သူကို စိတ်မဆင်းရဲစေချင် သဖြင့် ထွေဋ္ဌ ဘုန်းကြီးကျောင်းက ကပ္ပိယကြီးဆီမှာ သွားနေ လိုက်သည်။

ကျောင်းဝေယျာဝစ္စတွေ ကူလုပ်ရင်း ကျောင်းမှာပဲ ကပ်စားရသည်။

နေရေး၊ စားရေး အဆင်ပြေပေမယ့် ကျောင်းစရိတ်က ခက်ခဲနေသည်။

ထွေဋ္ဌရဲ့ ကျောင်းစရိတ်ကို မရှိတဲ့ကြားထဲက ကူညီ ခဲ့သူက မိငယ်။





မိငယ်နဲ့ ထွေဋ္ဌတို့က ငယ်သူငယ်ချင်းတွေ။ အရမ်း ချစ်ကြသည့် ငယ်သူငယ်ချင်းတွေပါ။ ပြီးတော့ မြီးကောက်ပေါက်စ အရွယ် ရောက်လာတော့လည်း တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ်တွေ ပိုကြီးလာကြသည်မို့ မိငယ်က ထွေဋ္ဌကို ကျောင်း စရိတ်ပေးပါသည်။

ထွေဋ္ဌမျှောလည်း မယူချင်ဘဲ ယူရတာပါ။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



ညနေ ဒေါ်လေးမိ ဆေးလိပ်ရုံမှာ ဖက်သွားထုတ်တော့ ငထွန်း ရောက်လာသည်။

ဖက်ခြင်းကို ဆွဲပေးရင် …

"နင်လည်း ငါ့အတွက် နေ့ရောညပါ အလုပ်တွေလုပ်နေရပြီ"

"ရပါတယ်ဟာ။ နင် ဆယ်တန်းအောင်ဖို့သာ အရေးကြီးတာပါ"

"ငါ ကျောင်းတောင် မတက်ချင်တော့ဘူး"

"နင် အဲလိုမပြောနဲ့ဟာ၊ စိတ်ပါလက်ပါ စာမသင်ရင် မအောင်ဘဲ နေဦးမယ်၊ ပြီးတော့ ငါလုပ်ရကျိုးနပ်အောင် ဆယ်တန်းကို နှစ်ခြင်းပေါက်အောင်အောင် ဖြေပြစမ်းပါ"





"ဟိုဘက်လမ်းက ငထူးနဲ့ ကျော်ကျော်တို့ မလေးရှားသွားကြတာ အဆင်ပြေတယ်ဟ၊ ပြီးတော့ ဖိုးပုတို့လည်း ထိုင်းကို သွားကြတာ တစ်လသုံးလေးသိန်း ပြန်ပို့တယ်တဲ့။ ဒီကောင်တွေ ဘာဆယ်တန်းမှ မအောင်ပါဘူးဟာ။ ငါလည်း နိုင်ငံခြားပဲ သွားချင်တယ်"

"ဟုတ်တော့ ဟုတ်ပါတယ်၊ သူတို့က အစကတည်းက ပညာမသင်ခဲ့ရတာလေ။ အခု နင်က ဆယ်တန်းတောင် တက်လက်စကြီး၊ ဆယ်တန်းအောင်ရင် ဘာမှလုပ်လို့မရဘူးဆိုပေမယ့် မအောင်ရင်လည်း ဘာမှလုပ်လို့ မရဘူး။ ဆယ်တန်းအောင်ရင် ဘွဲ့ရဖို့ အခွင့်အလမ်းရှိတယ်။ ဘွဲ့ရရင် ဘွဲ့မရတဲ့လူထက်တော့ သာတာပဲလေ"

"တော်ပါဟာ၊ ဆယ်တန်းအောင်တော့လည်း ကျောင်းဆက်တက်နိုင်တာမှ မဟုတ်တာ၊ နင်က အကြော်ရောင်းပြီး ငါ့ကို ကျောင်းဆက်ထားပေးမလို့လား … ဟားဟား"

www.burmeseclassic.com



"ခုနေတော့ မထားနိုင်ဘူးပေါ့ဟယ်၊ ဒါပေမဲ့ လူ့ကံဆိုတာ ပြောလို့မရဘူး။ လူဆိုတာ အညွှန့်နဲ့နေတာ။ နင် ဆယ်တန်းအောင်တဲ့အချိန်မှာ ကျောင်းဆက်တက်နိုင်တဲ့ အခြေအနေမျိုး ဖြစ်မလာနိုင်ဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူးလေဟာ"

"ငါကတော့ စိတ်ကုန်ပါတယ်"

"ဒီမှာ ငါလည်း ကူညီရကျိုးနပ်အောင် နင် ဆယ်တန်းအောင်အောင်ဖြေမယ်လို့ ကတိပေးစမ်းပါ"

"အဲဒီကတိထက် ပိုပြီးစိတ်ဝင်စားစရာကိစ္စကိုပဲ စဉ်းစားချင်တယ်"

"နင်က လုပ်ပြန်ပြီ။ ဘာတွေများ စိတ်ဝင်စားစရာရှိလို့လဲ"

"ရှိတယ်။ ငါလေ နင် အကြော်ရောင်းနေရတာကို မကြည့်ရက်ဘူး။ တစ်နေ့ တစ်နေ့ ဆီပူအိုးနဲ့ နပန်းလုံးပြီး မီးဟပ်ထားတဲ့ အသားအရေနဲ့ နင့်ကို ငါ သနားနေပြီ"

"သနားရင် နင် ဆယ်တန်းအောင်အောင်ဖြေ"





"အေးပါ ... တစ်နေ့ကျရင် ငါ နင့်ကို ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ထားမယ်"

"ခုလည်း မလောင်ပါဘူးဟဲ့"

"နင်ကလည်း သဘောပြောတာပါ။ ဆယ်တန်းအောင်ရင် နင့်ကို ငါ ပြန်လုပ်ကျွေးမှာ"

"ဟား ဟား ... နင် မိန်းမ မရခင်အထိလား"

"ငါယူမယ့်မိန်းမက နင်ပဲလေ"

"ဘာ ... ထွေဋ္ဌနော်၊ ပါးကျိုးချင်လို့လား"

"တကယ်ပြောတာ"

"တော် ... တော် ... နင် တော်တော့"

"အဟီး"

"ထွေဋ္ဌနော်"

"မိငယ် ... နင့်ရုပ်က မလှပေမယ့် နင့်စိတ်ကလေးက တကယ် ချစ်ဖို့ကောင်းတယ်၊ သိလား"

"ဟွန့်"

✤ ○ ✤

www.burmeseclassic.com



တကယ်ပါ။

မိငယ်က ချောမောလှပတဲ့စာရင်းထဲ မပါပါ။ ဒါပေမဲ့ ရုပ်အဆိုးကြီးလည်းမဟုတ်။ သာမန်မိန်းမတစ်ယောက်ပါ။ ဆီကြော်အိုးနဲ့ နပန်းလုံးနေရသူမို့ အသားအရောင်ကတော့ ကြေးနီရောင်သမ်းချင်သည်။ ဒါပေမဲ့ ထွေ့န်ကတော့ မိငယ်လိုမဟုတ်။ ထွေ့န်က လူဖြောင့်။ ဘယ်လောက်ပဲ နေပူမရှောင် မိုးရွာမရှောင် သွားလာနေပစေ၊ ထွေ့န် အသားအရောင် ပြောင်းမသွား။

ဆေးလိပ်မသောက်တတ်သေးတဲ့ ထွေ့န် နှုတ်ခမ်းတွေက ရဲတွတ်နေသည်။ မျက်ခုံးတွေကစိမ်းပြီး ထူတန်းနေ၏။ ခြေချောင်း လက်ချောင်းတွေကလည်း ယောကျ်ားတန်မဲ့ သွယ်ကော့နေသည်။





ရွာတောင်ပိုင်းက နတ်ကတော်က ထွေ့န်ကို ညိုက်ကလာတာဆိုစဲ။

သိုက်ဆိုရင်လည်း ရတနာသိုက်တော့ မဖြစ်နိုင်။

ဒီလောက် ဘဝဆိုး မွဲပြာဖြစ်နေတာ ကျောက်တုံးသိုက်ကလာတာပဲ ဖြစ်မည်ဟု ဝိုင်းဟားကြသေး၏။

ရုပ်ချောတဲ့ ထွေ့န်ကို ထောက်ပံ့နေတဲ့ မိငယ်ကိုလည်း ကဲ့ရဲ့ကြသည်။ ထွေ့န်ကို မိငယ်က တစ်ဖက်သတ်လိုက်ကြိုက်နေတာဆိုပဲ။

တကယ်တော့ ငယ်သူငယ်ချင်း သံယောဇဉ်ကြောင့်ရယ်၊ ကျောမွဲချင်း ကိုယ်ချင်းစာတာရယ်ကြောင့် မိငယ်တို့သားအမိက ထွေ့န်ကို ကူညီတာပါ။

မရှိပေမယ့် မရှိတဲ့ကြားကပဲ ဖဲ့ပေးဝေမျှရတာပါ။ တစ်နည်းအားဖြင့် ပညာရေးကို မက်မောပါရဲ့နဲ့ အဖေဆုံးလို့ ကျောင်းထွက်လိုက်ရတာမို့ ပညာပါရမီဖြည့်ပေးချင်စာလည်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာကလူတွေ စွပ်စွဲကြသလို ငထွင့်ကို ကျိတ်ကြိုက်ပြီး ထောက်ပံ့တာ လုံးဝမဟုတ်ပါ။

ကိုယ်တောင် ဒီနေ့ အကြော်ရောင်းမှ နောက်နေ့ ဆန်ဝယ်နိုင်တာလေ။ ဒါကို ငထွင့်ကလည်း နားလည်ပါတယ်။ ဘယ်သူတွေ ဘာပဲပြောပြော ငထွင့်နဲ့ မိငယ် တကယ်ရိုးသားဆဲပါ။

မရိုးသားလို့လည်း ရင်ခုန်နိုင်တဲ့ အခြေအနေမှ မဟုတ်တာလေ။ ရင်ခုန်ဖို့ထက် အသက်ရှူနိုင်ဖို့ ရုန်းကန်နေရသည်။

အသက်ကို မနည်းဝအောင်ရှူနေရ၍ ရင်ခုန်နိုင်စွမ်း မရှိခဲ့ပါဘူး။

အသက်ငါးဆယ်ကျော် အမေကလည်း ညဘက်မှာ မိငယ်နဲ့အတူ ဆေးလိပ်ခေါင်း ဖိုင်းထောင်ပေးသေး၏။

ခေါင်းချိုးဖို့ကျတော့ မမြင်မစမ်းနဲ့ အချိုးမလှမှာ စိုးလို့လေ။

မိငယ်တို့ရွာမှာ လျှပ်စစ်မီးရှိတာ မဟုတ်ဘူး။





ဖယောင်းတိုင်လည်း ဈေးကြီးလို့ မထွန်းနိုင်ဘူး။ ရေနံဆီမီးခွက်ကလေး မှိတ်တုတ်မှိတ်တုတ်နဲ့ ဆေးလိပ်,လိပ်ရတာ၊ ဒီတော့ အမေက ခေါင်းချိုးဖို့ အမြင်စွမ်းအား မရှိတော့။ အမေမျက်စိ မှုန်နေတာတောင် ပါဝါမျက်မှန်လေးတစ်လက် မဝယ်နိုင်။

ဘဝဆိုတာ ဒီလိုပါပဲ။ ပိုက်ဆံတတ်နိုင်သူတွေ နေကာအလှမျက်မှန်တစ်လက်ကို သိန်းချီ သန်းချီ ထည့်လဲတပ်နိုင်ပေမယ့် မရှိတဲ့လူမှာတော့ အပေါစားပါဝါမျက်မှန်တစ်လက်တောင် ဝယ်မတပ်နိုင်လို့ စမ်းတဝါးဝါး။

ငထွင့်က သူ့ ဆယ်တန်းဖြေပြီးရင် အလုပ်လုပ်ပြီး အမေ့ကို မျက်မှန်ဝယ်ပေးမတဲ့။ မိဘမဲ့ ငထွင့်ကို အမေက သနားသလို ငထွင့်အတွက်လည်း အမေက မိခင်ရင်းပမာ။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းမှာ ကပ္ပိယကြီးနဲ့အတူ ထင်းခိုင်းခွဲပေးနေတုန်း ...

"ထွေဋ္ဌ... မင်းနဲ့ မိငယ်က ဘာတုန်းကွ"

"ဘာကိုလဲ ဘကြီးရဲ့"

"ကောင်မလေးက မင်းကို ထောက်ပံ့နေလို့လေ။ ခမျာတို့လည်း မရှိဘဲ ထောက်ပံ့နေတာ။ ရွာထဲတော့ မင်းနဲ့ကောင်မလေး ကြိုက်နေသလိုလို ပြောနေကြတာ"

"လူတွေကတော့ ဒီလိုပါပဲ ဘကြီးရဲ့။ ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားကျောင်းချင်ကြတာ။ ကျွန်တော်နဲ့ မိငယ်က ငယ်သူငယ်ချင်း။ မိငယ်အမေ ကြီးကြီးမြကလည်း အမေမရှိတဲ့ ကျွန်တော့်အတွက် အမေရင်းလိုဖြစ်နေတာ။ ကျွန်တော်လည်း မတတ်သာလို့ မိငယ်အကူအညီယူနေရတာပါ ဘကြီးရယ်။ တစ်နေ့ ကျွန်တော် သူ့ကို ကျေးဇူးပြန်ဆပ်မှာ"





ပြောပြီး ထင်းတုံးကြီးကို ခွမ်းခနဲ မြည်အောင် ခွဲချလိုက်သည်။ ဘကြီးက သူ ခွဲပေးတဲ့ ခွဲသားတွေကို ပြန်စိတ်ရင်း ...

"အေး ... မိငယ်တို့ မရှိတဲ့ထဲက ခုလို ကူညီတာ သာဓုခေါ်စရာပဲကွာ။ ဩော် ... ဒါနဲ့ မင်း စာကျက်ချေတော့။ ဘကြီးပဲ ဆက်ခွဲလိုက်မယ်။ တော်ကြာ ကူညီရတဲ့သူ ကူညီရကျိုးမနပ်ဘဲနေမယ်။ စာသွားကျက်ချေ"

"ရပါတယ် ဘကြီးရဲ့၊ ဒါလေးပြီးအောင် ခွဲပေးသွားမယ်၊ စိတ်တာတော့ ဘကြီးပဲ စိတ်လိုက်တော့"

"သာဓုပါကွာ ... သာဓု ... သာဓု"

ထွေဋ္ဌသည် ကပ္ပိယကြီးဆီမှာ ကပ်နေရတာမို့ ကျောင်းဝေယျာဝစ္စတွေလည်း ဝိုင်းလုပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျရှင်မတတ်နိုင်ပေမယ့် ဆယ်တန်းကို အောင်အောင်မြင်မြင်ဖြေမယ်လို့ စိတ်ဆုံးဖြတ်ထားပါသည်။

မိငယ်အတွက်ပါ။

သူ့ကို အရမ်းအောင်စေချင်တဲ့ သူငယ်ချင်းမရဲ့ စေတနာကို တန်ဖိုးထားရပါမည်။

ပြီးတော့ သူ့ကိုစေတနာတစ်စက်မှမရှိတဲ့ သူ့အဒေါ်ယောက်ျားကိုလည်း အောင်အောင်ကို ဖြေပြရပါမည်။

ဒေါ်လေးကိုတော့ သနားပါသည်။ ဒါပေမဲ့ ဒေါ်လေးလည်း ခုနောက်ပိုင်း သူ့ကို လှည့်ကိုမကြည့်နိုင်ရှာပါ။ အိမ်ပေါ်က ဆင်းလာကာစကတော့ တစ်ခါ နှစ်ခါ လာခေါ်သေး၏။

နောက်ပိုင်းမလာတော့။ ကျောင်းဘယ်လိုတက်နေသလဲတောင်မမေး။ ပိုက်ဆံပေးဖို့ ဝေလာဝေး။

ဒေါ်လေးခမျာလည်း ယောက်ျားကို ကြောက်ရသည်။

ဒါပေမဲ့ သူလင်သူမယားကြား ဝင်ပါလို့မဖြစ်။ ဒီတော့ ဒေါ်လေးကိုလည်း သူ မျက်နှာလွှဲထားရသည်။





သူ့ခေါင်းထဲမှာ မိငယ်နဲ့ ကြီးကြီးမြပဲရှိသည်။ သူရေချိုးတိုင်း မိငယ် ဝယ်ပေးထားတဲ့ သွားရေဖိနပ်ကလေးကို အတပ်ထပ် ပွတ်တိုက်ဆေးရသည်။

ဒေါ်လေးနဲ့ နေတုန်းက သာသာယာယာ စီးရတဲ့ ကတ္တီပါဖိနပ်ထက် ဒီသားရေဖိနပ်ကလေးကို ပိုတန်ဖိုးထားမိသည်။ ဒီဖိနပ်ကလေး သူ့ကို ဝယ်ပေးတဲ့ မိငယ်က သစ်သားခုံဖိနပ်ကြမ်းကိုစီးပြီး အကြော့်ကြော့်နေရှာသည်လေ။

ပိုလျှံလို့ပေးလှူတာထက် မရှိတဲ့ကြားက မျှပေးတဲ့ တန်ဖိုးကို သူ ဘာနဲ့မှ မလဲနိုင်။

သူ့ကျောင်းလွယ်အိတ် ပြဲနေတာကို ကြီးကြီးမြ ချုပ်ပေးတုန်းကလည်း သူ ပီတိဖြာမိသည်။ အမေ့ရဲ့မေတ္တာကို ခံစားရလို့ပါ။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



သူစာမေးပွဲဖြေတဲ့ရက်မှာလည်း မိငယ်က နေ့တိုင်း ဘုန်းကြီးကျောင်းကိုလာသည်။ အကြော်မပါတဲ့ လက်ဖက်၊ ငါး ဆယ်တန်ကော်ဖီမစ်ထုပ်။ သူမတို့ခြံထဲက ဆီးပင်ကြီးကို လှုပ်ချပြီး အကောင်းအသန့် ဆီးသီးတွေချည်းရွေးကာ ငံပြာရည်၊ ငရုတ်သီးမှုန့်တို့နှင့်သုပ်ကာ ယူလာတတ်ပါသည်။

"မိငယ်ရယ် ... ဘာမှယူမလာနဲ့။ ငါက ကပ္ပိယကြီးနဲ့ နေတာ။ စားစရာ ပေါပါတယ်"

"အိပ်ချင်ပြေလေးတွေ ယူလာတာဟဲ့၊ နင် ဖြေနိုင်တယ်မို့လား"

"အေး ... အောင်မှာပါ"

"ပြီးရော ... ငါ ပြန်မယ်"





ဘာဘာညာညာ မဖွဲ့နွဲ့။ ပြောစရာရှိတာ ပြောပြီး ချက်ချင်းပြန်တတ်ပါ၏။ မိငယ်က နဂိုတည်းက စကားပြောပြတ်ကာ အပိုသိပ်မပြောပါ။ သူမစကားချိုတာ ဈေးရောင်းသည့် တစ်ချိန်ပါပဲ။

သူ စာမေးပွဲဖြေတဲ့ရက် ဒေါ်လေးတောင် ရောက်မလာပါ။ သူ စာမေးပွဲဖြေနေတာတောင် သိရဲ့လားမသိ။ ဒါမှမဟုတ် သူမယောက်ျားကို ကြောက်လို့ပဲ မလာတာလား မသိပါ။

ကပ္ပိယကြီးနဲ့ မိငယ်တို့ အားပေးမှုကြောင့် စာမေးပွဲကို ချောမောစွာ ဖြေနိုင်ခဲ့ပါသည်။

စာမေးပွဲဖြေပြီးတာနဲ့ သူ ရှာအဲလုပ် လိုက်လုပ်သည်။

ဒါပေမဲ့ သူက ကျောင်းသား။ ကြုံရာကျပန်းလုပ်ချင်ပေမယ့် စိတ်ပဲရှိသည်။ သူ မလုပ်တတ်တာနဲ့၊ မလုပ်နိုင်တာနဲ့။ သူ့ကို အလုပ်ရှင်တွေကလည်း မကြိုက်ကြပါ။ ဘာမှ ထိထိရောက်ရောက် မလုပ်တတ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရွာမှာက တောင်ယာအလုပ်ပဲ ရှိတာလေ။ ထင်းခုတ်၊ ဝါးခုတ်၊ တောင်ယာစိုက်ပျိုး ဒါပဲရှိတော့ သူက ဝါးတစ်လုံးတောင် ဖြောင့်အောင်မခုတ်တတ်။ ဒေါ်လေးက ငွေတိုးပေးစားတာလေ။ ဒေါ်လေးနဲ့နေတဲ့သူက ရွာမှာနေပေမယ့် ရွာအလုပ်ကို ဘာမှကိုမလုပ်တတ်ပါ။

သူတို့ရွာမှာက မွေးမြူရေးတောင် တစ်ပိုင်တစ်နိုင်မွေးမြူကြတာဆိုတော့ အလုပ်သမားမလို။ အထမ်းအပိုးကျတော့လည်း ငွေ့တို့က ပျော့သေးသည်၊ တစ်ခါ ဆန်အိတ်ထမ်းလိုက်ပါတယ်။ အုံးလွဲသွားလို့ မထမ်းရဲတော့။

✤ ○ ✤





ငွေ့ပုံစံက ဘဝပေးက သူဌေးသား။ ဘဝမှန်က ဆင်းရဲသား ဖြစ်နေသည်။

"မိငယ်ရာ … ငါ အကြော်ကူရောင်းရမလား။ နင့်ဆီမှာ ဆေးလိပ်လိပ်တာ သင်ရမလား မသိတော့ပါဘူး"

"အေး … နင်နဲ့ ရွာအလုပ်တွေနဲ့တော့ မကိုက်သေးပါဘူးဟယ်။ နင် မြို့ပေါ်တက်ပြီး အလုပ်ရှာပါလား"

"ဆယ်တန်းမအောင်သေးဘဲ သွားလုပ်တော့လည်း ဘာရမှာလဲဟာ။ ငါ ရွာကစာကြည့်တိုက်မှာ သတင်းစာသွားဖတ်တုန်းက စားပွဲထိုးတောင် ဘွဲ့ရပဲခေါ်တာ"

"တကယ်"

"အေးပါဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဒါဆို ဘာလို့ ဘွဲ့ရအောင်ယူတော့မလဲဟယ်၊ ဘွဲ့ရတာတောင် စားပွဲထိုးဆိုတော့"

"အဲဒါကြောင့် ငါ ကျောင်းဆက်မတက်ချင်တာပေါ့။ ဘွဲ့ရတာတောင် ကွန်ပျူတာတို့ စကားပြောတို့တတ်မှ အလုပ်ကောင်းကောင်းရတာ။ ငါက သင်တန်းတက်ဖို့ မပြောနဲ့ ဘွဲ့ယူဖို့တောင် မရေရာတာ ... ဟား ဟား"

"ဒါဆိုရင် ငါတို့ဆင်းရဲသားတွေမှာ ထွက်ပေါက် မရှိတော့ဘူးပေါ့နော်"

"ငါ နိုင်ငံခြား သွားလုပ်ချင်တယ်ဟာ"

"သေချာစဉ်းစားပြီးမှပြောနော်။ နိုင်ငံခြားမှာလည်း ပင်ပန်းတာပဲဟဲ့။ နင် ဒီမှာတောင် ခွန်နဲ့အားနဲ့ မလုပ်နိုင်တာ ထွေ့ရှုရယ်",

"ဘာပဲဖြစ်ဖြစ်ဟာ ပိုက်ဆံများများရမယ် ဆိုရင်တော့ အားတင်းပြီး လုပ်ရမှာပေါ့။ ဒီမှာက ခွန်အားနဲ့လုပ်ရပြီး ရတော့ တစ်ရက်အသုံးစရိတ်ပဲ။ မလုပ်နိုင်တဲ့နေ့ ငတ်ရမဲ့





အဖြစ်။ ပိုလျှံတာ စုဆောင်းဖို့တော့ ဝေလာဝေး။ အဲဒါကြောင့် အကုန်နိုင်ငံခြားထွက်ကုန်ကြတာ။ ဟိုမှာ ဘယ်လောက် ပင်ပန်း ပင်ပန်း ထိုက်ထိုက်တန်တန်ရတော့ ပင်ပန်းရကျိုးနပ်တယ်ဟ"

"နင် တော်တော်စိတ်အားထက်သန်နေတာပဲ။ ဆယ်တန်းအောင်စာရင်း ထွက်တဲ့အထိတော့ စောင့်လိုက်ပါဦးဟာ။ အောင်စာရင်းထွက်ရင် နင့်ဆန္ဒအတိုင်း နိုင်ငံခြားထွက်နိုင်အောင် ကြိုးစားကြတာပေါ့"

"ပြောသာ ပြောတာပါဟာ။ နိုင်ငံခြားမှာ သွားအလုပ်လုပ်ဖို့ကလည်း လွယ်တာမှမဟုတ်တာ။ မလေးရှားသွားရင် ဆယ်သိန်းနီးပါးကုန်မယ်။ ထိုင်းမှာသွားလုပ်ချင်ရင်လည်း သုံးလေးသိန်းကုန်မှာ။ ငါ့မှာနေစရာမရှိလို့တောင် ဘုန်းကြီးကျောင်း ကပ်နေရတာ ... ဟား ဟား။ မရှိလိုက်ပုံမှာ သူများနိုင်ငံသွား ကျွန်ခံဖို့တောင် စရိတ်မရှိဘူး"

"နင် သွားချင်ရင် ငါ ရအောင် ရှာပေးမှာပေါ့ ထွေ့ရှုရယ်"

www.burmeseclassic.com



"နင်လည်း ငါ့အတွက် ခေါင်းစားမနေနဲ့။ ထမင်းတော့ တော်မသေဘူး။ လောလောဆယ် ငါ ချောင်းထဲငါးသွားမျှား လိုက်ဦးမယ်"

"လုပ်မနေပါနဲ့ဟာ။ ရတာလည်း မဟုတ်ဘူး။ မမျှားတတ်ဘဲ သွားထိုင်။ နေပူမိတာပဲ အဖတ်တင်တယ်"

"မျှားရင်း မျှားရင်း မျှားတတ်သွားမှာပေါ့၊ ဘယ်သူမှ မွေးကတည်းက မတတ်ဘူး။ ဒီလိုပဲ အလုပ်က သင်လိမ့်မယ်"

"တားမရလည်းသွား"

"မီးမွေးထားလိုက်"

"ဝေးသေး"

ထွေန့် ပြုံးစိစိနဲ့ ထွက်သွား၏။ မိငယ်ကတော့ ထွေန့် နိုင်ငံခြားသွားဖို့ ပိုက်ဆံဘယ်လိုရှာပေးရမလဲလို့ စဉ်းစားနေမိသည်။

✤ ○ ✤





ထွေန့်အဒေါ်က ငွေတိုးချေးစားသူ ဆိုတော့ ထွေန့် အဒေါ်ဆီက ချေးရင်တော့ ရမှာပဲဟု တွေးမိသည်။

အဒေါ်ရင်း တူရင်းပဲ။ ချေးမှာပါဟု တွေးမိသည်။ ထွေန့်ကို ငယ်စဉ်တည်းက မွေးစားခဲ့တဲ့ အဒေါ်ရင်းပဲ။ သူ့မလက်ပေါ်မှာ ကြီးလာခဲ့တဲ့ ထွေန့်ကို ယောက်ျားကြောင့် ဥပေက္ခာပြု ထားရတာလေ။

မိငယ် အကြော်ရောင်းရင်း ထွေန့်အဒေါ် ခြံဘက်ကို စနည်းနာထွက်ခဲ့သည်။ သို့သော် အဒေါ်ယောက်ျားက မိငယ်ကို မြင်ကတည်းက မျက်လုံးပြူးကြီးနှင့် ...

"ဟိုကောင်မလေး ထွေန့် လွှတ်လိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ကျွန်မဘာသာ အကြော်လာရောင်းတာပါ"

"အေး … ကြိုပြောထားမယ်နော်။ ရှုပ်ရှုပ်ယှက်ယှက်တော့ လာမလုပ်နဲ့နော်။ ငွေ့အတွက် ဘာမှတာဝန်မယူနိုင်ဘူး။ သူ့အဒေါ်ကိုလည်း လာအပူမကပ်နဲ့။ ဟိုမိန်းမလည်း တူကိုကျိတ်ပေးလို့ကတော့ ငါသိရင် မလွယ်ဘူးနော်"

"ကျုပ်က ဘယ်တုန်းက ဘာများပေးနေလို့လဲ။ ဟိုမှာ ဘုန်းကြီးကျောင်း ကပ်နေပြီး သူများကျွေးတာ ကပ်စားနေရရှာတာ"

"သူ့ဘာသာ ဘယ်လိုစားစား။ ဒီအရွယ်ရောက်နေပြီ ရေသာခို အချောင်လိုက်ပြီး ဘုန်းကြီးကျောင်း ကပ်စားနေတယ်"

"သူက ကျောင်းသားလေ။ အစကတည်းက ဘာမှလုပ်ခဲ့ရတာမှ မဟုတ်တာ။ သူ ဘာလုပ်တတ်မှာတုန်း"

"အဲဒီတော့ မင်းက မင်းတူအတွက် ဝမ်းနည်းနေတာလား"





မိငယ်လည်း မြန်မြန်ထလစ်လာခဲ့ရတော့သည်။

ဒီပုံအတိုင်းဆို ငွေ့အဒေါ်ဆီက အကူအညီရဖို့ လမ်းမမြင်ပါ။

အဒေါ်ယောက်ျားက မိန်းမလို မိန်းမရ ဆန်ပါသည်။ အတွင်းစိတ်ပုပ်သော ယောက်ျားမျိုးဖြစ်သည်။

အဒေါ်ဖြစ်သူကလည်း ယောက်ျားကို ကြောက်ရသည်။

မိငယ်တို့မှာလည်း လက်လှုပ်မှ ပါးစပ်လှုပ်ရတာ။ ကျန်းမာရေးမကောင်းလို့ လက်မလှုပ်နိုင်ရင် ကြွေးတိုကြွေးစပေတော့ပြီ။

မိငယ်တို့လို လက်လုပ်လက်စားသမားတွေကိုလည်း ဘယ်သူကမှ ပိုက်ဆံလေးငါးသိန်း မယုံကြပါ။ အတိုးပေးမယ်ဆိုရင်တောင် ချေးပေးမယ့်သူ မရှိပါ။

မိငယ်တို့သားအမိမှာ ပိုင်ဆိုင်တာဲဟူ၍ အမေဝတ်ထားတဲ့ နားကပ်လေးတစ်ရန်နဲ့ အိမ်နဲ့ ခြံကိုင်းလေးပဲ ပိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိငယ်နားပေါက်မှာတောင် နားကပ်မရှိ။ အဝတ်ကလေးကို ခပ်ကျစ်ကျစ်လိပ်ပြီး နားမှာတပ်ထားသည်။ နားပေါက်မပိတ်အောင်ပါ။

အမေကတော့ အဖေပေးထားတဲ့ မဂ်လာဦးနားကပ်လေးကို မိငယ်ကို ပေးပါသည်။ ဒါပေမဲ့ မိငယ်က မယူရက်။ အဖေမရှိတော့တဲ့ဘဝမှာ ဒီနားကပ်လေးက အမေ့အတွက် တန်ဖိုးအရှိဆုံး အဖေ့ကိုယ်ပွားလေးနေမှာပါ။

ဒါကြောင့် မိငယ် အမေ ပေးတာတောင် မဝတ်ရက်တာပါ။

မိငယ်တို့မှာ ဘယ်လိုအခက်အခဲပဲရှိရှိ အမေ့နားကပ်လေးကိုတော့ မထိခဲ့ကြ။

အိမ်ဝိုင်းကိုတော့ ပေါင်ခဲ့ဖူးသေး၏။ ဒါပေမဲ့ ငွေနည်းနည်းနဲ့ပဲ ပေါင်ခဲ့ဖူးတာမို့ မကြာခင်ပဲ ပြန်ရွေးနိုင်ခဲ့ပါသည်။

ခုလည်း ...





တကယ်လို့သာ ထွေ့အတွက် ငွေလိုရင် ဒီဝိုင်းလေးပဲ မျက်စောင်းထိုးရမည်။

သူမ ထွေ့ကို ဘာလို့များ ဖြည့်ဆည်းပေးချင်နေပါလိမ့်နော်။

✤ ○ ✤

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(၀)၊ ဖေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွေဋ္ဌ ဆယ်တန်းအောင်စာရင်း ထွက်တဲ့နေ့က ထွေဋ္ဌထက်ပို၍ ရင်ခုန်နေတာ မိငယ်ပါ။ ထွေဋ္ဌက အောင်စာရင်းတောင် သွားမကြည့်။ မိငယ်တို့ရွာမှာ အထက်တန်းကျောင်းမရှိ၍ တစ်ဖက်ရွာမှာရှိတဲ့ အထက်တန်းကျောင်းခွဲမှာ သွားတက်ရပြီး စာမေးပွဲဖြေတော့ မြို့ပေါ်က အထက်တန်းကျောင်းကြီးမှာ သွားဖြေရသည်။

အောင်စာရင်းထွက်တော့လည်း မြို့ပေါ်ကကျောင်းမှာ သွားကြည့်ရသည်။

ထွေဋ္ဌက အောင်စာရင်းတောင် သွားမကြည့်၊ မိငယ်က သွားကြည့်ရသည်။ ထွေဋ္ဌက ပထမတော့ အေးစက်စက်နဲ့ တကယ်အောင်စာရင်းထွက်တော ရင်တုန်ကာ သွားမကြည့်ရဲတော့။ မိငယ်ကို သွားကြည့်ခိုင်းသည်။





ထွေဋ္ဌ စာမေးပွဲအောင်ပါသည်။ ဂုဏ်ထူးဘာညာ မပါပေမယ့် အောင်ပါသည်။

မိငယ်ဆို မသေချာမှာစိုး၍ နှစ်ခါ သုံးခါ ပြန်ကြည့်သည်။ သူများတွေကိုလည်း မေး၏။ ဆယ်တန်းအောင်စာရင်းဆိုတာ တစ်ခါမှ မကြည့်ဘူးတာ။ မှားမှာစိုး၍ ကျောင်းက ဆရာမတွေကိုလည်း သေချာသွားမေးရသေးသည်။

သေချာသွားတော့မှ မိငယ် ထခုန်တာ။ မြို့ကနေ ရွာကို စက်ဘီးစီးပြန်ရတာ၊ မိငယ် ရွာကို ဘယ်လိုပြန်ရောက်လာမှန်းမသိ။

ဘုန်းကြီးကျောင်းပေါက်ဝမှာ ထွေဋ္ဌကလည်း မိငယ်ကို ထွက်မျှော်နေသည်။

"မိငယ် ... ငါ အောင်လား"

"အေး ... အောင်တယ်၊ နင် အောင်တယ် ထွေဋ္ဌရဲ့၊ နင် ဆယ်တန်းအောင်ပြီဟဲ့"

"ဟား"



www.burmeseclassic.com

www.burmeseclassic.com



ထွေဋ္ဌ တစ်ယောက် ကျောင်းပေါက်ဝမှာ ကျွမ်းထွေ ထိုးတော့သည်။ ကပ္ပိယကြီးကလည်း ပြေးထွက်လာကာ ဝမ်းသာအားရ။

ဆရာတော်တောင် ...

"ဟဲ့ ... ကျောင်းဝမှာ ဘာဖြစ်နေကြတာလဲ။ သွားကြည့်စမ်း"

ကျောင်းသားလေးတစ်ယောက် ပြေးလာပြီး ဆရာတော်ဆီ ပြန်ပြေးကာ လျှောက်၏။

"ကိုကြီးထွေဋ္ဌ စာမေးပွဲအောင်လို့တဲ့ ဘုရား"

"ဟေ ... ထွေဋ္ဌကို ငါ့ဆီလာခဲ့လို့ သွားခေါ်စမ်းကွာ"

"တင်ပါ့ဘုရား"

ထွေဋ္ဌနှင့်အတူ ကပ္ပိယကြီးရော မိငယ်ပါ ပါလာ၏။

"မင်း ဆယ်တန်းအောင်တယ်ဆို ထွေဋ္ဌ"

"တင်ပါ့ ဘုရား"





"အိမ်း ... ဝမ်းသာသကွာ။ ဒါနဲ့ မင်း ဘာလုပ်မယ် စိတ်ကူးလဲကွ"

"တပည့်တော် နိုင်ငံခြားမှာ အလုပ်သွားလုပ်ချင်တယ် ဘုရား"

"ဟေ"

"မှန်ပါ့ ဘုရား။ တပည့်တော်မှာ ကျောင်းဆက်တက်ဖို့လည်း အင်အားမရှိဘူး ဘုရား။ ကျောင်းတက်ပြီး ဘွဲ့ရလို့လည်း အလုပ်ကောင်းရဖို့က မလွယ်ပါဘူး ဘုရား။ တပည့်တော် သတင်းစာထဲ ဖတ်ရတာတော့ ဆယ်တန်းအောင် ဘွဲ့ရတွေအတွက် ကွန်ပျူတာမှမတတ်ရင် စားပွဲထိုးနဲ့ ခြံစောင့်ရုံပဲ ဘုရား"

"ဟေ ... ဟုတ်ရဲ့လားဟဲ့"

"အမှန်ပါ ဘုရား။ အရင်ကဆို ဘွဲ့ရရင် ကိုယ့်ရပ်ကိုယ့်ရွာမှာ ကျောင်းဆရာ ပြန်လုပ်လို့ ရသေးတယ်။ ခုကျတော့ ပညာရေးကောလိပ်ဆင်းတဲ့သူကိုပဲ ခန့်တော့ ရွာမှာလည်း ဘွဲ့သေးထိုင်ပဲ ဖြစ်နေမှာ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... မင်းဟာက မဟုတ်သေးပါဘူးကွယ်"

"တင်ပါ့ ဘုရား။ ဘွဲ့ရပညာတတ်ဆိုတာ ပိုက်ဆံတတ်နိုင်သူတွေရဲ့ နောက်မြီးပါ ဘုရား။ ပိုက်ဆံအကုန်ခံပြီး သင်တန်းတွေ ထပ်တက်နိုင်မှ တတ်ထားတဲ့ပညာနဲ့ အသက်မွေးဝမ်းကျောင်း ပြုနိုင်မှာပါ ဘုရား"

"ဟော ... တယ်ဆိုးပါလားကွယ်။ မင်း နိုင်ငံခြားသွားတော့ရော"

"နိုင်ငံခြားသွားဖို့က အေဘီစီဒီ သိရုံလောက်နဲ့ တစ်လ သုံးလေးသိန်းတော့ ပြန်ပို့နိုင်ရယ် ဘုရား"

"ဒကာလေးမှာ ပြန်ပို့စရာမှ မရှိဘဲကွာ။ သွားဖို့လိုလို့လား"

"တပည့်တော် မိငယ်ကို ပြန်ပို့မှာပါ ဘုရား"

"ဩော်"

"တင်ပါ့ ဘုရား။ မိငယ်က အကြော်ရောင်း၊ ဆေးလိပ်လိပ်ပြီး တပည့်တော်ကို ကျောင်းစရိတ်ထောက်ခဲ့တာပါ ဘုရား။ မိငယ်တို့သားအမိကို လုပ်ကျွေးချင်လို့ပါ ဘုရား"





"အေး ... ကျေးဇူးသိတတ်တာကလည်း မင်္ဂလာတစ်ပါးပဲပေါ့။ ဒါနဲ့ နိုင်ငံခြားသွားရင် ပိုက်ဆံကုန်တယ်ဆို"

"တင်ပါ့ ဘုရား၊ လောလောဆယ်တော့ တပည့်တော်သွားဖို့ ပိုက်ဆံအရင်ရှာရမှာ ဘုရား"

"အင်း ... လောကီပူထဲ ဝဲဂယက် လည်ချင်တုန်းပဲကိုး။ ဒကာလေး ကျောင်းဆက်တက်ချင်ရင်တော့ ဘုန်းကြီးက ထားပေးမလို့"

"မတက်တော့ပါဘူး ဘုရား"

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



မိငယ်တို့သားအမိက ငထွင့်ကို ကျောင်းဆက်တက်စေချင်သည်၊ ဆရာတော်က ထားပေးမယ် ပြောသည်လေ။

ထားပေးမယ့်သူ ရှိရက်နဲ့ ကျောင်းဆက်မတက်တာမျိုး မဖြစ်စေချင်။

ကပ္ပိယကြီးကလည်း တိုက်တွန်းသည်။ သို့သော် ငထွင့်က ခေါင်းမာသည်။

နိုင်ငံခြားပဲ သွားချင်နေသည်။

နိုင်ငံခြားသွားဖို့အတွက် ရရာအလုပ် လုပ်ရင်း ပိုက်ဆံရှာနေသည်။

ဒါပေမဲ့ သူရတဲ့ တစ်နေ့နှစ်ထောင်လောက်နဲ့ သူ နိုင်ငံခြားသွားဖို့ ဘယ်လိုစုနိုင်မှာလဲ။





သူ့အခေါ်ဆိုလည်း သူ သွားမပြောချင်။ မရှိရင် သူစိမ်းဆီမှာပဲ အောက်ကျခံမည်။

ယောကျ်ားကိုကြောက်ပြီး သူ့ကိုပစ်ထားတဲ့ အခေါ်ကို သူ အကူအညီ မတောင်းချင်။

တကယ်တော့ နိုင်ငံခြားရောက်ပြီး ဟိုမှာတစ်လတောင် အလုပ်လုပ်ပြီးတာနဲ့ ပိုက်ဆံပြန်ဆပ်နိုင်မှာပါ။ ဒါပေမဲ့ သူလိုအခြေအမြစ်မရှိတဲ့ သူမျိုးကို ပိုက်ဆံထုတ်ချေးမယ့်သူ မရှိပါ။

နောက်ဆုံး မိငယ်က မနေသာဘဲ ခြံဝိုင်းလေးကို ပေါင်နှံပေးဖို့ စဉ်းစားရသည်။ ပေါင်ရမယ်ဆိုတော့လည်း တခြားသူဆီမှာ မဟုတ်။ ငထွင့်အခေါ်ဆီမှာပဲ ပေါင်ရမှာပင်။ ရွာမှာ ငွေတိုးနဲ့ထုတ်ပေးနိုင်တာဆိုလို့ ငထွင့်အခေါ်ပဲ ရှိတာလေ။

ငထွင့်နဲ့ အမေ့ကိုပါ တိုင်ပင်ပြီး ခြံဝိုင်းပေါင်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

အမေ့ကို အရင်တိုင်ပင်ရသည်။ အမေတော့ လူကြီးပီပီ ပွပန်စိတ်ဖြင့် ...

www.burmeseclassic.com



"သမီးရယ် ... ကြည့်လည်းလုပ်ဦးအေ့။ သူက ခပ်ပျော့ပျော့ရယ်။ ဟိုရောက်သွားပြီး မလုပ်နိုင်မှ အမေတို့ဝိုင်းလေး သူ့အခေါ်ဆီမှာ ဆုံးနေပါဦးမယ်လေ"

"သူ့ကို သေချာမေးပြီးမှ လုပ်ပေးရင်ရော အမေ"

"သမီးက လုပ်ပေးချင်ရင်တော့ အမေ မတားပါဘူး။ ဒါပေမဲ့ သူ့ကိုတော့ သေချာမေးကြည့်ဦး"

"ဟုတ်ကဲ့ အမေ"

ထွေဋ္ဌ်ကို ပြောပြတော့ ထွေဋ္ဌ်က ...

"နင်တို့ခြံကို ပေါင်ပေးတာတော့ ကျေးဇူးတင်ပါတယ် မိငယ်ရာ။ ဒါပေမဲ့ ငါ့အခေါ်ဆီမှာ ငါ့အတွက် ပေါင်ပေးတာကျတော့ သဘာဝမကျဘူးဟ"

"မကျလည်း နင့်အခေါ်ဆီကလွဲရင် တခြားပေါင်စရာလူမှ မရှိတာဟဲ့"

"ငါ စဉ်းစားဦးမယ်ဟာ"

"အေး ... စဉ်းစားပေါ့။ နင် သွားချင်ရင်တော့ ဒီတစ်နည်းပဲ ရှိတယ်"





"ငါ အားနာတယ်ဟာ"

"အဲဒါဆို ဆရာတော်ကျောင်းထားပေးတာကို နင် လက်ခံလိုက်"

"ဟင့်အင်း ... ငါ ကျောင်းတော့ ဆက်မတက်ဘူး"

မိငယ်က ထွေဋ္ဌ်ကို ဘာမှမတိုက်တွန်းဘဲ စောင့်ကြည့်နေလိုက်သည်။

အမေကလည်း ဘာမှမပြော။ အမေသည် သမီးဖြစ်သူရဲ့ရင်ထဲကို မြင်နေသည်။ သမီးရင်ထဲမှာ ထွေဋ္ဌ်အတွက် စေတနာတွေနဲ့ ပြည့်လျှံနေပါသည်။

အကြော်ရောင်း၊ ဆေးလိပ်၊လိပ်တဲ့ထဲက ထောက်ပံ့ခဲ့ရုံတင် မကဘူး။ တစ်ခုတည်းသော ပိုင်ဆိုင်မှုဖြစ်သည့် ခြံဝိုင်းလေးကိုပင် ပေါင်ပေးချင်နေသည့် မိငယ်ရဲ့ ရင်ထဲကို မွေးထားတဲ့ အမေက လှမ်းမြင်နေရပါသည်။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး"

"ဟော … မိငယ်၊ လာလေ"

ဒေါ်လေးယောက်ျား မရှိ၍ တော်သေး၏။

"ဒေါ်လေး"

"ပြော မိငယ်၊ ထွေ့ရှ်အကြောင်း ပြောမလို့လား"

"မဟုတ်ပါဘူး ဒေါ်လေး။ ထွေ့ရှ်ကိစ္စပဲမယ့် ဒေါ်လေးကို ပြောမှာက မိငယ်တို့ကိစ္စပါ"

"ဘာများလဲ မိငယ်ရယ်။ နင့်ဦးလေး မလာခင် မြန်မြန် ပြောစမ်းပါ"

"ဒီ … ဒီလိုပါ ဒေါ်လေး၊ မိငယ်တို့ အိမ်ဝိုင်းလေး ပေါင် … ပေါင်ချင်လို့ပါ"





"ဟင် … ဘာဖြစ်လို့လဲ၊ ဘာလို့ပေါင်မှာလဲ"

"တကယ်တော့ ထွေ့ရှ် ထိုင်းကို အလုပ်သွားလုပ်ဖို့အတွက် စရိတ်မရှိလို့ပါ ဒေါ်လေး။ သူ့ကို စရိတ်ပေးဖို့"

"ထွေ့ရှ် ထိုင်းသွားဖို့"

"ဟုတ်ကဲ့"

"ဘယ်လောက် လိုလို့လဲ"

"ငါးသိန်းလောက်ပါ ဒေါ်လေး"

"အဲလောက်ဆိုရင်တော့ ဒေါ်လေးယောက်ျားကို မပြောဘဲ ပေးလို့မရဘူး။ နည်းနည်းပါးပါး ဆိုရင်တော့ ဒေါ်လေး ကျိတ်စုထားတာလေးနဲ့ ကူညီလိုက်ချင်ပါတယ်"

"ဒေါ်လေးရယ် … ဒေါ်လေးတို့လင်မယား ရန်ဖြစ်မခံပါနဲ့၊ မိငယ်ပဲ ထွေ့ရှ် ကိစ္စကို ဖြေရှင်းပေးမယ်။ ဒေါ်လေး ကသာ ခြံလေးကို အပေါင်ခံပေးပါနော်"

"အေး … အဲဒါတော့ ဒေါ်လေး ဖြစ်အောင်ကူညီမယ်။ တကယ်ဆို ဒေါ်လေးတူကိစ္စအတွက် ခြံကိုအပေါင်ပေးရည်း



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် မယူချင်ပါဘူး။ ဒါပေမဲ့ ဒေါ်လေးအနေအထားက လည်း မိငယ် သိတဲ့အတိုင်းပဲ"

"ရပါတယ် ဒေါ်လေးရယ်။ ခြံကိုအပေါင်ခံပေးတာကိုပဲ ကျေးဇူးတင်ပါတယ်။ ဒါဆို မိငယ် တစ်ခါတည်း ယူသွား လို့ ရမလား ဒေါ်လေး"

"လောလောဆယ်တော့ မရသေးဘူး။ ညည်းဦးလေး ပြန် လာမှ အကျိုးအကြောင်းပြောပြီး ပေးရမှာ"

"ဟုတ်ကဲ့"

"ညနေစောင်းလောက် လာယူလိုက်"

"ဟုတ်ကဲ့ ဒေါ်လေး"

ပြန်သွားသော မိငယ်နောက်ကျောကို ကြည့်ကာ ဒေါ်လေး ရင်ထဲမှာ မကောင်းပါ။ ဒါပေမဲ့ သူမ ဘာမှမတတ် နိုင်ပါ။

♣ ○ ♣





ခင်ပွန်းဖြစ်သူ ပြန်လာတော့ မိငယ် လာသွားသည့် ကိစ္စ ပြောပြရသည်။

"မင်းတူအတွက် မိငယ်က ဒီလောက်တောင် လုပ်ပေးတယ်။ ဟုတ်ရဲ့လားကွာ။ မင်း တစ်ဖက်လှည့်နဲ့ စီစဉ်တာလား"

"ထင်ရာ စွတ်ပြောမနေနဲ့။ မိငယ်က တကယ် ခြံလာပေါင် တာ"

"ပြီးရောလေ ... ပစ္စည်းပေါင်က သိတဲ့အတိုင်းပဲနော်။ လေးလအတိုးအရင်း ဘာမှမလာရင် သိမ်းမှာ။ အဲဒါကို ရှာလူကြီးတွေနဲ့ သက်သေထားပြီး စာချုပ်ချုပ်နိုင်ရင်တော့ ချေးပေါ့ကွာ။ အတိုးစားရတာပေါ့ ... ဟား ဟား"

"ဒါက ကျုပ်တူကိစ္စလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... နင့်တူ့မကလို့ ဘာပဲဖြစ်ဖြစ် ငါ နားမလည်ဘူး၊ စီးပွားရေးက စီးပွားရေးပဲ"

"ရှင် ကျုပ်တူကို တော်တော်မသဒ္ဓါတာပဲ။ တကယ်ဆို ကျုပ်တို့မယူခင်ကတည်းက ကျုပ်မှာ စီးပွားရှိပြီးသား။ ကျုပ်တူကို ဒီလောက်ပေးလိုက်တော့လည်း ဘာဖြစ်မှာလဲ။ မပေးနိုင်ရင်တောင် အပေါင်ပစ္စည်းမယူဘဲ အတိုးမဲ့ချေးပေးသင့်တယ်"

"နင့်တူကို ဒီလောက် ချစ်နေရင် ဘာလို့ယောကျ်ားယူသလဲ။ အခု ကိုယ့်လင် ကိုယ့်သားကို အရေးမစိုက်ဘဲ တူကို အလွမ်းသည်နေတာလား။ နင်ပါတဲ့ စီးပွားက နင်နဲ့ ငါ တစ်ဝက်စီ ပိုင်သွားပြီ။ အဲဒီ ငါတို့ပိုင်တာတွေက ငါတို့သားသမီးရင်းချာအတွက်ပဲ ဖြစ်ရမယ်။ နင့်ဝမ်းမနာသားကိစ္စ လာမပြောနဲ့"

"ဘယ်ပြောမလဲ။ ရှင်က ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက် ဆိုတော့ ကျုပ်ဘက်က တူတစ်ယောက်ကို မကြည်ဖြူနေတာ"





"ဟာ ... ဒီမိန်းမ ... ကဲဟာ ... ကဲ ... အဲဒါ ငါ့ကိုပြောဦး"

ထုံးစံအတိုင်းပါပဲ။ စကားနဲ့ပြောနေရင်းက ဒေါ်လေးရဲ့ယောကျ်ားက ဒေါ်လေးကို ကန်ကျောက်ရိုက်နှက်ပါတော့သည်။

အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင်ချစ်တယ် ဆိုတဲ့ စကားကို လုံးဝ လုံးဝ လက်မခံပါ။ သောက်စားမူးရူးပြီး ရိုက်နှက်တာခံရတဲ့ မိန်းမကို လင်ဆိုးမယား တဖားဖားတဲ့။

ဒေါ်လေးယောကျ်ားလို မသောက်မစား မမူးရူးဘဲ သိစိတ်ရှိရက်နဲ့ စိတ်ပုပ်ပြီး ယုတ်မာတာမျိုးကိုကျတော့ ဘယ်လို သတ်မှတ်ရမလဲ။ မမူးဘဲ ရိုက်နှက်တာက ပိုနာပါ၏။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



မိငယ်တို့သားအမိ ရောက်လာချိန်မှာတော့ ဒေါ်လေး မျက်နှာမှာ အညိုအမည်းတွေနဲ့ပါ။ ဒေါ်လေးယောက်ျားက ရပ်ရွာ လူကြီးတွေကို သက်သေလက်မှတ်ထိုးဖို့ မျက်နှာပြောင်စွာနဲ့ပဲ သွားခေါ်သည်။

“ဒေါ်လေး အဆင်ရော ပြေရဲ့လား”

“ပြေပါတယ်အေ။ ညည်းခြံကို အတိုးနဲ့အပေါင်ခံရတာကိုပဲ စိတ်မကောင်းတာ”

“ရပါတယ် ဒေါ်လေးရယ်။ ကျွန်မတို့ကို ထည့်မတွက်နဲ့ ဒေါ်လေးတို့အိမ်ထောင်ရေးပဲ အဆင်ပြေအောင်နေပါ”

ငထွန်း နိုင်ငံခြားသွားဖို့ မိငယ်တို့ခြံကို ဒေါ်လေးထံတွင် ပေါင်မှန်းသိတော့ သက်သေလုပ်ဖို့ လိုက်လာသည့် လူကြီး





တွေတောင် အံ့ဩကုန်သည်။ ပိုဆိုးတာက ဒေါ်လေးမျက်နှာမှာ အညိုအမည်းစွဲလို့။

ဒေါ်လေးယောက်ျားကတော့ ...

“နင်တို့ လေးလအတွင်း အတိုးမသတ်နိုင်ရင် အဆုံးဆိုတာ သိတယ်နော်။ အတိုးရော အရင်းပါ မြန်မြန်ဆပ်။ မဆပ်နိုင်ရင်တော့ ငါက အားနာနေမှာ မဟုတ်ဘူး။ ခြံကိုသိမ်းမှာ”

ရွာလူကြီးတွေလည်း ဒေါ်လေးယောက်ျားကို အမြင်ကတ်ကုန်ကြသည်။ ဒေါ်လေးက အိမ်ထဲဝင်သွားသည်။ အမေနဲ့ မိငယ်လည်း ပိုက်ဆံငါးသိန်းယူပြီး ထပြန်လာခဲ့လိုက်သည်။

ထိုသတင်းက တစ်ရွာလုံးသို့ ပျံ့နှံ့သွား၏။ ဒေါ်လေး ခမျာလည်း စိတ်ဆင်းရဲရှာမှာပါ။

ငထွန်းက ...

“စိတ်ချ မိငယ်။ ငါ ဟိုရောက်တာနဲ့ ပိုက်ဆံချက်ချင်းပို့မှာ”



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကပ္ပိယကြီးနဲ့ ရပ်မိရပ်ဖတွေ တိုင်ပင်ကြပြီး ထွေဋ္ဌ်ကို ခေါ်တွေ့သည်။

"ထွေဋ္ဌ် ... မင်းကို ပြောစရာရှိလို့ ဘကြီးတို့ ခေါ်လိုက်တာ"

"ဟုတ်ကဲ့ပါ ဘကြီး"

"အေး ... မင်းအဒေါ်တောင် မချေးနိုင်တဲ့ ပိုက်ဆံကို မိငယ်က ခြံနဲ့အိမ်ပေါင်ပေးတယ်။ တကယ်လို့သာ မင်းတစ်ခုခု ဖောက်သွားရင် မိငယ်တို့သားအမိတော့ ဘဝပျက်ပြီ"

"ကျွန်တော် သူတို့ကို ပိုက်ဆံအမြန်ဆုံး ပြန်ပို့မှာပါ ဘကြီး"

"အေး ... ဒါက မင်း ခုနေပြောတဲ့ စကားလေကွာ။ နောက်မှ ဘယ်လိုအကြောင်း ပေါ်လာမလဲဆိုတာ မမှန်းနိုင်သေးဘူးလေ"

ဘကြီးက ကွမ်းတစ်ပျစ် ထွေးလိုက်ပြီးမှ ...





"ဘကြီးတို့ သဘောကတော့ကွယ် မင်းတို့လူငယ်တွေ လက်ခံနိုင်ရင် မင်းနဲ့ မိငယ်ကို နေရာချပေးချင်တယ်။ ဒါက အလုပ်သင့်ဆုံးလို့ ဘကြီး ထင်တယ်။ ဒါ မင်းကို အရင်ခေါ်ပြောတာ။ မင်းသဘောတူရင် မိငယ်ကို ဘကြီးတို့ ကြောင်းလမ်းပေးမယ်"

ထွေဋ္ဌ် ဘာပြောရမှန်း မသိပါ။ သူ မိငယ်ကိုခင်ပါသည်။ သံယောဇဉ်လည်း ရှိပါ၏။ ဒါပေမဲ့ မိငယ်ကို လက်ထပ်ဖို့ဆိုတာ တစ်မျိုးကြီး ဖြစ်နေပါသည်။

အကူအညီလည်းယူ။ လူကိုလည်းယူ ဆိုတာမျိုးကြီး မဖြစ်ချင်ပါ။ ဖြစ်နိုင်ရင် သူ နိုင်ငံခြားသွားပြီး ပိုက်ဆံရှာ။ နိုင်ငံခြားက ပြန်လာမှ မိငယ်ကို ယူချင်ပါသည်။ ဒါက သူ့ဆန္ဒပါ။ လူကြီးတွေကတော့ သူ မသွားခင် ယူစေချင်ကြပုံပဲ။ ငြင်းချင်တာတောင် ငြင်းရခက်သည့်ဘဝမို့ သူ ဘာပြန်ပြောရမှန်းမသိ။

"ဘယ်လိုလဲ ထွေဋ္ဌ်။ ဘကြီးတို့ပြောတာကို လက်ခံတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းက ဆန္ဒမပါဘဲ အလိုလို ညိတ်ဖြစ်သွား၏။

"အေး ... ဒီလိုမှပေါ့ကွာ"

✤ ○ ✤





ဒီလိုနဲ့ပဲ သူနဲ့မိငယ် ရပ်ရွာက အသိအမှတ်ပြုတဲ့ ပုဆိုးတန်းတင် အကြင်လင်မယား ဖြစ်သွားသည်။

ဆရာတော်ကျောင်း ဆွမ်းချိုင့်ပို့ပြီး ရပ်မိရပ်ဖတွေကို ထမင်းဖိတ်ကျွေးကာ အသိအမှတ်ပြုလိုက်ကြပါသည်။

သူတို့မှာ မင်္ဂလာဆောင်စရာ ပိုက်ဆံမှမရှိတာလေ။

ထွေဋ္ဌ နိုင်ငံခြားသွားဖို့ မြို့ပေါ်က ပွဲစားတစ်ယောက်ဆီမှာ အပ်ရသည်။

ထိုပွဲစားက ထွေဋ္ဌကို ဆီသွပ်ဘူးစက်ရုံမှာ လုပ်ရမည်ဟု ပြောကာခေါ်သည်။ မက်လောက်စရာ လစာရမည်ဟု စားရဝခမန်း သိမ်းသွင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေငှ်နဲ့ မိငယ်တို့မှာ ပွဲစားစကားကိုယုံပြီး လေထဲတိုက်အိမ်ဆောက်ကာ ပျော်ရွှင်နေကြသည်။

"မိငယ် နောက်ဆို နင်က သူဌေးမကြီး ဖြစ်သွားမှာဟ။ ငါ ရသမျှ နင့်ကို ပြန်ပို့မှာပါဟာ"

"ရပါတယ်ဟာ၊ နင့်ကို ငါ ကူညီခဲ့တာ ဘာပြန်ရပါစေ၊ ညာပြန်ရပါစေဆိုတဲ့ အတွက်မပါဘူး။ မျှော်လင့်ချက် မရှိဘူး"

"ငါ နင့်စိတ်ကို သိပါတယ် မိငယ်ရယ်။ ဒါပေမဲ့ အခု နင်က ငါ့မိန်းမဖြစ်နေပြီ။ ငါရှာသမျှ နင့်အတွက်ချည်းပဲ။ တကယ်ဆိုရင် ငါက နိုင်ငံခြားက ပြန်လာမှ နင့်ကိုယူချင်တာ။ တခမ်းတနား မင်္ဂလာဆောင်ပြီး ယူချင်တာ။ ခုလိုယူလိုက်ရတာကိုတောင် အားနာနေတာ"

"တကယ်က သစ္စာရှိဖို့ပဲ လိုတာပါ။ ဘယ်လိုပဲ လက်ထပ်ရပါစေ။ သစ္စာမရှိတဲ့ အိမ်ထောင်ရေးဆိုရင် အလကားပဲလို့ထင်တယ်"





"ဒါပေမဲ့ ငါက လုပ်ပေးချင်တာလေဟာ။ ပြီးတော့ ငါ သစ္စာရှိမှာပါ။ နင် တစ်ခုပဲမှတ်ထား။ ငါဘာလုပ်လုပ် နင့်အတွက်ပဲ"

"ကျေးဇူးပါပဲ ငွေငှ်ရယ်"

ငွေငှ်နဲ့ မိငယ်တို့ဟာ လူကြီးတွေကြောင့် လက်ထပ်ဖြစ်ကြတာဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက် အချစ်အကြောင်း မပြောဖြစ်ကြပါ။

ဒါပေမဲ့ သူတို့နှစ်ယောက် သိပ်ကိုပျော်ရွှင်နေကြပါသည်။

မိငယ်အမေက ငွေငှ်ကို သားအရင်းတစ်ယောက်လို ဆက်ဆံသဖြင့် ငွေငှ် ပျော်ရွှင်နေပါ၏။ နဂိုတည်းက မိခင်မေတ္တာငတ်နေတဲ့သူမို့ အမေ့မေတ္တာနဲ့ တွေ့တဲ့အခါ ငွေငှ်အရမ်းကို ပျော်ရွှင်နေခဲ့တာပါ။

ဟင်းမကောင်းပေမယ့် မိသားစုထမင်းဝိုင်းက စားလို့မြိန်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ထမင်းဝိုင်းမှာ အကြော်အကြေတစ်ခွက်တော့ အမြဲပါသည်။

အကြော်ရောင်းတဲ့သူဟာ ဘယ်တော့မှ အကြော်ကောင်း မစားရပါ။ အကောင်းလေးတွေကို ရောင်းပြီး အကျိုးအကြေလေးတွေကိုပဲ အမြဲစားဖြစ်ပါသည်။

✤ ○ ✤





သူတို့လက်ထပ်ပြီး တစ်လအကြာမှာပဲ မြို့ပေါ်က ပွဲစားရောက်လာသည်။

ငွေ့ငွေ့ မြဝတီကနေ ထိုင်းကိုသွားရမည်တဲ့။ မြဝတီမှ ထိုင်းသူဌေး လာခေါ်တာကို စောင့်ရမတဲ့။

မြဝတီမှာ ဘယ်လောက်ကြာအောင် စောင့်ရမလဲဆိုတော့ နှစ်ပတ် ဒါမှမဟုတ် သုံးပတ်က အကြာဆုံးပဲတဲ့။

အကျိုးဆောင်ခကိုတော့ မြဝတီသွားမည့် ကားပေါ်တက်ကတည်းက ပေးလိုက်ရသည်။

ပွဲစားအပြောကတော့ မြဝတီမှာ တည်းစရာအိမ်ရှိသတဲ့။ ထိုအိမ်မှာပဲ တည်းရ စားရမတဲ့။ စားစရာ ထမင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



သုံးနပ်အပြည့်ကျွေးမည်ဆိုပဲ။ ဒါတောင် မိငယ်က ထွေဋ္ဌ်ကိုသုံးစရာ၊ ဖွဲ့စရာလေး ထည့်ပေးလိုက်သေးသည်။

ပွဲစားက ပိုက်ဆံတောင် မယူနိုင်း၊ မြဝတီမှာက စားတည်းငြိမ်းနေရမှာဖြစ်ပြီး ထိုင်းသူဌေး လာခေါ်တဲ့အခါ ထိုင်းဘက်မှာသုံးဖို့ ကြိုတင်လစာထုတ်ပေးမတဲ့။ ပိုက်ဆံထည့်သွားစရာတောင် မလိုဘူးတဲ့။

မိငယ်တို့မှာ ပွဲစားကို ကျေးဇူးတင်လွန်းလို့ ထိုင်တောင်ကန်တော့ချင်သည်။ အစစအရာရာ အဆင်ပြေအောင်လုပ်ပေးလို့လေ။

ထွေဋ္ဌ်ကို မြဝတီသွားတဲ့ကားပေါ် လိုက်ပို့ရင်း အမေရော မိငယ်ပါ မျက်ရည်ကျသည်။ ထွေဋ္ဌ်က အမေ့ကို ကန်တော့တော့ အမေက မျက်ရည်ကျသည်။

"ငါ့သားလေး အစစအရာရာ အဆင်ပြေပါစေ။ ဘေးကင်းရန်ရှင်းပြီး ဘုန်းကြီးသက်ရှည်ပါစေကွယ်။ သားရတနာသုံးပါး မမေ့နဲ့ကွယ်"





"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အမေ"

မိငယ်ကတော့ ဘာမှမပြောနိုင်ဘဲ မျက်ရည်ပဲကျနေသည်။ ထွေဋ္ဌ်က ...

"မိန်းမ ငါ ပိုက်ဆံပို့လိုက်ရင် အကြွေးမရှောင်းနဲ့တော့။ ဆေးလိပ်လည်း မလိပ်နဲ့။ ပင်ပန်းတဲ့အလုပ်ဆို ဘာမှမလုပ်နဲ့ ကြားလား"

"ထွေဋ္ဌ်ရယ်"

"ငါ နင့်အတွက် သွားတာနော်။ နင့်ကို ချမ်းချမ်းသာသာထားနိုင်တဲ့ တစ်နေ့ကျမှ ငါ ပြန်လာမှာ"

"ဟင့်အင်း ... ငါ အကြာကြီး မခွဲနိုင်ဘူး။ မချမ်းသာရင်နေပါစေ ထွေဋ္ဌ်ရယ်။ အကြာကြီးမနေပါနဲ့"

"မိန်းမရယ်"

"ယောကျ်ား ... နင် ငါ့ကို သစ္စာရှိပါနော်"

"စိတ်ချ မိန်းမ၊ ငါ့ခေါင်းထဲမှာ နင်ပဲရှိတယ်။ ငါဘာလုပ်လုပ် နင့်အတွက် လုပ်တယ်ဆိုတာ ယုံထား။ ငါသွားမယ်။ နင့်ကို ငါ စိတ်ချသလို ငါ့ကိုလည်းစိတ်ချ မိန်းမ"



www.burmeseclassic.com

www.burmeseclassic.com



"ကျန်းမာရေး ဂရုစိုက်"

"အင်းပါ"

"ညတိုင်း ဘုရားရှိခိုး"

"အေးပါ"

"မြန်မြန်ပြန်လာခဲ့နော်"

"သွားတောင် မသွားရသေးဘူး မိန်းမရယ်"

ကားပေါ်တက်မလို့ ပြင်ပြီးမှ ပြန်ဆင်းလာရကာ မိငယ်ပခုံးကိုဖက်ပြီး ...

"ပြောစရာကျန်သေးလို့။ ငါ နင့်ကို ချစ်တယ် မိငယ်"

မိငယ် ရှင်ခုန်နေတုန်းမှာပဲ သူ ကားပေါ်ရောက်သွားပြီ။ မိငယ်လည်း သူ့ကိုပြောစရာကျန်ပါသေးသည်။ ကားက စထွက်သွားပြီ။

✤ ○ ✤





ကံတရားဆိုတာ ပန်းကန်ပြားလောက်တောင် အောက်မနက်ဘူးတဲ့။

မျှော်လင့်တိုင်းသာ ဖြစ်လာမယ်ဆိုရင် ကမ္ဘာပေါ်မှာ မျက်ရည်နဲ့ သက်ပြင်းချခြင်းတို့ မိတ်ဆွေဖြစ်လာမှာ မဟုတ်ဘူး။

မြဝတီရောက်တော့ ကားဂိတ်မှာ ပွဲစားက လာကြိုတဲ့လူတွေလက်ထဲ အပ်သည်။

"မင်း ဒီလူနဲ့လိုက်သွား။ ဟိုမှာ မင်း ထိုင်းသူဌေး လာခေါ်တဲ့အထိ သူ့အိမ်မှာ ခေါ်ထားလိမ့်မယ်၊ သူ့အိမ်က စောင့်ရမှာ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါကတော့ ဒီနေ့ညနေ အဆင်းကားတွေနဲ့ပဲ ပြန်လိုက်သွားလိုက်မယ်"

"ဟုတ်ကဲ့"

"အေး ... မင်း အဆင်ပြေမှာပါ"

အဲဒီလိုနဲ့ နောက်ထပ် ပွဲစားတစ်ယောက်လက်ထဲ ရောက်ခဲ့ပြန်ပါသည်။

ထိုပွဲစားအိမ်မှာ သူ့လိုပဲ ထိုင်းကိုသွားဖို့ စောင့်နေသူတွေ တော်တော်များပါသည်။ မရှိဘူး ဆိုရင်တောင် ဆယ့်ငါးယောက်လောက်တော့ ရှိနိုင်သည်။

ထိုပွဲစားအိမ် အပေါ်ထပ်မှာ သူ့မိသားစုနေသည်။ အောက်ထပ်မှာ ဧည့်သည်တို့ကို ထားသည်။ အောက်ထပ်ဆိုလို့ သားသားနားနားတော့ မဟုတ်ပါ။ သမံတလင်းခင်းထားတဲ့အပေါ်မှာ ကတ်ထူစက္ကူပြားတွေကို ခင်းပေးထားတာဖြစ်ပြီး အိမ်ကခပ်ကျဉ်းကျဉ်းပဲမို့ မီးဖိုနဲ့ထမင်းစားခန်း ဖယ်လိုက်ရင် သူတို့ဆယ့်ငါးယောက်မှာ အိပ်တာတောင် ကျောတစ်ပြားစာ မရပါ။ တစ်





ခြမ်းစောင်းပြီး အိပ်ရ၏။ ပက်လက်အိပ်ရင် နေရာကမလောက်ဘူးလေ။ ဟိုဘက်စောင်းအိပ်၊ ဒီဘက်စောင်းအိပ်နဲ့ ဘက်ပြောင်းချင်ရင်တောင် ဘေးကနှစ်ယောက်ကို ပြောရသေးသည်။ ငါးသေတ္တာဘူးထဲက ငါးတွေတောင် သူတို့ထက်စာရင် ကျယ်ကျယ်ဝန်းဝန်း နေရဦးမည်ထင်သည်။

စားရတော့လည်း မနူးမနပ် ရေလုံပြုတ်ပါ။ ထမင်းတွေက ပျော့တဲ့နေရာကပျော့။ မာတဲ့နေရာကမာ။ မနူးမနပ်နဲ့ ဆတ်တောက်တောက်။

ထမင်းထက် ဟင်းကပိုဆိုးသေး၏။ ဆီမပါ ရေလုံပြုတ်ကို တစ်ခါတလေ ဆားမပါ။

ထမင်းစားပြီးရင် အဆာမပြေချင်သလိုလို။ ဗိုက်တောင့်သလိုလိုနဲ့ မကောင်း။

မိငယ် ထည့်ပေးလိုက်တဲ့ အစာခြောက် လျက်ဆားလေးနဲ့ အသက်ဆက်နေရသည်။

နေ့လယ်နဲ့ ညနေစာက တော်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်စာ အဆာပြေ ထမင်းကြမ်းစာဆို ပိုဆိုးသည်။ ပထမရက်ကကျန်တဲ့ ထမင်း၊ လူတကာနှိုက်ထားလို့ သိုးနေတဲ့ထမင်းကို ပဲပြုတ်ခပ်ကျဲကျဲဖြူးပြီး ကျွေးသည်။

ပိုက်ဆံပါလာသူတွေက မစားနိုင်ကြတော့ဘဲ ဝယ်စားကြသည်။

ငထွင့်မှာပါတဲ့ ပိုက်ဆံလေးကို ဝယ်မစားရဲ။ ပါတာကလည်း များများပါတာ မဟုတ်။

နောက်ပိုင်း လှမ်းမှာရအောင်လည်း မိငယ်တို့အခြေအနေက သိတဲ့အတိုင်း။

မစားနိုင်လို့ ပွဲစားကို ပြောတဲ့သူတွေ ရှိပါသည်။

"မင်းတို့အိမ်လိုတော့ ဘယ်စားရမလဲကွာ။ ငါတို့က အများနဲ့ကျွေးရတာ။ မင်းတို့ဆီက ထမင်းစရိတ်လည်း ယူထားတာ မဟုတ်ဘူး"

ငထွင့် အရင် ရောက်နှင့်သူတွေထဲမှာ သုံးလလောက်ကြာတဲ့အထိ မထွက်ရသေးသူတွေလည်းရှိသည်။





ငထွင့်သည် ဘုရင့်နောင်ဖောင်ဖျက်လာသူဖြစ်သည်။

ပေါက်တဲ့နဖူး မထူးတော့တာမို့ အံကြိတ်ခံဖို့ပဲ ဆုံးဖြတ်လိုက်၏။

ဒါပေမဲ့ ...။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



အရင်ရောက်နှင့်သူတွေထဲမှာ သုံးလလောက်ကြာနေတဲ့သူတွေက နောက်ပိုင်းကလည်း ပိုက်ဆံပို့နိုင်သူဖြစ်၍ တော်သေးသည်။

ထိုလူလည်း စည်သွပ်ဆိုပြီး စောင့်နေတာဖြစ်သည်။

အခုက စည်သွပ်ဟု ခေါ်လာပြီး ဆောက်လုပ်ရေးတို့၊ အအေးခန်းစက်ရုံတို့ကို ပို့တာများသည်။

သွားရတော့လည်း တရားမဝင် ခိုးပြီးသွားရတာတဲ့။

ဒါပေမဲ့ မကျေနပ်ရင်ပြန်။

သူတို့ကတော့ ပေးထားတဲ့ ပွဲစားခကို ပြန်ပေးမှာမဟုတ်။





ဒီတော့ ကိုယ့်ပိုက်ဆံကို နှမြောကာ ဒီမှာလည်း ကြာကြာမနေနိုင်သဖြင့် ရရာအလုပ်ဖြင့် ထွက်သွားကြသူတွေရှိသတဲ့။

ခေါ်လာတုန်းက စက်ရုံမှာလုပ်ဖို့။ လုပ်ရတော့ နေပူမိုးရွာမရှောင် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ ဖြစ်သည်။

ပိုက်ဆံအဆုံးခံနိုင်သူတွေကလည်း ပြန်သွားကြသည်။

ပိုက်ဆံတတ်နိုင်သူတွေကလည်း စည်သွပ်စက်ရုံ ရရမချင်း စောင့်နေကြသည်။

ငထွန်းလည်း ဘာလုပ်ရမှန်းမသိ။ စည်သွပ်စက်ရုံ သူ့ဌေးက ဘယ်တော့မှ လာခေါ်မလဲ မသိ။ လောလောဆယ် စားရေးသောက်ရေးက တော်တော်ဒုက္ခရောက်သည်။

ပွဲစားပြောတဲ့ သုံးပတ်ကျော်လို့ တစ်လတောင် ပြည့်ခဲ့ပြီ။

စည်သွပ်စက်ရုံသတင်းက အစအနတောင် မကြားရ။



www.burmeseclassic.com

www.burmeseclassic.com



ပွဲစားက စည်သွပ်မစောင့်နိုင်ရင် ဆောက်လုပ်ရေးနဲ့လိုက်ဖို့ ခေါ်ပြောသည်။

ငထွင့် ဆောက်လုပ်ရေးတော့ လုပ်နိုင်မှာမဟုတ်။ ရွာမှာတောင် အလုပ်ကြမ်းလုပ်လို့မရ။ မလုပ်နိုင်တာ။

ထို့ကြောင့် ကျေးတာစားပြီး စည်သွပ်သူဌေးလာခေါ်တဲ့အထိစောင့်ဖို့ ဆုံးဖြတ်လိုက်သည်။

သို့သော် တစ်ရက်တော့ ရုတ်တရက် ဗိုက်တွေအောင့်လာကာ လူးလိမ့်နေသည်။ မနွေးမနပ် ထမင်းတွေက ပညာပြပြီ ထင်သည်။

မိငယ် ထည့်ပေးလိုက်တဲ့ အစာကြေလျက်ဆားတွေ လျက်သော်လည်း မသက်သာ။ နီးစပ်ရာဆေးမြီးတိုဆိုင်တွေက ဆေးဝယ်သောက်သော်လည်း မသက်သာ။

"ငထွင့် ... မင်း ဆေးခန်းပြမှ ဖြစ်မယ်ထင်တယ်"

ဆေးခန်းပြဖို့ ပိုက်ဆံက အပိုပါမလာပါ။ ပိုက်ဆံက ဆေးခန်းပြဖို့ထက် ဟိုရောက်ရင်သုံးဖို့ ဘတ်လဲဖို့တောင် များများစားစား အပိုမပါ။





"ကျွန်တော့်မှာ ပိုက်ဆံမရှိဘူး"

လာတဲ့သူတွေ အကုန်လုံးကလည်း အတူတူနဲ့ အနူနူချည်းပဲ။ ဘယ်သူ့မှာမှ ပိုက်ဆံများများစားစားမရှိ။

"ပွဲစားဆီ အကူအညီ တောင်းကြည့်ပါလား"

ပွဲစားဆီ အကူအညီတောင်းတော့ ...

"မင်းတို့က လုပ်ပြီ။ ငါက ကူညီတာစော့ ဟုတ်တယ်။ မင်းက ဆီသွပ်မှ ဘာမှ အလုပ်ရွေးနေတာကိုး။ မင်း ဆောက်လုပ်ရေးနဲ့ လိုက်သွားမယ်ဆိုရင် ငါ မင်းကို ပိုက်ဆံချေးမယ်။ အဲ ... ဒါပေမဲ့ ဆောက်လုပ်ရေးနဲ့သွားဖို့ လက်မှတ်ထိုးရမယ်၊ ဘယ်လိုလဲ"

"ကျွန်တော် ဆောက်လုပ်ရေး မလုပ်နိုင်လို့ပါ ပွဲစားရယ်"

"လောက်ဖြစ်နေမှ ရွေးကြောက်လို့ မရဘူးကွ။ ပညာမတတ်ဘဲ သူများနိုင်ငံသွားရင်တော့ ပင်ပန်းမှာပဲ"

"ဟုတ်တယ် ငထွင့်၊ လောလောဆယ် မင်းကျန်းမာရေးက အရေးကြီးတယ်။ မင်း ဒီလောက် ဗိုက်တွေအောင့်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မင်း ဆေးမကုနိုင်ဘဲ ရှောသွားဦးမယ်။ နောက်ကိစ္စကို နောက်မှစဉ်းစား။ လောလောဆယ် မင်း ဆောက်လုပ်ရေးနဲ့လိုက်ဖို့ လက်မှတ်သာ ထိုးပေးလိုက်"

အဲဒီလိုနဲ့ ငထွင် လက်မှတ်ထိုးပေးလိုက်ရသည်။

ဆေးခန်းပြတော့ ဆရာဝန်က ဆေးရုံတက်ခိုင်း၏။

"ဆရာ ကျွန်တော့်မှာ ဆေးခန်းပြဖို့တောင် အသည်းသန် ပိုက်ဆံရှာလာရတာပါ။ ဆေးရုံမတက်နိုင်ဘူး ဆရာ"

"မတက်လို့ မရဘူး။ ဆေးရုံမြန်မြန်တက်ပြီး ခွဲမှရမယ်။ ခင်ဗျား အူအတက်ပေါက်နေပြီ"

"ဗျာ"

"ပိုက်ဆံကိစ္စကို နောက်မှစဉ်းစား။ ခုလောလောဆယ် ဆေးရုံကိုသွားတော့"

အဲဒီလိုနဲ့ ငထွင် ဆေးရုံရောက်သွားသည်။ ပွဲစားကို ဖုန်းဆက်ပြီး လှမ်းပြောသော်လည်း ပွဲစားက ...





"ဟ ... ငါက မင်းအဖေ မဟုတ်ဘူးကွ။ မင်းတို့ကျန်းမာရေးကို တာဝန်ယူပါမယ်လို့ အာမခံထားလို့လား၊ မင်း ပိုက်ဆံလိုရင် မင်းအိမ်ကို လှမ်းပို့ခိုင်း"

ငထွင် ဘာဆက်လုပ်ရမှန်းမသိ၊ ဒါပေမဲ့ ...။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



မိုက်အရမ်းအောင့်လာသဖြင့် ဆေးရုံကို ပြေးခဲ့ရသည်။

ဆေးရုံက ဆရာဝန်မကို အကျိုးအကြောင်းပြောပြပြီး အကူအညီ တောင်းမိသည်။

ငထွန်း ယောက်ျားတန်မဲ့ မျက်ရည်တောင် ဝဲနေသည်။

ဆရာဝန်မက ဆေးလျှုပြီး စရိတ်မျှပေးကာ ခွဲပေးမည်ဆိုသဖြင့် သူ ဆရာဝန်မကို ထိုင်တောင်ကန်တော့မိသည်။

သူ ခွဲစိတ်ခန်းဝင်တော့ သူ့လိုပဲ ပွဲစားအိမ်ရောက်နေတဲ့ ဘဝတူတွေ လိုက်လာကြသည်။

သူ ခွဲစိတ်ပြီးတော့လည်း ဆန်ပြုတ်လေးတွေ လာပို့ကြသည်။ ပွဲစားကတော့ တစ်ခေါက်မှ ရောက်မလာ။





"ငါကတော့ ဆောက်လုပ်ရေးနဲ့ မလိုက်ချင်ဘူး မိုးကြိုးရာ"

"ငါရောပဲ၊ ငါတောင် ပေးထားတဲ့ ပွဲစားခအဆုံးခံပြီး ပြန်မလားလို့ စဉ်းစားနေတာ"

"ဘာဖြစ်လို့လဲ"

"အရမ်းပင်ပန်းတယ်တဲ့။ ဟိုတလောက ထွက်သွားတဲ့ကောင်တွေ ဖုန်းဆက်တယ်၊ တစ်နေကုန် နေပူထဲမှာ လုပ်ရတယ်တဲ့။ အရမ်းပင်ပန်းတယ် ပြောတယ်။ ငါက ငါ့မိဘအိမ်မှာတောင် အဲလောက် လုပ်ရတာမဟုတ်ဘူး။ စည်သွပ်ဆိုလို့ စောင့်နေတာ လေးလရှိပြီ။ ဘာစည်သွပ်မှ အသံမကြားရသေးဘူး။ မစောင့်နိုင်တော့ဘူးကွာ"

"ငါက ပြန်လို့မဖြစ်ဘူးကွ။ ငါက ခြံဝိုင်းလေးပေါင်ပြီး လာရတာ။ ငါပြန်သွားရင် အကုန်ဒုက္ခရောက်ကုန်လိမ့်မယ်။ ဆောက်လုပ်ရေးကလည်း လုပ်နိုင်မှာ မဟုတ်ဘူး။ ဒုက္ခပဲကွာ"

"မင်းပုံစံ ဖြူဖပ်ဖပ်နဲ့ မင်း ဘာလို့ ဒီကိုလာတာလဲ။ မင်းကြည့်ရတာ အလုပ်ကြမ်း လုပ်ဖူးပုံ မပေါ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဆယ်တန်းအောင်ပြီးပြီ။ တစ်သက်လုံး ကျောင်းပဲ တက်လာတော့ အလုပ်ကြမ်းမလုပ်နိုင်ဘူး။ ခုတောင် ပိုက်ဆံလိုချင်လို့ ထွက်လာတာ။ ထိုင်းမရောက်ဘဲ ဆေးရုံရောက်နေတာကို နောက်ပိုင်းက သိလို့မဖြစ်ဘူးကွ။ သိရင်လည်း ငါ့ကို ပိုက်ဆံပို့နိုင်ကြမှာ မဟုတ်ဘူး။ ပြန်လို့လည်း မဖြစ်ပါဘူး"

"အေး ... ပွဲစားတွေကလည်း ငါတို့လိုကောင်တွေ အဲဒါတွေကြောင့် ကြိုက်ကြတာကွ"

"ကြိုက်တာ မဟုတ်ဘူး။ ချောင်ပိတ်ရိုက်တာ။ ငါ ဘာလုပ်ရမှန်း မသိတော့ဘူး"

"ထွေ့ရှ်ရာ"

ထွေ့ရှ်တို့ ပြောနေတာကို ထွေ့ရှ်ဘေး ခုတင်ကို လူနာလာမေးသော အမျိုးသမီးက နားထောင်နေသည်။

"ဒီမှာ မောင်လေး"

"ဗျာ"





ထိုအမျိုးသမီးက ထွေ့ရှ် ခုတင်ဘေး လာရပ်ကာ...

"မောင်လေးတို့ ပြောနေတာတွေ မမသိုက် အကုန်ကြားတယ်။ စပ်စုတယ် မထင်နဲ့နော်။ မောင်လေးအကြောင်း ကြားရတာ စိတ်မကောင်းလို့"

"ဟုတ်ကဲ့"

"ဆယ်တန်းအောင်ပြီးသားနော်"

"ဟုတ်ကဲ့"

"တို့က ရန်ကုန်ကလေ။ ရန်ကုန်မှာ ဖက်ရှင်ဆိုင်တွေ ဖွင့်ထားတယ်။ မီနီမတ်တစ်ခုလည်း ရှိတယ်။ အခု မြဝတီဘက် တက်လာတဲ့ကားမှောက်လို့ လိုက်လာရတာ။ မင်းစိတ်ဝင်စားမယ်ဆိုရင် မမသိုက် မင်းကို အလုပ်ခန့်ပေးနိုင်တယ်"

"ရန်ကုန်မှာလား"

"ဟုတ်တယ်"



www.burmeseclassic.com

"ကျွန်တော်က လစာဘယ်လောက်ရမှာလဲ။ ကျွန်တော်က ငွေလိုနေတာ"

"ကြားပါတယ်၊ ခြေပေါင်လာရတယ်ဆိုတာ"

"မင်း ခြေရွေးဖို့ ပိုက်ဆံအရင်ပို့လိုက်လေ၊ ကျန်တာကို လစာထဲက နည်းနည်းချင်း ပြန်ဖြတ်ပေးမယ်"

"လစာကရော"

"မင်း ထိုင်းသွားရင် ဘယ်လောက်ရမလဲ"

"စားပြီး သောက်ပြီး တစ်သိန်းခွဲ နှစ်သိန်းတော့ ရမယ် ပြောတယ်"

"မင်း စရိတ်ငြိမ်း တစ်လတစ်သိန်း အိမ်ပြန်ပို့ဆိုရင် လုပ်မလား"

"အဆင်ပြေပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဘာလုပ်ရမလဲ"

"မင်း ဆယ်တန်းအောင်ပြီးသားဆို။ ထိုင်းမှာ လုပ်သလောက်တော့ မပင်ပန်းပါဘူး"





"ဒါဆို လုပ်မယ်ဗျာ"

မိုးကြီးလည်း ငွေ့အတွက် ဝမ်းသာနေ၏။

"ဒါပေမဲ့ ပွဲစားဆီမှာ လက်မှတ်ထိုးထားတာကရော"

✤ ○ ✤

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

www.burmeseclassic.com



ပွဲစားနဲ့ လက်မှတ်ထိုးထားတဲ့ ကိစ္စကိုလည်း ဒေါ်မမသိုက်ကပဲ ရှင်းသွားသည်။ မတရားလက်မှတ်ထိုးခိုင်းထားတဲ့ကိစ္စမို့ ဘာပြဿနာမှ မဖြစ်ဘဲ သူ ဒေါ်မမသိုက်နောက် ပါသွားသည်။

ဒေါ်မမသိုက်ရဲ့ ကားအကောင်းစားကြီးက အိစက်နေသည်။

ရန်ကုန်အပြန်လမ်းမှာ ဒေါ်မမသိုက်က ...

"ငထွန်း"

"ဗျာ"

"မင်းမှာ အိမ်ထောင်မရှိဘူးမို့လား"

"ဗျာ"





"မင်းမှာ ဇယားရှုပ်၊ နောက်ကြောင်းရှုပ်မဲ့ကိစ္စ မရှိဘူးမို့လားလို့ မေးနေတာ။ မင်း လူလွတ်ပါနော်"

ဒေါ်မမသိုက် ပုံစံက အိမ်ထောင်ရှိတယ် ဆိုရင် မနှစ်သက်တဲ့ပုံစံ ပေါက်နေတာမို့ သူခေါင်းခါပြလိုက်၏။ တော်ကြာ အိမ်ထောင်ရှိတယ်ဆိုရင် သူ့ကို အလုပ်မခန့်မှာ စိုးလို့ပါ။

"ဟုတ်ပြီ။ မင်းနာမည် ငထွန်း ဆိုတော့ မောင်ထွန်းပေါ့။ အင်း ... မောင်ထွန်း ဆိုတာထက် မောင်မောင်ထွန်း ဆိုတာက ပိုကောင်းမယ်ထင်တယ်။ အလုပ်လုပ်တဲ့အခါ ငထွန်း ဆိုတဲ့နာမည်ထက် မောင်မောင်ထွန်း ဆိုတာက ပိုအဆင်ပြေမယ်ထင်တယ်။ မောင်မောင်ထွန်းလို့ ခေါ်မယ်။ ဟုတ်ပြီနော်"

"ဟုတ် ... ဟုတ်ကဲ့"

အဲဒီအချိန်ကစပြီး အိမ်ထောင်သည် ငထွန်း ဘဝကနေ လူပျိုလူလွတ် မောင်မောင်ထွန်း ဘဝသို့ ကူးပြောင်းသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြဝတီကနေ ရန်ကုန်ကို မမသိုက်ရဲ့ အတွင်းရေးမှူး မသီရိ တစ်ယောက်တည်း ကားကို ဒိုင်ခံမောင်းလာတာ ကျွတ်စရာ။

မသီရိကို ကြည့်တော့ ဖြူနွဲ့နွဲ့လေးနဲ့ မထင်ချင်စရာ။

မမသိုက်က နောက်ခန်းကထိုင်ပြီး သူကတော့ Lover seat မှာ ထိုင်ရသည်။

"မောင်မောင်ထွဋ် ... မင်း ရန်ကုန်ရောက်ရင် ကားမောင်း သင်ရမယ်။ ကျောင်းလည်း ဆက်တက်ရမယ်။ မင်း မမသိုက်ဆီမှာ အလုပ်လုပ်ဖို့ အရည်အချင်းတွေ ဖြည့်ရဦးမယ်"

"ဟုတ်ကဲ့"

ထို့နောက် မမသိုက်က သူ့လုပ်ငန်းတွေဆီကို ဖုန်းတွေ ဆက်တိုက်ခေါ်ကာ အလုပ်ကိစ္စတွေ ပြောနေတော့သည်။





ဖုန်းပြောပြီးတော့ ကွန်ပျူတာဖွင့်ကာ အလုပ်လုပ်နေပြန်သည်။

ရန်ကုန်ရောက်တဲ့အထိ မသီရိ တစ်ယောက်တည်း ဆောက်လျှောက်မောင်း၏။

ထမင်းစားနားတဲ့ အချိန်ကျတော့ မမသိုက်က ကောင်းပေ့ဆိုတဲ့ဆိုင်မှာ အကောင်းဆုံး အစားအစာတွေ မှာကျွေး၏။

"မင်း Speaking နဲ့ ကွန်ပျူတာလည်း သင်ရမယ်"

"ကျွန်တော့်မှာ ပိုက်ဆံမရှိဘူးနော် မမ"

"ငါ သင်ပေးမှာပါ။ သီရိ ... သူ့အတွက် အားလုံးစီစဉ်ပေးလိုက်"

"ဟုတ်ကဲ့ မမ"

"ရန်ကုန်ရောက်ရောက်ချင်း မင်းအိမ်ကို ငွေလွှဲပေးလိုက်။ ဘယ်လောက် လွှဲချင်လဲ"

"လောလောဆယ်၊ ခြောက် ... ခြောက်သိန်းလောက် လွှဲ ... လွှဲချင်ပါတယ် မမ"



www.burmeseclassic.com

www.burmeseclassic.com



"သီရိ စီစဉ်ပေးလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် မမ"

မမသိုက်က ဘာမှပြန်မပြောဘဲ ကြည့်နေ၏။

✤ ○ ✤





မှသီရိက အစစအရာရာ အားလုံးအဆင်ပြေအောင် စီစဉ်ပေးပါသည်။

ရန်ကုန်ရောက်တော့ ငထွန်းကို ယောကျ်ားလေးဆောင်တစ်ခုမှာ ထားပေးသည်။ ပြီးတော့ အိမ်ကို ပိုက်ဆံပို့ပေးသည်။

ပိုက်ဆံပို့တဲ့အခါ မိငယ် စိတ်မပူအောင် ရန်ကုန်က အသိတစ်ယောက်ဆီကတစ်ဆင့် လွှဲတယ်ဟု စာရေးပေးလိုက်ရသည်။

သူဌေးဆီက ကြိုတင်ငွေထုတ်ကာ ပို့ပေးလိုက်သည်။ မြဲမိုင်း ပြန်ရွေးထားပါဟုလည်း မှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိငယ်ကိစ္စပြီးတော့ မသီရီ အပ်ပေးတဲ့ သင်တန်းမျိုးစုံ တက်ရပြန်သည်။

ကားမောင်းသင်ရသည်။

အင်္ဂလိပ်စကားပြောနဲ့ ကွန်ပျူတာသင်တန်းတွေ တက်ရသည်။

အဆောင်ကို ပို့ပေးပြီးကတည်းက မမသိုက်ကို မတွေ့ရတော့။ မသီရီပဲ သူနဲ့ဆက်သွယ်သည်။

သူက တစ်ခုခု ဆက်သွယ်ချင်ရင်လည်း မသီရီ ဖုန်းကိုပဲ လှမ်းဆက်ရသည်။

တစ်ရက် မသီရီက သူ့ကို Junction Square ခေါ်သွားကာ အဝတ်အစားတွေ ဝယ်ခြမ်းပေးသည်။ Tony Tun Tun မှာ ဆံပင်ညှပ်ပေးသည်။

ဖိနပ်ကအစ ဝယ်ပေးသဖြင့် သူ့မှာ မနေတတ်အောင် ဖြစ်ရသည်။

"မသီရီ ... ကျွန်တော် ဒါတွေမလိုချင်ဘူးဗျာ"





"ဒါ မမသိုက် အမိန့်နဲ့ ဝယ်ပေးရတာ။ ရှင်မလိုချင်လို့ မရဘူး"

ထွေဌေး ပုံစံက တဖြည်းဖြည်း တောက်ပသားနားသော မောင်မောင်ထွေဌေး ဘဝသို့ ကူးပြောင်းစပြုလာသည်။

"မမသိုက်က မှာလိုက်တယ် ကိုမောင်မောင်ထွေဌေး။ ရှင် တော်တော်လေး ကြိုးစားပြီး သင်ပါတဲ့။ ရှင့်ကို မြန်မြန် အလုပ်လုပ်ခိုင်းချင်ပြီတဲ့"

"ဟုတ်ကဲ့ပါ မသီရီ"

ထွေဌေးလည်း နေ့မနား၊ ညမနား သင်ပါသည်။ ပညာသင်နေတဲ့ ကာလမှာလည်း မမသိုက်က သူ့ကို လစာပေးပါသည်။ သူကြိုထုတ်ထားတဲ့ ငွေတွေကိုလည်း မဖြတ်ပါ။

သူ မိငယ်ဆီကို ပုံမှန် တစ်လတစ်သိန်း ပို့နိုင်ခဲ့ပါသည်။

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



သူ ရန်ကုန်ရောက်တာ ခြောက်လပြည့်တဲ့နေ့မှာပဲ သူ့ကို မသီရိရဲ့ Assistant အဖြစ် စတင်ခန့်ထားခဲ့ပါသည်။

မသီရိက မြို့ထဲမှာ ကားစမ်းမောင်းခိုင်းသည်။ အလုပ်တွေလည်း သင်ပေးရင်းခိုင်းသည်။

အလုပ်သင် သဘောမျိုး စလုပ်ရခြင်းဖြစ်သည်။ အလုပ်လုပ်ရင်းနဲ့ အင်္ဂလိပ်စာသင်တန်းကို ဆက်တက်ရသည်။

မမသိုက်က သူ့ကို အဝေးသင်တက်ပြီး ဘွဲ့ရအောင် ယူခိုင်းသည်။ အဝေးသင်တက်ဖို့က သူ ရွာကိုပြန်ပြီး စာရွက်စာတမ်းတွေ ပြန်ယူမှရမည်။

မိငယ်က သူ့ကို ထိုင်းမှာဟု သိထားတာဆိုတော့ သူပြန်ဖို့ အကြောင်းပြချက် ရှာမှရမည်။





သူ ရန်ကုန်မှာ လုပ်နေတာကို မိငယ် မသိစေချင်ပါ။ သိရင် လိုက်လာမှာစိုး၏။ လိုက်လာလို့ မမသိုက် သိသွားရင်မလွယ်။ အလုပ်ပြုတ်သွားနိုင်သည်။ ဒါဆို သူနဲ့မိငယ်ပဲ ဒုက္ခရောက်မှာ။

ငွေထွင်သည် အရာရာကို မိငယ်အတွက် စဉ်းစားခဲ့တာပါ။ ဆင်းရဲဒုက္ခခံပေးခဲ့တဲ့ မိငယ်ကို ကောင်းဆုံး ပြန်ပေးဆပ်ချင်ခဲ့သည်။ ထို့အတွက် သူ မိငယ်ကို သူ ရန်ကုန်မှာရှိကြောင်း အမှန်အတိုင်း မပြောခဲ့တာပါ။

မမသိုက်က သူ့ကို အစစအရာရာ ပြည့်စုံအောင် စီစဉ်ပေးသလို သူ အိမ်ကိုလည်း ပိုက်ဆံပြန်ပို့နိုင်သည်။ ဒီအနေအထားကို သူ မပျက်လို။

ထို့ကြောင့် သူ ရွာကို ထိုင်းကပြန်လာတယ် ဆိုပြီးတော့ပဲ ပြန်ရမည်။

အမေနဲ့ မိငယ်အတွက် အဝတ်အစားနဲ့ အစားအသောက်တွေဝယ်ပြီး ရွာကိုပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဝေးသင်လျှောက်လွှာတင်ဖို့ လိုအပ်တာတွေ လုပ်ရမည်လေ။

သူလည်း ဘွဲ့ရအောင် ယူချင်ပါသည်။ ရန်ကုန်မြို့မှာ အလုပ်လိုချင်ရင် အနည်းဆုံးတော့ ဘွဲ့ရမှဖြစ်မှာ။ သူ့အနေနဲ့ အလုပ်ကြမ်းလည်း မလုပ်နိုင်။ ဘွဲ့ရအောင် ယူမှရမှာ။

သူ အဝေးသင်တက်မယ့်ကိစ္စ မိငယ် သိလို့မဖြစ်။ နောက်မှပဲ ပြောပြတော့မည်။

မမသိုက်က ရွာပြန်ဖို့အတွက် မုန့်ဖိုးပေးလိုက်သေးသည်။ သူ့အပေါ် တော်တော်ကောင်းတဲ့ ကျေးဇူးရှင်ပါ။ ဘာလို့ အဲဒီလောက် ကောင်းတာလဲ ဆိုတာ စဉ်းစားလို့မရ။

✤ ○ ✤





"မိငယ်ရေ ... မိငယ်"

"ဟယ် ... ငထွန်း၊ နင် ပြန်လာတယ်"

မိငယ်က ငထွန်းကို ပြေးဖက်သည်။

"အံမယ် ... ငါ့ယောက်ျား ဖွေးသန့်ပြီး တော်တော်ချော လာပါလား"

"ဟဲ ... ဟဲ"

"ယောက်ျား ဘယ်လိုဖြစ်ပြီး ပြန်လာတာလဲ"

"ပြောပြမယ် ... လာထိုင်၊ ငါတို့သူဌေးက ရန်ကုန်ကို အလုပ်ကိစ္စနဲ့လာတော့ ငါ့ကို ခေါ်လာတာ။ အခု သူဌေး ဆီခွင့်တောင်းပြီး တစ်ညအိပ် ပြန်လာတာ။ မနက်ဖြန် ပြန်သွားရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ကိုလား"

"ဟုတ်တယ်၊ သန်ဘက်ခါ ရန်ကုန်ကနေ ထိုင်းကိုပြန်ရမှာ"

"သြော်"

"အခွင့်ရေးရတုန်း မိန်းမဆီ ပြေးလာတာ။ ဒီမှာ အဝတ်အစားတွေရော၊ အသုံးအဆောင်တွေပါ ဝယ်လာခဲ့တယ်။ မိန်းမဖို့ရော။ အမေ့ဖို့ရော"

"ယောက်ျား ... အလုပ် လုပ်ရတာ ပင်ပန်းလား"

"မပင်ပန်းပါဘူးကွာ"

"ဟုတ်လား။ ဒါဆို ယောက်ျား ကံကောင်းတာပေါ့။ ဟိုဘက်ရွာက ဖိုးကြွယ်တို့ဆို ပင်ပန်းလွန်းလို့တဲ့၊ ဒါပေမဲ့ သူတို့က ပိုက်ဆံတော့ ရတယ် သိလား။ တစ်လကို နှစ်သိန်းခွဲ၊ သုံးသိန်းလောက် ပြန်ပို့နိုင်ကြတယ်"

"ဟုတ်လား ... ငါကတော့ ပိုက်ဆံသိပ်မရဘူး။ စားပြီးသောက်ပြီး တစ်သိန်းပဲ ကျန်တယ်"





"ရပါတယ် ယောက်ျားရယ်၊ ယောက်ျား လုပ်နိုင်တာပဲ တော်သေးတယ်။ ဒါနဲ့ ဘာလုပ်ရတာလဲဟင်"

"အအေးခန်းစက်ရုံမှာ လုပ်ရတာ"

"ဟုတ်လား၊ ဒါကြောင့် အသားတွေဖြူလာတာ ဖြစ်မယ်။ ယောက်ျားက စက်ရုံထဲမှာ ဘာလုပ်ရတာလဲ"

"စက်တွေ ထိန်းပေး ကြည့်ပေးရုံပါပဲ"

"ဒါကြောင့် ယောက်ျားလုပ်နိုင်တာပေါ့။ ကောင်းပါတယ်။ တစ်လတစ်သိန်းဆိုလည်း မနည်းပါဘူး ယောက်ျားရယ်"

"အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"အကြော်ရောင်းတုန်းပဲလား"

"ဒီတိုင်းကြီး ထိုင်မစားချင်လို့ပါ၊ ညဘက် ဆေးလိပ်တော့ မလိပ်တော့ဘူး"

"အင်း ... မိငယ် တစ်ခုလျော့သွားတာ ဝမ်းသာပါတယ်၊ စိတ်ချ။ ငါ ဒီထက်ပို ကြိုးစားပြီး မိငယ်ကို ဒီထက်သာအောင် ထားနိုင်ဖို့ ကြိုးစားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မိငယ်ကတော့ ယောက်ျားကို သတိရတယ်။ ဒီမှာပဲ အေးအေးတူ ပွအမျှ အတူတူ နေချင်တယ်"

"တစ်နေ့တော့ ဖြစ်လာမှာပေါ့ မိငယ်ရယ်"

"မိန်းမမျက်နှာကြည့်ပြီး ယောကျ္ားမတောင် မေ့သွားတယ်၊ အမေရော"

"အမေ ရွာထဲခဏသွားတယ်"

"ဒါဆို အတော်ပဲ။ အိမ်ထဲဝင်ပြီး မိန်းမကို အာဘွားပေးရမယ်"

"ယောက်ျားနော်"

"မိငယ် ... ငါ နင့်ကို ချစ်တယ်။ ငါ့ဘဝမှာ နင့်ကိုအချစ်ဆုံးဆိုတာ မြဲမြဲမှတ်ထား ကြားလား"

"အချစ်ဆုံးဆိုတော့ မချစ်တစ်ချစ်တွေ ရှိသေးတယ်ပေါ့လေ"

"ရှိတာပေါ့၊ ဘယ်ညာပေါင်း ဆယ်ယောက်လောက်"

မိငယ် ထိုင်ငိုပါပြီ။

✤ ○ ✤





ထွေးငုံသည် လိုအပ်တဲ့ စာရွက်စာတမ်းတွေ ယူရသည်။

ဆယ်တန်းအောင် ထောက်ခံစာကို ကျောင်းအုပ်ကြီးဆီ သွားလုပ်တော့ မိငယ်က မေးနေသည်။

"ဩော် ... ဘာရယ် မဟုတ်ပါဘူး။ လိုအပ်ခဲ့ရင် သုံးလို့ရအောင်လို့ပါ"

မိငယ်ကတော့ ထွေးငုံ ပြောသမျှကို ယုံနေမိပါသည်။

ဖြူစင်ချောသန့်နေသော ယောက်ျားဖြစ်သူကိုလည်း ငေးလို့မဝ။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျား ... ရှင် တကယ်လို့ အပြောင်းအလဲ တစ်ခုခု ဖြစ်ခဲ့ရင် ကျုပ်ကို လုံးဝထည့်မစဉ်းစားနဲ့နော်။ ရှင်က ပညာတတ် ကျုပ်ကအကြော်သည်၊ သိပ်တော် မလိုက်ဖက်သလို ခံစားရတယ်။ ကျုပ်က ရှင် ကောင်းစားမယ်ဆိုရင် ကျေနပ်နေမယ့်သူပါ။ ကျုပ်ကို ပိုက်ဆံပို့နိုင်မှပို့၊ မပို့လည်း ဘာမှမဖြစ်ဘူး။ ရှင့်ဘဝ တိုးတက်ရာ တိုးတက်ကြောင်း တွေ့ရင် ကျုပ်ကိုမငဲ့ဘဲ ဆက်သာလျှောက်သွား။ ကျုပ်က ကျုပ်ကိုယ်ကျုပ်ထက် ရှင့်ကို ပိုချစ်တဲ့သူ"

"မိန်းမရယ်"

"ကျုပ် တကယ်ပြောတာ။ ကျုပ်က အကြော်သည် မမဲပြာ။ ရှင်က သန့်သန့်ပြန့်ပြန့် ပညာတတ်ကလေး။ ကျုပ် ရှင့်ကို ယူလိုက်မိတာတောင် နှောင်တရတယ်။ ရှင်နဲ့အဆင့်တူပြီး လိုက်ဖက်ညီတဲ့မိန်းမ မဟုတ်ဘဲ ရှင့်ကို ဒုက္ခပေးမိပြီထင်တယ်"





"တော်တော့ မိငယ်။ နင်မရှိရင် ငါဆိုတဲ့ကောင် ခုလောက်ဆို မြောင်းထဲရောက်နေလောက်ပြီ။ နင်ဟာ ငါ့ဘဝအတွက် တကယ့်ကို တန်ဖိုးအကြီးဆုံး မိန်းမတစ်ယောက်ပါ။ ငါ့ဘဝအတွက် ငါ့ရဲ့လက်တွဲဖော်နေရာက နင်နဲ့သာ အထိုက်တန်ဆုံးပါ။ နင်က ပညာမတတ်ပေမယ့် စိတ်ထားတတ်တယ်။ ပညာတတ်ပြီး စိတ်မထားတတ်တဲ့ လူတွေထက် ပိုပြီးတန်ဖိုးရှိပါတယ်ဟာ။ နင် စိတ်ချ။ ငါ ဘာလုပ်လုပ် အမြဲတမ်း နင့်အတွက်ပဲ ခေါင်းထဲရှိတယ်။ မတတ်သာလို့ ခွဲနေရပေမယ့် နင်နဲ့အတူ နေနိုင်အောင် ငါအမြဲကြိုးစားမှာ"

"ထွန်းရှိုန်ရယ်"

မိငယ် ယုံပါသည်။ ထွန်းရှိုန် စကားတွေက ရင်ထဲက လာတဲ့ စကားတွေမှန်း မိငယ် ယုံကြည်ပါသည်။

ယုံကြည်မှုရဲ့ နောက်မှာ ကျေနပ်မှုတွေ၊ ကြည်နူးမှုတွေလည်း ကပ်ပါနေပါသည်။

www.burmeseclassic.com



ငထွေ့ရှိကို မိငယ် ချစ်သည်။ ခုမှ ချစ်တာမဟုတ်။ ကလေးဘဝတည်းက သူငယ်ချင်းလို၊ မောင်နှမလို ချစ်ခဲ့သည်။ အရွယ်ကလေးပြောင်းတော့ စိတ်ပါပြောင်းခဲ့သည်။

မြီးကောင်ပေါက်အရွယ်ရဲ့ အဦးအညွန့်နှလုံးသားက ငထွေ့ရှိ အပေါ် အချစ်ဖူးကွန့်ခဲ့ပြန်သည်။

ခွင့်လွှတ်ခြင်း၊ ပေးဆပ်ခြင်း၊ အနစ်နာခံခြင်းတွေ တနင့်တပိုးနဲ့ ချစ်ခဲ့သည်။ တကယ်လည်း စွန့်လွှတ်ပေးဆပ်ခဲ့ပါသည်။

ဒါပေမဲ့ ငထွေ့ရှိကလည်း သူမကို ချစ်သတဲ့။ ကျေနပ်မှုက အတိုင်းဆမဲ့ပါ၏။

ချစ်သူကို ပိုင်ဆိုင်ခွင့်ရတဲ့ သုခကို အပြည့်အဝခံစားရပါပြီ။

တစ်နယ်တစ်ကျေးမှာ သူမအတွက် အလုပ်သွားလုပ်ရှာတဲ့ ခင်ပွန်းသည်အပေါ် ချစ်ခင်အားကိုးခွင့်ရတာ ဘာနဲ့မှတောင် မလဲနိုင်တဲ့ဆုပါ။





ခင်ပွန်းဖြစ်သူထံမှ သူမပဲ ခေါင်းထဲမှာရှိတယ်ဆိုတဲ့ စကား ကြားရတာနဲ့တင် ဒီဘဝအတွက် လူဖြစ်ရကျိုးနပ်ပါပြီ။

မိငယ် သူ့ကို အဲဒီလောက်ထိ ချစ်တာပါ။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



ငထွန်း ရန်ကုန်ပြန်ရောက်တော့ ကျောင်းတက်ဖို့ ကိစ္စတွေ လုံးပမ်းရသေးသည်။

ပြီးတော့ မသီရိဆီက လုပ်ငန်းတွေ သင်ယူရင်း မမသိုက် အနားကို အလိုလို ရောက်လာ၏။

သူက မသီရိဆီက သင်ယူနေတာ ဆိုပေမယ့် မသီရိက မမသိုက်ရဲ့အတွင်းရေးမှူး။

ဒီတော့ သူလည်း အလိုလို မမသိုက်အနား ရောက်လာတော့တာပေါ့။

မမသိုက် သွားလေရာကို မသီရိနဲ့အတူ သူပါ ပါသည်။ သူ့ကို Passpost လည်း လုပ်ပေးထားသည်။ နိုင်ငံခြား ခရီးသွားရင်လည်း သူ့ကိုခေါ်သည်။ မသီရိလည်း ပါသည်။





ကုမ္ပဏီက လူတွေက သူ့ကို မသီရိရဲ့ကိုယ်ရံတော် လား။ မမသိုက်ရဲ့ Best Man လား ဆိုပြီး ထေ့ကြ ရိကြသေးသည်။

ဒါပေမဲ့ သူကပဲ သည်းခံလိုက်ပါ၏။ သူလည်း လူပဲ။ ဒေါသတော့ ထွက်တာပေါ့။ ဒါပေမဲ့ ပြဿနာတစ်ခုခုဖြစ် ရင် အလုပ်ကို ထိခိုက်နိုင်သဖြင့် သူသည်းခံရတာပါ။ မိငယ်ဆီ ကို တစ်လတစ်သိန်း ပြန်ပို့နိုင်တဲ့ ဒီအလုပ်ကို သူ အဆုံးရှုံးမခံနိုင်။

အောင်မြင်မှုတိုင်းမှာ အခက်အခဲတော့ ရှိစမြဲပါ။ အခက်အခဲတွေထဲမှာ ကိုယ့်စိတ်ကိုယ် ထိန်းချုပ်ရတဲ့ အခက်အခဲ က ပိုပြီးခက်ပါ၏။

တစ်ခါတလေ ခဏခဏဖြတ် စိတ်ခတ်ကျမိသော် လည်း သူ့ငွေးနှင့် အဆင်ပြေနေသဖြင့် သူ ကျော်လွှားနိုင်အောင် ကြိုးစားရသည်။

မမသိုက်ကလည်း သူ့ကို အရမ်းမောင်းသည်။ အတနာလည်း ပါ၏။ နေမကောင်းဖြစ်တုန်းကဆို နဖူးကို ခဏ ခဏ လာစမ်းကာ ဆေးခန်းခေါ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မိငယ်ကို လစဉ် တစ်သိန်းပြန်ပို့နိုင်တာ တစ်ခုနဲ့တင် သူ့ အရာရာကို ကျော်လွှားနိုင်ပါသည်။

တစ်ခါတလေ မိငယ်ကို အရမ်းလွမ်း၏။ မိငယ်ကလည်း စုတတ်ဆောင်းတတ်သူပါ။ အရင်းအနှီးလုပ်ဖို့ လုံလောက်တဲ့အထိ စုမိတဲ့ တစ်နေ့ကျရင်တော့ သူ မိငယ်ဆီ အပြေးပြန်မှာပါ။

သူက တောသား။ ရန်ကုန်မြို့ပေါ်မှာ ဘယ်လောက်ပဲ ဆီဦးထောပတ်စားနေရပေမယ့် သူ မပျော်ပါ။ မိငယ်ဆီကိုပဲ ပြန်ချင်၏။ မြို့ပေါ်က ရေမွှေးနံ့တွေကို ခေါင်းကိုက်တတ်တဲ့သူက တောက မိငယ်ရဲ့ ချွေးနံ့လေးကိုတော့ ခဏ ခဏ သတိရမိ၏။

✤ ○ ✤





စီးပွားရေးလောကမှာ ဒေါ်မမသိုက်လို့ ဒေါ်တပ်ပြီး ခေါ်နေကြပေမယ့် မမသိုက်အသက်က ခုမှ နှစ်ဆယ့်ခုနစ်ပဲရှိပါသေး၏။

မီနီမတ်တစ်ခု ဖွင့်ထားတယ်။ အဲဒါက မြေစမ်းခရမ်းပျိုးထားတာ။ အခြေအနေကောင်းရင် ဆိုင်ခွဲတွေ ထပ်ချဲ့မှာပါ။

ဖက်ရှင်လိုင်းမှာ အောင်မြင်တာကြောင့် နောက်တစ်လိုင်း ထပ်ချဲ့ကြည့်တဲ့သဘောပါ။ ဖက်ရှင်ဆိုင်တွေကတော့ စင်တာတိုင်းမှာရှိတယ်။

လူငယ်ပီပီ သူမကိုယ်တိုင် သေသေချာချာ ရွေးချယ်မှာယူတဲ့ ဒီဇိုင်းတွေမို့ သူမဆိုင်က ဒီဇိုင်းတွေက အလန်းလွန် အလွန်လန်းတွေချည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



လန်းတယ်ဆိုလို့ ပေါ်ပေါ်လော်လော် အဝတ်အစားတွေ မထင်ပါနဲ့။ လုံလုံခြုံခြုံလေးနဲ့ကို လန်းတာပါ။ ပေါ်လော်တဲ့ ဒီဇိုင်းတွေက တစ်ခါတလေကျရင် မလန်းဘဲ ရိုင်းစိုင်းနေတတ်ပါတယ်။

အဆင့်အတန်းရှိရှိလေးနဲ့ လုံခြုံခေတ်မီစွာ ဝတ်တတ်တဲ့ အမျိုးသမီးတွေကြားမှာတော့ မမသိုက်ရဲ့ ဖက်ရှင်ဆိုင်တွေက သတင်းကြီးလှပါသည်။

သူမရဲ့ဆိုင်မှာ Brand တွေပဲ တင်တာကြောင့် သူမဆိုင်ရဲ့ဖောက်သည်တွေကလည်း အလွှာတစ်ခု သီးသန့်ဖြစ်နေပါသည်။

ပစ္စည်းကောင်းရဖို့အတွက် ဘယ်လောက်ကုန်ကုန် သုံးနိုင်သူတွေကြောင့် မမသိုက်ရဲ့စီးပွားရေးက တစ်ရှိန်ထိုးတက်လာခဲ့ပါ၏။

ထို့ကြောင့် ဖက်ရှင်လိုင်းမှာ အောင်မြင်လာပြီး ထပ်ချဲ့နိုင်စွမ်း မရှိတော့လို့ မိနီမတ်ဘက်ကို စမ်းကြည့်ထားတာပါ။





City mart လို အောင်မြင်တဲ့ စူပါမားကတ်ကြီးတွေ ဖွင့်ချင်ပြန်သည်။

စီးပွားရေးဘက်မှာ စိတ်တိုင်းကျစရာ ကောင်းသလောက် မိသားစုရေးမှာတော့ အင်မတန် စိတ်ညစ်ရပါသည်။

မမသိုက်တို့ မောင်နှမသုံးယောက်မှာ မမသိုက်က အငယ်ဆုံး။

မိဘတွေ အသက်ကြီးမှ ကံပေါ်ပြီး မွေးတာမို့ သိုက်နဲ့ အစ်ကိုအစ်မတွေ အသက်ကွာပါသည်။

သိုက်အသက် နှစ်ဆယ့်ခုနှစ်မှာ မိဘတွေက ခုနစ်ဆယ်ကျော်နေပြီ။ ရှစ်ဆယ်နားတောင် နီးကြပြီ။ ဖေဖေက အငြိမ်းစားပါမောက္ခ။ မေမေက ဆရာဝန်။ ဒီတော့ ပင်စင်ယူတဲ့ အချိန် ဘာစီးပွားရေးမှ မလုပ်တတ်ကြ။

သိုက်အစ်ကိုကြီးက အင်ဂျင်နီယာ။ အစ်မက ဆရာဝန်။ စီးပွားရေးမျိုးရိုး မရှိ။ သိုက်တောင် စင်ကာပူမှာ ကျောင်းသွားတက်ရင်း အဆက်အသွယ်ရတာနဲ့ လုပ်ဖြစ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



စုဆို မိဘတွေကိုလည်း သိုက်ပဲ တာဝန်ယူထားရသည်။

အစ်ကိုက အင်ဂျင်နီယာ။ သူ့သူငယ်ချင်းတွေနဲ့ စုပြီး ဆောက်လုပ်ရေးကန်ထရိုက် လုပ်သည်။ အဆင်လည်းပြေပါ၏။

ဒါပေမဲ့ အစ်ကိုကြီးဇနီးက ကလေး ငါးနှစ်အရွယ်မှာ ဆုံးသည်။

အစ်ကိုကြီးတို့ လင်မယားက အဖေအမေတို့နဲ့ အတူနေတာမို့ သားသားကို သိုက်တို့ကပဲ ပြုစုစောင့်ရှောက်ခဲ့ပါသည်။

အစ်ကိုကြီး နောက်အိမ်ထောင် ထပ်ပြုတော့ နောက်အိမ်ထောင်က အိမ်မှာလာမနေနိုင်ဘဲ အိမ်ခွဲပေးဖို့ တောင်းဆို၏။

ထိုစဉ်က အဖေတို့က အငြိမ်းစားဖြစ်နေကြပြီမို့ အစ်ကိုကြီးကို အားကိုးပြီး နေခဲ့ရတာပါ။ ဒါကိုသိတဲ့ အစ်ကိုကြီး နောက်အိမ်ထောင်က အစ်ကိုကြီးကို အရ ပ,ထုတ်သည်။





နောက်ဆုံး မိန်းမစကား နားယောင်တဲ့ အစ်ကိုကြီးက ခွဲထွက်သွား၏။ အစ်ကိုကြီးမိန်းမကို သဘောမကျသဖြင့် သားသားကို သိုက်တို့ ခေါ်ထားလိုက်သည်။

ဒါတောင် သားကိုခေါ်ထားပြီး ပြုစုကျွေးမွေးစရိတ်တောင်းမလို့လားဟု အမေးခံရသဖြင့် အစ်ကိုကြီးမိန်းမကို သိုက်တို့မိသားစု စာရင်းဖြတ်လိုက်ကြသည်။

အိမ်ကိုလာရင် အစ်ကိုကြီးပဲလာ။ သူ့မိန်းမကိုလုံးဝ ခေါ်မလာရဟု အဖေ အမိန့်ထုတ်တဲ့အထိ ဖြစ်သွား၏။

အစ်ကိုကြီး အိမ်ခွဲပြီး မကြာခင် အစ်မက အိမ်ထောင်ပြုသည်။ သူ့ယောကျ်ားကလည်း ဆရာဝန်ဆိုတော့ နယ်တွေပြောင်းနေရသဖြင့် တစ်နှစ် တစ်ခါလောက်ပဲ ပေါ်လာကြသည်။

ဒါပေမဲ့ အစ်မ ကလေးမွေးတော့ ကလေးကို သိုက်တို့အိမ်ကိုပဲ လာပို့သွားပြန်သည်။ အလုပ်မအားလို့တဲ့။ မွေးတုန်းကတော့ မွေးကြ၏။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



တူလေးနှစ်ယောက်ကိုထိန်းရင်း သိုက် ဆယ်တန်းအောင်ခဲ့တာပါ။ သိုက် ဆယ်တန်းအောင်တဲ့အထိ အဖေနဲ့အမေက အရင်ကစုဆောင်းခဲ့တဲ့ ဘဏ်တိုးလေးနဲ့ ထိုင်စားခဲ့ကြသည်။

သိုက် ဆယ်တန်းအောင်တော့ အဖေက သိုက်ကို စင်ကာပူမှာ ကျောင်းသွားတက်ခိုင်းသည်။

"ငါ့သမီးငယ်လေး ဒီမှာနေရင်း ကလေးတွေ ထိန်းရတာနဲ့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ သမီး စင်ကာပူမှာ ကျောင်းသွားတက်"

"စင်ကာပူသွားတက်ရင် ပိုက်ဆံကုန်မှာပေါ့ အဖေ"

"ကုန်ပါစေလေ။ ပိုက်ဆံရှာတာ သုံးဖို့ပဲလေ သမီးရဲ့။ အဖေတို့မှာ သမီးကို ကျောင်းထားဖို့တော့ ရှိပါသေးတယ်"





"ဟုတ်တယ် သမီး။ အကြီးနှစ်ယောက်အတွက် ပူစရာမလိုတော့ဘူး။ သူတို့ခြေထောက်ပေါ် သူတို့ရပ်နိုင်အောင် ပညာသင်ပေးလိုက်ပြီးပြီ။ မေတို့မှာ ဥစ္စာအမွေပေးစရာ မရှိဘူး။ ပညာအမွေပဲ ပေးနိုင်မယ်။ စင်ကာပူမှာကျောင်းတက်ပြီး ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်အောင် ကြိုးစား"

"ဖြစ်ပါ့မလား အမေ။ ဒီကလေးနှစ်ယောက်စရိတ်ကလည်း ရှိသေးတယ်။ သူတို့မိဘတွေက လှည့်ကြည့်တာ မဟုတ်ဘူး။ အစ်ကိုကြီးကလေး ခေါ်ထားလို့ အစ်မလတ်ကပါ သူ့သားလာပို့ထားတာ။ သူတို့ကလေးတွေအတွက် တစ်ပြားတစ်ချပ်တောင် ပို့ပေးတာ မဟုတ်ဘူး"

"ထားလိုက်ပါ သမီးရယ်။ သမီးအစ်ကိုနဲ့ အစ်မကလည်း သူတို့အကြောင်းနဲ့သူတို့ ရှိနေတာကိုး"

"ဒါတော့ ဒါပေါ့ မေမေရယ်။ သမီး စင်ကာပူမှာ ကျောင်းသွားတက်ရင် ပိုက်ဆံကကုန်မှာ။ တော်ကြာ နောက်ပိုင်းမှာ အမေ့မြေးနှစ်ယောက်နဲ့ အမေတို့ ငွေရေးကြေးရေး အခက်အခဲ ဖြစ်နေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



“ဖြစ်တော့လည်း ကလေးတွေကို သူတို့အဖေအမေတွေဆီ ပြန်ပို့လိုက်ရုံပေါ့ သမီးရယ်။ ဒီကလေးတွေအတွက် သမီး ကျောင်းမတက်ရဘူး ဆိုတာတော့ မဖြစ်သင့်ဘူးလေ”

“အစ်မလတ်သားကတော့ ပြန်ပို့လို့ရပါတယ်။ အစ်ကိုကြီး သားကို ပို့ဖို့တော့ မဖြစ်နိုင်ဘူး အမေ။ ကလေးကို မိထွေးနဲ့ မထားနိုင်ဘူး”

“မထားပါဘူး သမီးရယ် ပူမနေနဲ့။ အမေ့မှာ အမေ့သမီး အတွက်ရော၊ မြေးနှစ်ယောက်အတွက်ပါ လုံလုံလောက် လောက် ရှိပါတယ်။ မမသိုက်ကလေး စိတ်ချလက်ချ ကျောင်းသွားတက်၊ ဟုတ်ပြီလား”

မမသိုက်က တူနှစ်ယောက်အတွက် ငွေနေမှန်းသိ သဖြင့် အဖေနဲ့အမေက အတင်းကို စင်ကာပူကိုလွှတ်ကာ ကျောင်း တက်ခိုင်းကြသည်။

သိုက်ကတော့ သိုက်မရှိရင် အဖေနဲ့အမေ ပိုပင်ပန်း မှာ သိနေသည်၊ မြေးနှစ်ကောင်က ယောကျ်ားလေးတွေဆိုတော့ မျောက်ရှုံးအောင် ဆော့ကြသည်။



အလုပ်က အငြိမ်းစားရထားသော်လည်း အေးငြိမ်း စွာ မနေရဘဲ မြေးတွေထိန်းရင်း မောနေရမယ့် အဖေနဲ့အမေကို သနားး၏။

ဒါပေမဲ့ သိုက် ဘယ်လိုငြင်းငြင်း အရာမထင်ဘဲ သိုက်ကို စင်ကာပူ ပို့ခဲ့ကြသည်။ သိုက် စင်ကာပူမှာ ကျောင်း တက်သည့်ကိစ္စကို အစ်ကိုကြီးက ဘာမှမပြောသော်လည်း အစ်မ လတ်က ပွစိ ပွစိ။

✤ ○ ✤

www.burmeseclassic.com



"အမေ ... သိုက်က စင်ကာပူမှာ ကျောင်းသွားတက်တော့ ကလေးတွေကို ဘယ်လိုလုပ်ရမလဲ"

"ဘယ်လိုလုပ်ရမလဲ၊ ဒီတိုင်းထားရမှာပဲ"

"သိုက်ရှိတော့ ကလေးထိန်းမယ့်လူ ရှိသေးတာပေါ့"

"သိုက်မရှိလည်း ညည်းကလေးကို ငါ ထိန်းပေးပါ့မယ်၊ စိတ်မချရင်လည်း ပြန်ခေါ်"

"ကလေးကိစ္စက အရေးမကြီးပါဘူး။ အမေက အမေ့သမီး ငယ်ကျတော့ စင်ကာပူမှာ ကျောင်းသွားထားပေးတယ်၊ သမီးတို့တုန်းကတောင် မထားပေးဘူး"

"ဟဲ့ ... နင့်ကို ဆေးကျောင်း ခြောက်နှစ်ခွဲကြီးတောင် ထားခဲ့ပေးတာလေ။ နင့်အစ်ကိုကြီးလည်း အင်ဂျင်နီယာ





ဖြစ်အောင် ထားခဲ့တယ်။ အခု အငယ်မက နင်တို့သားတွေ တစ်ဖက်နဲ့ဆို ဒီမှာ ကျောင်းလွှတ်လွှတ်လပ်လပ် တက်လို့ရမှာ မဟုတ်ဘူး။ အဲဒါကြောင့် နင့်အဖေနဲ့ငါ တိုင်ပင်ပြီးတော့ လွှတ်လိုက်တာပဲ"

ခင်ခင်လတ် ပါးစပ်ပိတ်သွား၏။ ဆက်ပြောရင် သားကိုပါ ပြန်ခေါ်သွားခိုင်းနေဦးမယ်။ သားကို ပြန်မခေါ်နိုင်ပါ။ အစ်ကိုကြီးသားတောင် ဒီမှာနေသေးတာ ခင်လတ်သားလည်း နေရမှာပေါ့။ အငယ်မကို စင်ကာပူမှာ ကျောင်းထားပေးတာကို မကျေနပ်ပေမယ့် ဘာမှမပြောသာ။

အမေတို့က စကားပြောပြတ်သားသလို အလုပ်လုပ်ရင်လည်း သံယောဇဉ်မတွယ်တတ်။ ထို့ကြောင့် အမေတို့ပြောစကားကို စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ နားထောင်ရသည်။ နားမထောင်မိရင် ကိုယ်ပဲနစ်နာမှာ။

ခင်လတ်တို့က ခုဆို နယ်စပ်ဘက်တွေ တာဝန်ကျနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ခင်လတ်ယောက်ျားနဲ့ ခင်လတ်တောင် ဆေးရုံတစ်ခုတည်း အတူကျတာမဟုတ်။ တစ်နေ့ရာဆီပါ။ ဂျူတီအောဖ်တဲ့ရက်မှ ခင်လတ်ဆီ လာနိုင်တာ။

နယ်စပ်မြို့ဆိုတော့ စရိုက်စုံ၏။ သားကိုခေါ်ထားလို့မဖြစ်။

အတူမြင် အတတ်သင်လည်း အဖြစ်မခံနိုင်။ မွေးထားတာက သားယောက်ျားလေးလေ။

ပြီးတော့ သားပညာရေးကလည်း ရှိသေးသည်။ ခင်လတ်တို့က တာဝန်ကျရာ မကြာခဏ ပြောင်းနေရတာ။ ကျောင်းသားအနေနဲ့ကျတော့ တစ်နှစ် တစ်ကျောင်း လိုက်ပြောင်းနေလို့မှ မဖြစ်တာ။ သားပညာရေးကို အနှောင့်အယှက် အဖြစ်မခံနိုင်ပါ။

ထို့ကြောင့် သားကို အမေ့အိမ် ပို့ထားတာပါ။ အမေက အစ်ကိုကြီးသားကို စရိတ်ငြိမ်း ခေါ်ထားလို့ ခင်လတ်လည်း သားအတွက် စရိတ်မပေးပါ။





အစ်ကိုကြီးနဲ့ ခင်လတ်ရဲ့ စီးပွားရေးက တန်းတူပဲလေ။ အစ်ကိုကြီးက မရှိလို့ဆိုရင်တော့ ခင်လတ် မတွက်ကတ်။ ခုတော့ နောက်မိန်းမယူတာနဲ့ ပထမအိမ်ထောင်နဲ့ရတဲ့ ကလေးကို အမေ့အိမ်ပေါ် ထိုးတင်သွားတာ။ ထို့ကြောင့် ခင်လတ်လည်း သားကို အမေ့ဆီ စရိတ်ငြိမ်း ပို့ပစ်တာ။

အခု အငယ်မက စင်ကာပူမှာ ကျောင်းသွားတက်မတဲ့။ အဲဒါကိုလည်း ခင်လတ်ရင်ထဲ မနာလိုဖြစ်မိသည်။

"သမီးလည်း နိုင်ငံခြားမှာ ဘွဲ့လွန်တက်ချင်နေတာ။ အမေထားပေးပါလား"

"ညည်းကို ဆရာဝန်ဖြစ်အောင် လုပ်ပေးပြီးပြီ။ ဆရာဝန်ဖြစ်တော့ ယောက်ျားတန်းယူတယ်။ ဘွဲ့လွန်တက်ချင်ရင်တော့ ညည်းယောက်ျားကို ထားခိုင်းပေါ့အေ။ အမေတို့က အိမ်ထောင်မကျသေးတဲ့ အငယ်မကို အတောင်အလက်စုံအောင် လုပ်ပေးရဦးမယ်"

"အမေ့သမီး စင်ကာပူမှာ ယောက်ျားရသွားရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဖူးစာပေါ့အေ။ သားကြီးဆို အိမ်ထောင်နှစ်ဆက်ရှိပြီ။ ညည်းလည်း ညည်းအိမ်ထောင်နဲ့ညည်း စိတ်ချရပြီ။ အငယ်မကိုလည်း လင်ကောင်း သားကောင်းလေး ရစေချင်ပါတယ်"

ခင်လတ် မကျေမနပ်နဲ့ပဲ ပါးစပ်ပိတ်လိုက်ရသည်။

အစ်ကိုကြီးက စိတ်ရင်းကောင်းသော်လည်း နောက်မိန်းမက မကောင်း။

အစ်မလတ်ကျတော့ ခဲအိုက အေးဆေးသလောက် ကိုယ့်အစ်မက အူပုပ်သည်။

သိုက် လေယာဉ်ကွင်းဆင်းတော့ အစ်ကိုကြီးရော အစ်မလတ်ပါ မလာကြ။ အလုပ်မအားလို့တဲ့။

အဖေနဲ့ အမေရယ်၊ သိုက်တူလေးနှစ်ယောက်ရယ်ပဲ လိုက်ပို့ကြ၏။

ထို့ကြောင့် သိုက်ကလည်း အစ်ကို အစ်မတွေကို သိပ်မလွမ်းပါ။

✤ ◯ ✤





သိုက် ပြန်လာပြီး စီးပွားရေးတွေလုပ်တော့လည်း အမေက အစ်ကိုကြီးနဲ့ အစ်မလတ်ကို တတ်နိုင်သလောက် ရှယ်ယာထည့်ပေးဖို့ ပြောသေးသည်။

အဖေနဲ့အမေ့မှာက ငွေအင်အားနည်းနေလို့ ရှယ်ယာသဘောမျိုး ထည့်ခိုင်းတာပါ။ ဒါပေမဲ့ အစ်ကိုနဲ့အစ်မကတော့ သူတို့ပိုက်ဆံတွေ ဆုံးရှုံးမှာကြောက်လို့ မထည့်ခဲ့ကြ။

"အငယ်မတ ကလေးပဲ ရှိသေးတာ စီးပွားရေးအမြင့်မရှိ ဘဲလုပ်ရင် ပြုတ်သွားမှာပေါ့ အမေရဲ့။ အမေတို့ပဲယုံပြီး လုပ်ခိုင်း။ ခင်လတ်ကတော့ မရင်းရဲဘူး။ ရှိစုမဲ့စုလေးပြုတ်သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးကလည်း ...

"ကျွန်တော်ကတော့ ညီမလေးကို ထည့်ပေးချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မိန်းမအကြောင်းက သိတဲ့အတိုင်းပဲ"

ဒီလိုနဲ့ အဖေနဲ့အမေက သိုက်တို့ လက်ရှိနေတဲ့အိမ်ကိုပေါင်ပြီး သိုက်ကို အရင်းအနှီး ထုတ်ပေးခဲ့သည်။

ဒေါ်တောင် ခင်လတ်က မေးသေး၏။

"အမေတို့ ပိုက်ဆံ ဘယ်လိုအဆင်ပြေသွားလဲ"

"ဘယ်လိုပဲပြေပြေပေါ့အေ"

အမေတင်းနေမှန်း သိ၍သာ ဘာမှထပ်မပြောတော့တာပါ။

သိုက်ရဲ့လုပ်ငန်းတွေ တဖြည်းဖြည်း အောင်မြင်လာလာတော့ အိမ်ပေါင်ထားတာကို တတိတိ ပြန်ဆပ်ရသည်။ အပေါင်ခံတဲ့သူက အမေ့သူငယ်ချင်းဆိုတော့ အားလုံး အဆင်ပြေအောင်ညှိနှိုင်းပေးပါသည်။

ဒီလိုနဲ့ သိုက်ဘဝကို တဖြည်းဖြည်း စခဲ့တာပါ။





စီးပွားရေးလောကမှာ သိုက် အထိုက်အလျောက်ရပ်တည်နိုင်လာတော့ သိုက်ကို စိတ်ဝင်စားသူ အမျိုးသားတွေလည်း တန်းစီလာပါသည်။

ဒီခေတ်ကြီးက သိတဲ့အတိုင်း နှလုံးသားခေတ်မဟုတ်တော့။ အိမ်ထောင်ရေးကို နှလုံးသားနဲ့ ဆုံးဖြတ်တာက လူတချို့အတွက်တော့ ဘိုးစဉ်ဘောင်ဆက်မှာ ကျန်ရစ်ခဲ့ပါပြီ။

ဦးနှောက်ခေတ်လည်း မဟုတ်တော့ပါ။ အိမ်ထောင်ရေးကို ဦးနှောက်နဲ့ စဉ်းစားဆုံးဖြတ်တာကလည်း နှစ်ဆယ်ရာစုမှာ ကျန်ရစ်ခဲ့ပါသည်။

ဒီနေ့ခေတ်က ကွန်ပျူတာခေတ် ဖြစ်ပါ၏။ ဦးနှောက်ထက်ပိုပြီး အတွက်အချက်တော်တဲ့ ကွန်ပျူတာနဲ့ သေချာချိန်ဆတွက်ချက်ပြီးမှ အိမ်ထောင်ဖက်ကို ရွေးချယ်လာကြ၏။ (လူတချို့အတွက် ပြောတာပါ။)

နှလုံးသားနဲ့ ဆုံးဖြတ်တဲ့ သူတွေလည်း ရှိနေပါသေးသည်။ လုံးဝကို နှလုံးသားသက်သက် ကိုးကွယ်ပြီး အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ပြုတတ်တဲ့သူတွေကိုတော့ ရှုးမိုက်လွန်းသူတွေဟု အထင်ခံရနိုင်ပါသည်။

တချို့ကျတော့ နှလုံးသားနဲ့ရော ဦးနှောက်နဲ့ပါတွက်ပြီး အိမ်ထောင်ပြုကြ၏။ ထိုသို့သော လူမျိုးကိုတော့ မပြတ်သားသူဟု သတ်မှတ်ပါ၏။

ဦးနှောက်ကို အသုံးချပြီး အိမ်ထောင်ပြုသူတွေကတော့ သာမန်လူတွေပါ။

ခေတ်မီသူတိုင်းကတော့ ကွန်ပျူတာတွက်,တွက်ပြီး အိမ်ထောင်ပြုလာကြပါသည်။

ထို့ကြောင့် သိုက်ရှေ့မှာ ကွန်ပျူတာတွေ တန်းစီနေပါ၏။

✤ ○ ✤



လူဆိုသည်ကား အတ္တမျိုးတွေ ဖြစ်ပါသည်။ ကိုယ်ကသာ ကွန်ပျူတာနဲ့ တွက်ချင်တွက်လိုက်မည်။ ကိုယ့်ကိုတော့ ကိုယ့်ရဲ့အိမ်ထောင်ဖက်က နှလုံးသားနဲ့ ချစ်စေချင်ပါသည်။

ထိုထဲမှာ သိုက်လည်းပါသည်။ သိုက်ရဲ့အသက်အရွယ်က ဆယ်ကျော်သက်တွေလို အချစ်ကို အရူးအမူးကိုးကွယ်တတ်သည့် အရွယ်မဟုတ်တော့သလို အရူးအမူး ချစ်တတ်သည့် စိတ်မျိုးလည်း မရှိနိုင်ပါ။

ဒါပေမဲ့ သိုက် လူတစ်ယောက်ကိုတော့ သဘောကျခဲ့ပါသည်။

ထိုလူကလည်း သိုက်လို စီးပွားရေးသမားပေါက်စပဲဆိုပါတော့။ ဒါပေမဲ့ အစ်မလတ်က ပွဲဖျက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုက်တူနှစ်ယောက်မှာ အစ်ကိုကြီးသားက စိတ်ဒဏ်ရာရကာ လူဆိုးကလေး ဖြစ်နေခဲ့သည်။

အစ်မလတ်သားကတော့ ခဲအိုနှင့်တူစွာ အေးဆေးငြိမ်သက်ပါသည်။

မိခင်ရင်ခွင်မဲ့နေသော အစ်ကိုကြီးရဲ့သားလေးဟာ သိုက်ကို အင်မတန် ခင်တွယ်ကာ သိုက် အိမ်ထောင်ပြုမှာကို လုံးဝမလိုလားပါ။

ဆယ်ကျော်သက်အရွယ် ရောက်လာပြီမို့ Broken family ခံစားမှုက သားသားကို မိုက်ရူးရဲဆန်စေခဲ့သည်။

သိုက်နဲ့ တွဲသွားတွဲလာ လုပ်နေသူကို သားသားက ချောင်းရိုက်ခဲ့သည်။

ဆန္ဒမျိုးစုံပြနေသောသားသားဒဏ်ကို မခံနိုင်သဖြင့် ထိုလူလည်း နောက်ဆုတ်သွားခဲ့သည်။

ထို့နောက်မှာ သိုက်ရဲ့အသိုင်းဝိုင်းထဲမှာ ထိုသတင်းပျံ့သွားပြီး သိုက်ရဲ့အိမ်ထောင်ဦးစီးနေရာအတွက် တန်းစီထားသူတွေလည်း နောက်ဆုတ်ကုန်ကြ၏။





အစ်မလတ်ကတော့ သိုက်ကိုယူရင် မိဘတွေနဲ့ တူနှစ်ယောက်ကိုပါ ချစ်ရမည်ဟု သတင်းလွှင့်လိုလွှင့်။

သိုက်နားချဉ်းကပ်လာသူတွေကို အကဲခတ်ကာ စစ်စစ်ပေါက်ပေါက် အပြစ်ရှာလိုရှာ။ မချေမင ဆက်ဆံလိုဆက်ဆံနှင့်။

အမျိုးမျိုး ပွဲဖျက်ခဲ့သည်။

ကြာလာတော့ ကွန်ပျူတာသမားတွေ သိုက် အသိုင်းအဝိုင်းကို စိတ်ပျက်လာကြသည်။ သူတို့အားမှာ သိုက်က စံချိန်မမီတော့။

သိုက်တို့အရွယ်နဲ့ အနေအထားက ဘာပဲဖြစ်ဖြစ် ဖွတ်တိုးနိုင်တဲ့အရွယ်က လွန်ခဲ့ပြီဆိုတော့ သိုက်အတွက် အိမ်ထောင်ဖက်ဆိုတာကို အောင်သွယ်ကတစ်ဆင့် စပ်ရဟပ်ရတော့မလိုဖြစ်နေသည်။

အောင်သွယ်ကတစ်ဆင့်ခံပြီးမှ အိမ်ထောင်ဖက်ရှာရတာကို သိုက်က မကြိုက်ပါ။ သိက္ခာကျတယ်လို့ ထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အောင်သွယ်လောက ဆိုတာကလည်း စကေးအသိုင်းအဝိုင်းက လူတွေပဲလေ။ ဒီတော့ သိုက်က လာသမျှကို ဖြိုးဖြိုးလေးပဲ ငြင်းမိသည်။ မငြင်းလို့လည်း ကြာရှည်တွဲရမှာမှ မဟုတ်တာ။ ပိုဆိုးတာက သိုက်နှလုံးသားက ချစ်ရမယ့်သူ မတွေ့သေးတာပါ။

သိုက်အတွက် စည်းစိမ်ဥစ္စာဆိုတာ ရှိသင့်သလောက် ရှိပြီးပြီ။ သိုက်ရဲ့အိမ်ထောင်ဖက်ကို သိုက်နှလုံးသားနဲ့ ရွေးချယ်လို့ရပြီ။ သိုက်ချစ်တဲ့သူ မတွေ့ရင် အိမ်ထောင်မပြုတော့ဟု ဆုံးဖြတ်လိုက်ပြီ။

♣ ○ ♣





သားသားကလည်း ဆိုးသည်။ အမိမဲ့သား၊ ဖခင်နဲ့လည်း တကွဲတပြားစီ နေရလို့ သိုက်ရော အဘိုးအဘွားတွေကပါ ချစ်သနားပို့ အလိုလိုက်ခဲ့တာပါ။

ခုတော့ သားသားကို ဘယ်သူမှ မနိုင်ကြတော့။

သားသားသည် ကျောင်းစာကိုလည်း လုံးဝစိတ်မဝင်စား။ အပျော်အပါးပဲ မက်နေသည်။

ဖခင်ဖြစ်သူကလည်း မယားအလိုကျ သားကို မ,မနိုင်တော့ သားသားက ဖခင်ရှိရက် မိဘမဲ့နေသလို ဖြစ်နေသည်။

ထို့ကြောင့် သားသားက ပိုရွဲ့သည်။ သားသားသည် ကျူရှင်လွှတ်တော့ ကျူရှင်မတက်ဘဲပြေးသည်။ အိမ်ကို ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ Guide တွေ ခေါ်ပေးတော့လည်း အမျိုးမျိုးပုန်ကန်လွှတ်သည်။

ဒီလိုနဲ့ သားသား ရှစ်တန်းကို တဖုန်းဖုန်းကျသည်။ ဆရာ,မနိုင် ကျောင်းသားရဲ့ ပညာရေးက ဘယ်လိုမှ မထွန်းကား။

သားသားတစ်ယောက် ရှစ်တန်းကမတက်နိုင်ဘဲ ဖြစ်နေစဉ် မလတ်သား ညီညီကတော့ တစ်နှစ်တစ်တန်း မှန်မှန်တက်ကာ ဆယ်တန်းအောင်ခဲ့သည်။

ညီညီ ဆယ်တန်းအောင်တော့ မလတ်က ညီညီ့ကို စင်ကာပူမှာ ကျောင်းဆက်တက်စေချင်သည်။ သူမတို့မထားနိုင်လို့ သိုက်ကို အကူအညီတောင်းသည်။

သိုက်သည် မလတ်ကို အမြင်ကတ်သော်လည်း လိမ္မာသော ညီညီ့ကို ဥပေက္ခာမပြုချင်တာကြောင့် စင်ကာပူပို့ပေးလိုက်၏။

ညီညီ စင်ကာပူထွက်သော နေ့မှာပဲ သားသားက မိန်းမခိုးလာသည်။ ခိုးလာတဲ့ မိန်းမကလည်း မိန်းမကောင်းမဟုတ်။





နာမည်ကြီးနိုက်ကလပ်က မိန်းမ။

သိုက်တို့ဘက်က ဆတ်ဆတ်ခါ နာသော်လည်း သားသားက ထိုမိန်းမမှ ထိုမိန်းမ။

ထိုမိန်းမက လျှော်ကြေးကောင်းကောင်းပေးရင် တာတာ ပြချင်သည်။ ဒါပေမဲ့ သားသားက ခွာမပေး။

ထိုမိန်းမရဲ့ အပေါင်းအဖော်တွေ ဝိုင်းရိုက်သဖြင့် သားသား ဆေးရုံရောက်ရသေးသည်။

ဒါပေမဲ့ ...

သားသားက ထိုမိန်းမကို ကွာမပေးပါ။

သိုက်တို့ ဝိုင်းပြောကြတော့ သားသားက မိမဆုံးမ ဖမဆုံးမမို့ ဒီလိုမိန်းမမျိုးပဲ ယူတတ်သတဲ့လေ။ သားသား ရွဲ့တာပါ။ ရွဲ့ပြီးယူတာပါ။

ထိုမိန်းမကို အိမ်ပေါ်ခေါ်တင်လာတော့ သိုက်မိဘတွေက စိတ်ဆင်းရဲကြသည်။ ဒီတော့ သိုက်က သားသားကို တိုက်ခန်းဝယ်ပေးလိုက်ရ၏။ အစ်ကိုကြီးကလည်း သူ့မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



မကြည်ဖြူ၍ သားသားကို ဘာမှ ကူပ်မပေးနိုင်။ သားသားတာဝန်က သိုက် ခေါင်းပေါ်ကျသည်။

မကြာပါ။

တစ်လမပြည့်ခင်မှာပဲ ဝယ်ပေးထားတဲ့ တိုက်ခန်းကိုရောင်းစား၊ သုံးဖြုန်းပြီး အိမ်ပေါ်တက်လာကြပြန်သည်။

သိုက်မိဘတွေခမျာ အေးအေးမနေနိုင်ကြ။ သားသားအတွက် ပူရတာနဲ့ ဘုရားတောင် ကောင်းကောင်းမရှိခိုးနိုင်။

သိုက်မနေသာဘဲ တိုက်ခန်းဟားပေးလိုက်ရပြန်သည်။

တစ်နေ့တော့ သားသား ဘိန်းဖြူလက်ဝယ်ရှိမှုနဲ့ ထောင်ကျသွားခဲ့သည်။ သားသား မိန်းမလည်း စုပ်စမြုပ်စပျောက်သွားသည်။

သိုက်တို့မှာ တစ်မျိုးစိတ်ဆင်းရဲရပြန်၏။

✣ ○ ✣





သားသားမရှိတော့လို့ ရန်အေးရပေမယ့် မကြာခဏ ထောင်ဝင်စာ သွားတွေ့ရသည်။ အလုပ်တစ်ခု ပိုလာခဲ့သည်။

ဖေဖေနဲ့ မေမေလည်း သားသားစိတ်နဲ့ တမှိုင်မှိုင်။

ကိုကြီးခများလည်း နောင်တတွေရကာ သူ့မိန်းမနဲ့ ကွဲမလို ကွာမလိုတောင် ဖြစ်ကြသေးသည်။

မလတ်ကတော့ ဝမ်းသာနေသည်။ ဖေဖေတို့ မေမေတို့ တစ်ရန်အေးသွားတာပေါ့ဟု ပြောသဖြင့် သိုက် စိတ်တိုရသေး၏။ ကိုယ့်တူအရင်း မဟုတ်တဲ့အတိုင်း ပြောရက်လေခြင်းဟု စိတ်မကောင်း ဖြစ်ရသည်။

ခုလောလောဆယ်တော့ အိမ်မှာ သိုက်နဲ့ ဖေဖေတို့ မေမေတို့ပဲ ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သိုက်လည်း ခုမှပဲ လွတ်လပ်သွားတော့သည်။

အဲဒီအချိန်မှာပဲ သိုက်ကို ရင်ခုန်စေတဲ့သူနဲ့ သိုက် စတင်ဆုံစည်းခဲ့တာပါ။

သိုက် အချစ်ကို တွေ့ရှိချိန်မှာ သိုက်နာမည်ရှေ့မှာ ဒေါ်တပ်ခေါ်နေကြပြီ။ ဒေါ်မမသိုက် အရွယ်ရောက်မှ သိုက် ရင်ခုန်တတ်ခဲ့သည်။

ရင်က ခုန်မယ့်ခုန်တော့ အခြေအနေ အဆင့်အတန်းလုံးဝမတူသော အင်မတန်ဆင်းရဲတဲ့ တောသားလေးတစ်ယောက်၊ ကိုယ့်ထက် ဆယ်နှစ်ကျော်ငယ်ရွယ်သော ကောင်လေးတစ်ယောက်။

ဘယ်လိုမှ မတူညီသော အခြေအနေမျိုးနဲ့ ကောင်လေးကို သိုက်နှလုံးသားတွေက ငြိတွယ်ခဲ့သည်။

ဘာမှ သေချာမစဉ်းစားရသေးခင် ကောင်လေးကို ရန်ကုန်ခေါ်လာခဲ့သည်။

ကောင်လေးရဲ့ဘဝကို တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ပေးခဲ့သည်။





တစ်ခုပဲ မေးခဲ့တာ။ ကောင်လေးမှာ အိမ်ထောင်ရှိမရှိ။ အိမ်ထောင်မရှိသူ လူပျိုဖြစ်ဖို့ပဲ အရေးကြီးတာ။ သိုက်အတွက် ကံကောင်းတာလေး တစ်ခုက ကောင်လေးက ဆယ်တန်းအောင်ပြီးသား ဖြစ်နေတာပင်။

ဆယ်တန်းအောင်ပြီးသား သူတစ်ယောက်ကို ဆက်ပြီးမြှင့်တင်ပေးဖို့က သိပ်မခက်ခဲ့ပါ။ သိုက် သူ့ဘဝကို တစ်ဆင့်ချင်းမြှင့်တင်ပေးကာ သိုက်နဲ့ အဆင့်တူတဲ့အထိ ဆွဲတင်နေမိသည်။

စီးပွားရေးနဲ့ ပတ်သက်တဲ့ သင်တန်းတွေလည်း တစ်ခုပြီးတစ်ခု တက်ခိုင်းသည်။ သိုက်ရဲ့လုပ်ရပ်တွေကို သိုက်ရဲ့ အတွင်းရေးမှူး သီရိတောင် လိုက်မမီ။

မောင်မောင်ထွဋ်အတွက် သိုက် အကုန်အကျခံလွန်းသည်ဟု ထင်နေမိသည်။

သူမတို့သူဌေးရဲ့ အိုင်ဒီယာကို လိုက်မမီပေမယ့် မေးလည်း မမေးရဲပါ။ သူ့ပိုက်ဆံနဲ့သူ အကုန်ကျခံတာ သီရိက ဘာသွားမေးစရာ လိုလို့လဲ။ ဒါပေမဲ့ အံ့သြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သိုက်က မောင်မောင်ထွဋ်လို ကောင်လေးကို စိတ်ဝင်စားလိမ့်မယ်လို့တော့ ယောင်လို့တောင် မထင်မိပါ။

သိုက်မပြောနဲ့။ သီရိတောင် စိတ်မဝင်စားဘူး။

နယ်စပ်မှာ ဒုက္ခရောက်နေတဲ့ စုတ်ပြတ်နေတဲ့ ကောင်လေးတစ်ယောက်၊ ဆယ်တန်းအောင်ထားလို့သာ နည်းနည်းသုံးစားလို့ရတာပါ။ ခပ်စုတ်စုတ် အရေခွံကို နည်းနည်းအရောင်တင်ပေးလိုက်တော့ ရုပ်ကလေး ထွက်လာပေမယ့် မက်လောက်စရာမှ မဟုတ်တာလေ။

အဲဒါကြောင့် ဘာလို့ သိုက် ပံ့ပိုးပေးနေသလဲဆိုတာ စဉ်းစားလို့ မရတာပါ။

✣ ○ ✣





သိုက်က မောင်မောင်ထွဋ်ကို ဖုန်းတစ်လုံး ဝယ်ပေးသည်။

"မောင်ထွဋ် နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ... ပြေပါတယ်"

"အဆောင်ဆိုတော့ လူများမှာပေါ့"

"ဟုတ်ကဲ့ ... လူမျိုးစုံ၊ စရိုက်မျိုးစုံပါပဲ"

"တိုက်ခန်းနဲ့ နေမလား"

"ဟာ ... ရပါတယ် မမရဲ့၊ ကျွန်တော် အဆောင်မှာပဲ အဆင်ပြေပါတယ်"

"ပြေအောင်နေရင်တော့ ပြေတာပေါ့ကွယ်၊ ဒါပေမဲ့ တိုက်ခန်းနဲ့ဆိုရင် ပိုအဆင်ပြေတာပေါ့၊ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အဆောင်မှာပဲ နေချင်ပါတယ် မမ"

"မမနေတနာကို အလွဲသုံးစားလုပ်နေတာလား။ တန်ဖိုးမထားတာလား"

"မဟုတ်ပါဘူး။ ကျွန်တော် ဝန်လေးလို့"

"ဝန်လေးစရာ အကြောင်းမရှိပါဘူး မောင်ထွဋ်ရယ်။ ဒါနဲ့ မောင်ထွဋ်အကြောင်းတောင် သေချာမမေးမိဘူး"

"ဗျာ"

"သြော် ... မောင်ထွဋ်ရဲ့မိသားစုအကြောင်း သိချင်လို့ပါ။ မောင်ထွဋ်အိမ်ကို တစ်လတစ်သိန်းပို့တာ အဆင်ရောပြေရဲ့လား။ မလောက်ရင်ပြောနော်။ အားမနာနဲ့"

"လောက်ပါတယ် မမ"

"မိဘတွေကို ပို့တာလား"

"ကျွန်တော့်မှာ မိဘမရှိတော့ပါဘူး"

"ဒါဆို မောင်နှမတွေကို ပို့တာလား"

"ဟို ... အဒေါ် ... အဒေါ်ကို ပို့တာပါ"

"သြော်"





"အဒေါ်က ငယ်ငယ်စည်းက ကျောင်းထားပေးတာပါ"

"သြော် ... ဒါဆို ပို့ပေးရမှာပေါ့"

ထွဋ်ကတော့ မိငယ်နဲ့ ဒေါ်လေးမျက်နှာကို မြင်ယောင်ကာ လျှာယားနေသည်။ မုသာဝါဒတွေ ပြောနေတာဆိုတော့ စိတ်ကမလုံ။

"တခြားညီအစ်ကို မောင်နှမရော ရှိသေးလား"

"မရှိပါဘူး"

"အင်း ... စကားမစပ် နောက်တစ်ပတ်ထဲမှာ တိုက်ခန်းကို ပြောင်းနေဖို့ ပြင်ထား"

"မမ"

"တော်ပြီ ... ဒါ မမအမိန့်။ မမမှာ တိုက်ခန်းအလွတ်တစ်ခုရှိတယ်။ အရင်ကတော့ ငှားထားတာ။ အခု လချုပ်ပြည့်သွားလို့ လွတ်နေတာ။ ထပ်မငှားတော့ဘူး။ မောင်ထွဋ်ပဲ နေတော့။ မောင်ထွဋ်နေဖို့ ရှယ်ပြင်ခိုင်းထားတယ်။ နောက်တစ်ပတ်လောက်မှ နေလို့ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ငထွေ၌ ခေါင်းကုတ်နေမိသည်။ မလိုအပ်တဲ့ အကူအညီတွေ မယူချင်ပါ။ အသုံးမဝင်တဲ့ စေတနာအတွက် ကျေးဇူးလည်း မတင်ချင်ပါ။

တစ်ခုယူမိတိုင်း တစ်ခါပိုဝန်လေး၏။ ဒါပေမဲ့ အမိန့်နဲ့ ကိုင်ပေါက်တော့လည်း ခက်သား။ သူ့ဆန်စား ရဲမှဆိုတဲ့ စကားကို ပြောင်းပြန်လှန်ပြီး သူ့ဆန်စား အခန့်သား ဖြစ်နေပြီ။ ဘယ်အချိန်မှ ဒါတွေကို ပြန်ဆပ်နိုင်းမလဲ မသိ။ ဘယ်နည်းနဲ့ ပြန်ပေးဆပ်ရဦးမလဲ မသိ။

အရလွယ်လွန်းသော အခွင့်အရေးတွေကို သူ မလိုချင်ပါ။ အယူလွယ်၍ အဆပ်ခက်မှာ စိုးလှသည်။

သူ့အဖြစ်က အဆင်ပြေလွန်းလှ၍ ရင်မောနေရသည်။

✤ ◯ ✤





ငထွေ၌ အခွင့်ရေးသမား မဖြစ်ချင်ပါ။ မိငယ်အပေါ်လည်း သစ္စာမမဲ့ချင်ပါ။

ဒါပေမဲ့ ငထွေ၌သည် မမသိုက်ရဲ့ကျေးဇူးတရားတွေကို ရှောင်လွဲလို့မရ။ မမသိုက်ရဲ့ တိုက်ခန်းမှာ မပြောင်းချင်ဘဲ ပြောင်းနေရသည်။

တိုက်ခန်းက သူလို တောသား အညာတရအတွက် အရမ်း အရမ်းကို ကောင်းလွန်းလွန်းနေသည်။ ပရိဘောဂ အပြည့်အစုံ။

အိပ်ခန်းရော ဧည့်ခန်းမှာပါ air-con နဲ့၊ မွေးပွကော်ဇောနဲ့။ ရေခဲသေတ္တာထဲမှ သောက်စရာအပြည့်။ အပူရော အအေးပါ ထည့်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေခဲသေတ္တာထဲမှာ အပူထည့်ထားသည်ဆိုလို့ တလွဲ မထင်ပါနဲ့၊ ရင်ကိုအေးစေသော အအေးနဲ့ ဘီယာတို့သာမက ရင်ကိုပူစေသော အရက်အကောင်းစားပုလင်းတွေကိုပါ ထည့်ပေး ထားလို့ အပူရော အအေးပါ ထည့်ထားသည်ဟု ပြောတာပါ။

တိုက်ခန်းက အသက်ရှုကျပ်ရလောက်အောင် စိတ် ညစ်ရလောက်အောင်ကို ကောင်းလွန်းနေသည်။

ပိုဆိုးတာက မမသိုက်က သူတက်ရသမျှပွဲတိုင်း သူ့ကိုပါ ခေါ်သွားတတ်သည်။

ထို့အတွက်လည်း သူ့တိုက်ခန်းမှာ သူ ပြောင်းမလာ ခင်တည်းက ခါးပတ်ကအစ၊ ဖိနပ်၊ ခြေအိတ်ပါမကျန် အဝတ် အစား အကုန်စီစဉ်ပေးထားသည်။

နိုင်ငံခြားခရီးစဉ်တစ်ခုထွက်တော့ နာရီတစ်လုံးဝယ် ပေးတာ ခေါ်လာသောင်းချီတန်သည်။

တကယ်ပါ။

တိုက်ခန်းကို ပြောင်းပြီးမှ သူ့ကိုယ်ရောင်ကိုယ်ဝါ တွေ ပိုတောက်ပလာသလို မမသိုက်ကလည်း သူ့နား တစ်ဆိတ်





ကပ်လွန်းသည်။ ဒါပေမဲ့ သူ့မှာ ရှောင်စရာလမ်းမရှိ။ ထွက်ပေါက် မရှိ။ ခုဆို သူ့အိမ်ကို သူတစ်လသုံးသိန်းခန့် ပို့နိုင်နေပြီ။

မမသိုက်ရဲ့ကျေးဇူးတရားတွေကြောင့် သူ ရှောင်လွှဲ ရခက်နေတာဆို ပိုမှန်ပါလိမ့်မည်။

မမသိုက်ရဲ့ဆက်ဆံရေးက တစ်မျိုးဖြစ်နေသည်ဟု လည်း ထင်သည်။ ထင်လည်း မထင်ရဲ။

တော်တော်တော့ စိတ်ရှုပ်စရာကောင်းသည့် အခြေ အနေပါ။

ဒါပေမဲ့ မိငယ်ကတော့ တော်တော်အဆင်ပြေနေ သည်။ ကုန်စုံဆိုင်လေးတောင် ဖွင့်ထားနိုင်ပြီဆိုပဲ။ ဆိုင်အကြီးကြီး တော့ မဟုတ်။ ဒါပေမဲ့ အစပျိုးနိုင်တာပဲ ဝမ်းသာစရာပါ။

မိငယ် အဆင်ပြေနေတာကို ဝမ်းသာပေမယ့် ကြာရင် တော့ ဆုပ်လည်းစူး စားလည်းရှူး ဖြစ်တော့မည်။

သူ ဘာလုပ်ရမှန်းမသိ။

မမသိုက်ကတော့ ငွေနှင့်ကို သူကိုယ်တိုင် ဆုထစ် ထားသော ပန်းပုရုပ်လို လိုသလို ပုံသွင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သေးတစ်ရုပ်လို ကြိုးတွေတပ်ပေးပြီးမှ အမျိုးမျိုးဆွဲခါလှုပ်ယမ်းနေ၏။

မကချင်လည်း ကရတာ ညောင်းလှ၏။

ကြာလာတော့ မမသိုက်တို့ အသိုင်းအဝိုင်းတစ်ခုလုံးမှာ မမသိုက်နဲ့သူ့ကို စုံတွဲအဖြစ် အသိအမှတ် ပြုလိုက်ကြကာ သူနဲ့ မမသိုက်တို့ အလိုလိုပဲ သက်ဆိုင်သလိုလို ဖြစ်သွားသည်။

မမသိုက်က မငြင်းဘဲ အလိုက်သင့် ဆက်ဆံသဖြင့် ပတ်ဝန်းကျင်က ပိုပြီးထင်သွားကာ ... မမသိုက်က မငြင်းဘဲ ... သူက ငြင်းလိုက်ရင် ... ...။

တစ်စထက်တစ်စ အခြေအနေတွေက ပို၍ဆိုးကုန်၏။

✤ ○ ✤





မမသိုက်ရဲ့အိမ်မှာ ဝင်ထွက်သွားလာသဖြင့် မမသိုက်ရဲ့မိဘတွေနဲ့လည်း ရင်းနှီးနေပါပြီ။

မမသိုက် မိဘတွေကလည်း သူ့ကို နွေးနွေးထွေးထွေး ဆက်ဆံကြပါသည်။

တစ်ခုပဲ။

မမသိုက်ရဲ့အစ်မကတော့ သူ့ကို ကြည်ဖြူပုံမပြ။ အထင်တသေး ကြည့်တတ်သည်။

မမသိုက်ရဲ့ အစ်ကိုနဲ့လည်း မိတ်ဆက်ပေးဖူးသည်။ မမသိုက် အစ်ကိုကတော့ ပုံမှန်ပဲ ဆက်ဆံပါသည်။

တစ်ရက်တော့ မမသိုက်က သူ့ကို အင်းစိန်ထောင်ကိုခေါ်သွားသည်။ သူ့တူကို ထောင်ဝင်စာသွားတွေ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



မမသိုက်ရဲ့တူက ထောင်ထဲမှာတောင် သူ့ကိုဝူးဝူး ဝါးဝါး လုပ်ချင်နေသေးသဖြင့် တာဝန်ကျရဲတွေက ထိန်းသိမ်းသွား ရသေး၏။

အင်းစိန်ထောင်က ပြန်လာတော့ မမသိုက်က သူ့ ကို အကျိုးအကြောင်း ရှင်းပြသည်။

မမသိုက်ရဲ့မိသားစုအကြောင်း ကြားရတာ စိတ်မ ကောင်းပါ၊ အထူးသဖြင့် ထောင်ကျနေတဲ့ မမသိုက်ရဲ့တူလေးကို နားလည်ပေးလို့ ရသွားပါသည်။ သူက မိဘမရှိလို့ မှဲ့ရတာ။ သားသားခမျာ မိဘရှိရက်နဲ့ မိဘမဲ့နေရှာတာပါ။ ဒီတော့လည်း ဆိုးပြီပေါ့။

မမသိုက် ဘဝကျတော့လည်း သနားစရာ။ ကိုယ် မွေးထားတာ တစ်ယောက်မှ မရှိပါဘဲ အစ်ကို အစ်မတွေ မွေး ထားတဲ့ ကလေးတွေကို တာဝန်ယူနေရတာပါ။

မမသိုက်ရဲ့ ပတ်ဝန်းကျင်မှာလည်း မမသိုက်ကို ကလေးတစ်ယောက်မအေလိုလို ပြောကြသေးသည်။





သားသား မွေးထားတာလေ။ သားသားကို မမသိုက် ရဲ့ တိတ်တိတ်ပုန်းကလေးလို့ ထင်နေကြသည်။

ထို့အတွက် မမသိုက်ရဲ့ အသိုက်အဝန်းထဲက လွတ် လပ်တဲ့ယောကျ်ားပျို့တွေက မမသိုက်ကို စိတ်မဝင်စားကြ။ အဲဒါ ကြောင့် မမသိုက်က သူနဲ့တွဲပြနေတာလား မသိပါ။

ထို့ကြောင့် မမသိုက်နဲ့ တရင်းတနှီး နေရတာကို စိတ်ညစ်ဆေမယ့် တစ်ခါတလေတော့လည်း မမသိုက်ကို သူ သနားမိပါသည်။

အဲဒါကြောင့်လည်း ကျေးဇူးရှင် မမသိုက် ကြိုးဆွဲမှု ကို သူ မငြင်းဆန်နိုင်ခဲ့။

✤○✤



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တော့ ညှော်ခံပွဲတစ်ခုကို မမသိုက်နဲ့ သူလိုက်သွားခဲ့ရသည်။

ထုံးစံအတိုင်း မမသိုက် ကောင်းမှုနဲ့ မောင်မောင်ထွန်းက သန့်ပြန့်ခန့်ညားနေသည်။

ထိုပွဲမှာ တစ်ချိန်က မမသိုက်နဲ့ ပတ်သက်ခဲ့ဖူးတဲ့ လူက သူ့ကို စကားလာပြောသည်။

မမသိုက် သူ့မိတ်ဆွေတွေနဲ့ စကားပြောနေချိန်မှာ ထိုလူက သူ့နားရောက်လာခဲ့ကာ ...

"ညီလေးက မောင်မောင်ထွန်းနော်"

"ဟုတ်ကဲ့"

"သိုက်ရဲ့ပါတနာပေါ့"





သူ ဘာမှပြန်မပြောမိ။ မဟုတ်လို့ ဝန်မခံသလို ငြင်းလိုက်ပြန်ရင်လည်း မမသိုက်ရဲ့ဂုဏ်သိက္ခာအတွက် သူ ဘာမှ ပြန်မပြောမိတာပါ။

"မင်း သိုက်အကြောင်း ဘယ်လောက်သိလဲ ညီလေး"

"သိသင့်သလောက် သိပါတယ်"

"ကိုယ်က ညီလေးကိုခင်လို့ စေတနာနဲ့ပြောတာနော်။ သိုက်ကို သိပ်မယုံနဲ့ ညီလေး။ သိုက်မှာ ကောလာဟလတွေ ရှိတယ်ကွ"

"ဘာလဲ အစ်ကို၊ သားသားကိစ္စကို ပြောတာလား"

"ဆိုပါတော့ကွာ၊ ကိုယ်တောင် အဲဒီကိစ္စကြောင့် သိုက်နဲ့ ခွာပြီးသွားတာ။ အဲဒီချာတိတ်က တော်တော်ဆိုးတာကွ။ သိုက်ကလွဲရင် ကျန်တဲ့မိသားစုဝင်တွေကလည်း ဟုတ်ဟုတ်ငြားငြား မရှိပါဘူးကွာ"

"အစ်ကိုက ဘာလို့ ကျွန်တော့်ကို ဒါတွေလာပြောနေတာလဲ"

"ငါ့ညီကို ယောကျ်ားချင်း စေတနာနဲ့ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးဗျာ။ အစ်ကိုနဲ့ ကျွန်တော် သိလည်းမသိဘူး။ စေတနာထားစရာလည်း မလိုဘူး။ မမသိုက်အပေါ်လည်း အဲဒီလို လိုက်မလုပ်ပါနဲ့ဗျာ။ မစားရတဲ့အမဲကို သဲနဲ့ပက်တာ ယောကျ်ားကောင်းတွေ အလုပ်မဟုတ်ဘူးဗျ"

"မင်း စော်ကားလှချည်လား"

"ခင်ဗျား ယောကျ်ားထန်မှဲ့ မမသိုက်ကို စော်ကားနေတာ ကြတော့ရော"

"မိန်းမထဘီနား ခိုစားချင်တော့ ကလေးအမေတောင် မရှောင်နိုင်တဲ့ကောင်တွေလည်း ရှိသေးတာပဲ"

"ဟာ ... ခွပ် ... ခွပ်"

ငထွန့် စိတ်မထိန်းနိုင်ဘဲ နှစ်ချက်ဆင့်ထိုးပစ်လိုက်သည်။

"ဟာ ... ဟော့ ... မလုပ်ကြနဲ့လေ"

ဘေးကလူတွေ ဝိုင်းဆွဲကြသည်။ မမသိုက်လည်း အနားရောက်လာကာ ...

"မောင်ထွန့် ဘာယ်လိုလုပ်လိုက်တာလဲ"





"ဒီလူ မမကို လာစော်ကားနေလို့"

မမသိုက်က ထိုလူကို တစ်ချက်ခပ်စူးစူးကြည့်ကာ ...

"ပြန်ကြရအောင် မောင်ထွန့်"

ကားပေါ်ရောက်တော့ ...

"သူက စကားနဲ့ပြောရင် ကိုယ်ကလည်း စကားနဲ့ပဲရအောင် ပြန်အနိုင်ယူပါ မောင်ထွန့်၊ လက်ပါတာ မင်းမှားတယ်။ ဒီအသိုင်းအဝိုင်းမှာ လက်ပါရင် လူကြီးလူကောင်း မဟုတ်ဘူး"

"ကျွန်တော် အယောင်ဆောင် လူကြီးလူကောင်း မလုပ်တတ်ဘူး မမ"

"လုပ်တတ်အောင် လေ့ကျင့်ထား"

သူ ဘာမှပြန်ပြောခွင့်မရှိ။ မမသိုက်က သူ့ကို ခပ်စိုက်စိုက်ကြည့်ကာ ...

"အဲဒါ မမသိုက် ဘဝပဲ မောင်ထွန့်"

မမသိုက်ကို သူ သနားသွား၏။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



အခြေနေက ပိုဆိုးလာသည်။ မမသိုက်ရဲ့ပတ်ဝန်းကျင်သာမက။ စင်ကာပူရှိ မမသိုက်ရဲ့သူငယ်ချင်းတွေကပါ သူနဲ့ မမသိုက် အကြောင်းကို တွဲထင်နေကြသည်။

စင်ကာပူက မမသိုက် သူငယ်ချင်းတွေလာတော့ မမသိုက်က သူ့ကိုခေါ်သွားပြီး မိတ်ဆက်ပေးသည်။

"ဟယ် ... အသိုက်က ပါတနာနဲ့လာတာတော့"

"ကော့ရှ တော့ ဒီကလေးနာမည် မောင်မောင်ထွန်း ထင်ပါ"

"သန့်ပြီး ခန့်နေတာပဲ အသိုက်ရယ်။ နင် ဘယ်လိုများ ရှာထားလဲဟယ်"

မမသိုက် သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ဝိုင်းစတဲ့အသံတွေ ကြားကနေ ထွက်ပြေးချင်စိတ် ပေါက်သည်။





မမသိုက်ကလည်း ပြုံးပြုံး ပြုံးပြုံးနဲ့။ ခုက္ခပဲ။

မမသိုက်သူငယ်ချင်းတွေက သူနဲ့မမသိုက်ကို တစ်ချိန်လုံး တွဲစနေကြတာကို မမသိုက်က တစ်ချက်မှ မငြင်းသဖြင့် သူလည်း ငြင်းရခက်နေသည်။

မမသိုက်ကိုလည်း အံ့သြနေ၏။ မမသိုက် ဘာလို့ မငြင်းတာပါလိမ့်။ တကယ်ဆို ငြင်းသင့်သည်။ သူနဲ့ ဘာမှမဆိုင်တာ။

မမသိုက်ရဲ့ အပြုအမူတွေကို အထင်မလွဲချင်ပေမယ့် အထင်လွဲစရာတွေပဲ ဖြစ်နေသည်။

"ဟော့ ...ဟော့ ... ဒီပွဲကတော့ မောင်မောင်ထွန်းနဲ့ မမသိုက်တို့ရဲ့ပွဲပဲဟော့။ တို့အဖွဲ့ထဲမှာ အတွဲမရှိသေးတာဆိုလို့ ငါတို့ မမသိုက်ကလေးပဲကျန်တာ။ ခုတော့ အားလုံးပြည့်စုံသွားပြီ၊ ကဲ ... ဒေါ်မမသိုက်ရေ ဘယ်တော့ စားရမလဲ"

"ဟဲ့ ... အဲဒါ သိုက်ကိုမေးရမှာ မဟုတ်ဘူးလေဟယ်။ သတို့သားလောင်းကို မေးရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့၊ ကဲ ... မောင်မောင်ထွဋ်ရေ၊ ဘယ်တော့လဲ"

သူ ဘာဖြေရမလဲ။ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်တာကို ဘာကိုဖြေရမှာလဲ။ မမသိုက်ကို လှမ်းကြည့်လိုက်တော့ မမသိုက်ကလည်း သူ့ကို ကြည့်နေသည်။

ဒုက္ခပါပဲ။

"ဟေး ... ကောင်ကလေး ဖြေလေ"

မမသိုက်ကပါ တိုက်တွန်းနေသည်။

"ဖြေလိုက်လေ မောင်ထွဋ်ရဲ့"

မမသိုက်နဲ့သူ ဘာမှမဆိုင်တာ သိရက်နဲ့ မမသိုက် ဘယ်လိုလုပ်နေတာပါလိမ့်။

"သိုက်ရေ ... သူက မဖြေဘူးတော့"

"အေးလေ ... ဒီလောက် ကြောင်းပေးနေတာတောင် မလျှောက်ရဲဘူး။ လူရိုးလေးတော့"

မမသိုက်က ပြုံးနေသည်။

မမသိုက် သူငယ်ချင်းတွေက ...





"မောင်မောင်ထွဋ်ရေ ... ရှက်မနေနဲ့၊ ရှင် သိုက်ကိုချစ်တယ်ဆိုရင် ခုချိန်မှာ ဝန်ခံလိုက်တာ အကောင်းဆုံးပဲ။ သိုက်ကို ရှင့်ရဲ့အလုပ်ရှင်တို့၊ ရှင့်အပေါ် ကျေးဇူးရှိတဲ့ ကျေးဇူးရှင်တို့ ဆိုတာတွေကို မေ့ထားပြီး ရှင့်ရင်ထဲမှာ ရှိတာကို ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်တော့။ ကိုယ့်ရဲ့ မမသိုက်ဘက်က မီးစိမ်းပြနေတယ်လေ။ လက်နှေးမနေနဲ့တော့"

မမသိုက်က ပြုံးနေသည်။ ဒုက္ခပဲ။ ခဏ ခဏ ဒုက္ခတွေ့ရင် သူ ဘာလုပ်ရမှန်းမသိ။ အားလုံးက မျှော်လင့်နေကြသည်။ သူကတော့ မိငယ် မျက်နှာကိုပဲ မြင်ယောင်နေမိသည်။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ကျဉ်းထဲကျပ်ထဲမှာ သူ မမသိုက်ကို မလွှန်ဆန်နိုင်ခဲ့ပါဘူး။

အလေးလှည့်ဆုံးသက်ပြင်းကို လူမသိအောင် ပစ်ချရတာ ပင်ပန်းပါသည်။

ကြမ်းပြင်ကို စိုက်ကြည့်နေတဲ့ သူ့မြင်ကွင်းတွေထဲမှာ မိငယ်မျက်နှာက အပြည့်။ ဒါပေမဲ့ သူ့ပါးစပ်ကတော့ သစ္စာမဲ့တဲ့ ပါးစပ်လား။ ကျေးဇူးသိတတ်တဲ့ ပါးစပ်လား မသိစွာနဲ့ပဲ ...

"မမသိုက် သဘောပါ"

လို့ ပြောမိသွား၏။

ဒါဟာ သူ့အတွက် အဆင်မပြေပါ။ မိငယ်ကို သစ္စာမဲ့ရာ ကျနေပါသည်။ ဒါပေမဲ့ လက်တလော မမသိုက် တစ်ယောက် သူ့သူငယ်ချင်းတွေရှေ့မှာ အရှက်မကွဲစေချင်၍ ပြောတာပါ။ နောက်မှပဲ ပြဿနာကို ဖြေရှင်းဖို့နည်းလမ်းကို စဉ်းစားရမယ်။ မတတ်သာတဲ့အဆုံး သူ့မှာ အိမ်ထောင်ရှိတာ ဖွင့်ပြောရတော့မှာပေါ့။





ဒါပေမဲ့ ဘယ်ကစပြောရမှန်း မသိသေးခင်မှာပဲ မမသိုက်ရဲ့အစ်ကိုကြီးက သူ့ကို ထမင်းစားဖိတ်ခဲ့၏။

ညနေစာဆိုတော့ သိတဲ့အတိုင်း ဘီယာကို ထမင်းနဲ့ မြည်းကြတာပေါ့။

"ငါ့ညီကို ပြောစရာရှိလို့ကွ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"ပြောရမှာ မျက်နှာတော့ ပူတာပေါ့ကွာ။ ဒါပေမဲ့ အစ်ကိုကြီးတော့ အဖရာဆိုတဲ့အတိုင်း ပြောသင့် ပြောထိုက်တာကို ပြောရမှာ"

စကားဦးသမ်းနေကတည်းက သူ စိတ်ညစ်နေသည်။ ဖြစ်နိုင်ရင် ထထွက်သွားချင်နေမိသည်။

"မင်းနဲ့ ညီမလေးအကြောင်း အစ်ကိုကြီးတို့ သိထားကြတယ်။ သဘောလည်းတူတယ်။ လူပျိုဖြစ်ပြီး ငါ့ညီမလေးအပေါ် သစ္စာရှိမယ်ဆိုရင် တော်ပြီ။ သိုက်က မင်းကိုချစ်လွန်းလို့ မင်းဘဝကို အရောင်တင်ပေးပြီး သူနဲ့တန်းတူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ဆွဲတင်ခဲ့တာလည်း တို့မိသားစု သိတယ်။ ဒါပေမဲ့ သိုက် စိတ်ချမ်းသာမယ်ဆိုရင် သဘောတူတယ်"

အစ်ကိုကြီးက စကားခဏရပ်ပြီး ဘီယာတစ်ကျိုက် ကျိုက်လိုက်သည်။ သူကတော့ ဘီယာခွက်ကို လက်နဲ့တောင် မတို့နိုင်။

"သိုက်က မိသားစုထဲမှာ အငယ်ဆုံးလေးပေမယ့် သိပ် အနစ်နာခံရ၊ သိပ်ပေးဆပ်ရတဲ့ ကလေးမ။ ငါညီမလေးကို ငါ သိပ်ချစ်တာကွ။ အဲဒါကြောင့် ငါညီမလေးကို လုံးဝ စိတ်မဆင်းရဲစေချင်ဘူး။ မင်းကိုလည်း တစ်ခုပဲ မှာချင်တယ်။ ငါညီမလေးကို စိတ်ချမ်းသာအောင်ထားပါ။ ဘာမှ မရှိတဲ့ မင်းနဲ့ ငါညီမကို သဘောတူတာ ငါညီမကို စိတ်ချမ်းသာစေချင်လို့။ ငါက ပွင့်ပွင့်လင်းလင်း ပြောတတ်တယ်နော်။ စိတ်မကောင်းတော့ မဖြစ်နဲ့"

ဒုက္ခပါပဲ။ သူတို့ သဘောတူပေးတာကို ကျေးဇူးတင်ရမလို ဖြစ်နေပြီ။ ဒီက သူတို့ညီမကို မယူချင်ပါဘူး။ သူ့မှာ





သက်တူရွယ်တူ ဓနီးတစ်ယောက် ရှိပါတယ်။ ဒီအပျိုကြီး တစ်ဆိတ်ပဟိုင်းကို သူ မလိုချင်ပါဘူး။

"သိုက်လည်း မငယ်တော့ဘူး။ ဒီတော့ မင်းတို့ ဒီတိုင်းတွဲမနေဘဲ မြန်မြန်လက်ထပ်လိုက်ကြတော့"

သူ ခေါင်းကြီးသွား၏။

"မင်းတို့လက်ထပ်ဖို့ ငါတို့ဘက်ကပဲ စီစဉ်ရမှာ။ မင်းဘက်က ခေါ်ချင်တဲ့ အမျိုးတွေရှိရင် လှမ်းခေါ်လိုက်"

"ဗျာ"

"ဘာလဲ ... ဝမ်းသာသွားတာလား၊ ဟား ဟား ... မင်းကို အဲဒါကြောင့် သိုက် သဘောကျတာနေမှာ။ ရိုးသားတာတော့ ကြိုက်တယ်ကွာ"

သူတို့ဘာသာ ကောက်ချက်မျိုးစုံ ဆွဲနေကြပါလား။

"ငါညီမလေးကို မင်းလက်ထဲ အပ်ပါတယ်ကွာ။ ညီမလေး ခမျာ ငါသားလေးကြောင့် စိတ်ဆင်းရဲခဲ့ပေါင်းများပြီ။ ဂရုစိုက်ပြီး ပျော်အောင်ထားပေးလိုက်ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ။ ဖွတ်ကြီးပါလား။ သူ မိငယ်ကိစ္စကို ဘယ်လိုပြောရပါ့မလဲ။ သူ စိတ်ညစ်လိုက်တာ။

"ဘာလဲ ယော့ကောင်၊ မသောက်ဘဲ ပြည့်နေပြီလားဟ။ ချပါ။ ငါတောင် လွှတ်လွှတ်လပ်လပ် မချဖြစ်တာ ကြာပြီဗျ"

"ကျွန်တော် အပြင်းသောက်ချင်တယ် အစ်ကိုကြီး"

"ယော ... အေး၊ သောက်ချင် သောက်လေ"

သူ သောက်ပါသည်။ ပျော်လို့တော့ မဟုတ်။ ညစ်သောက် သောက်တာ။ သူ တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်ပစ်လိုက်သည်။ အရမ်းမူးလာသည်။ များများစားစား တစ်ခါမှ မသောက်ဘူးပဲ သောက်တာ။ လူက အရှိုင်းလို ဖြစ်နေကာ ...။

✣ ○ ✣





အရမ်းမူးနေတဲ့ သူ့ကို သိုက်အစ်ကိုလည်း ဘယ်လိုက်ပို့လို့ ပို့ရမှန်း မသိ။ သိုက်ဆီကိုပဲ ဖုန်းလှမ်းဆက်လိုက်သည်။ သိုက်ကလည်း အစ်ကိုဖြစ်သူကို သူမ အခန်းဝယ်ပေးထားတာ မသိစေချင်။

ထို့ကြောင့် အိမ်ကိုပဲ ခေါ်ခဲ့ခိုင်းလိုက်သည်။ အစ်ကိုကြီးအိမ်ကို ခေါ်သွားခိုင်းလို့လည်း မဖြစ်ဘူး။ အစ်ကိုကြီးမိန်းမက ပြဿနာရှာနေဦးမည်။

နောက် သူမူးလာတာ မိဘတွေ သိမှာလည်းစိုးသည်။

ဟိုတယ်မှာ သွားထားလို့လည်း မဖြစ်။ တော်ကြာ တစ်ယောက်တည်း အမူးလွန်ပြီး ဒုက္ခရောက်နေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိမ်ကိုခေါ်ခဲ့နိုင်းရတာပါ။ အမေတို့ အိပ်ရာဝင်ကုန်ကြပြီ။ ကိုကြီးနဲ့ သူမ အိမ်အောက်ထပ်ထဲက ဧည့်သည်ခန်းမှာ သူ့ကို သိပ်ရသည်။

"ကိုကြီးရယ် ... ဒီလောက်တောင် တိုက်ရလား"

"ငါက ဘီယာပဲသောက်တာ။ နင့်လူက သူ့ဘာသာ သောက်တာ။ အရှိန်းနဲ့ တူပါတယ်ဟ၊ စွတ်သောက်ပြီး မှောက်သွားတာ"

"ဖြစ်ရမယ်"

"ကဲ ... ငါပြန်မယ်၊ နင်လည်း ဒီအခန်းထဲက ထွက်တော့"

"ဟုတ်ကဲ့ပါ"

"မနက်ကျရင် အမေတို့ကို ဘုရားခေါ်သွား။ အဲဒီအချိန် ငါ ဒီကောင့်ကို လာနှိုးသွားလိုက်မယ်"

"အင်းပါ"

"တံခါးလိုက်ပိတ်။ ငါ ပြန်မယ်။ အိပ်လို့လည်း မဖြစ်ဘူး။ အိမ်ကဟာက သိတဲ့အတိုင်း"





"သွားပါ"

"အမေတို့ မသိစေနဲ့နော်။ ငါပါ မကောင်းဘူး"

"အင်းပါ"

"ကိုကြီး ညီမနဲ့ သူ့ကို သဘောတူတဲ့အကြောင်း ပြောလိုက်ပြီ"

"ဟုတ်ကဲ့ပါ"

ကိုကြီးက ပြောပြီးတာနဲ့ အိမ်ထဲက ထွက်သွားသည်။ ကားကို ခြံဝမှာ ရပ်ထားခဲ့သည်။ ခြံထဲဝင်ရင် အမေတို့သိမှာစိုးလို့လေ။ ကိုကြီးကို လိုက်ပို့ပြီး အိမ်ထဲပြန်ဝင်လာတော့ မောင်ထွဋ်အခန်းကို အသာငုံကြည့်မိသေးသည်။ မှူးပြီးအိပ်ပျော်နေပုံက ပီဘိ ချာတိတ်ကလေးပါပဲ။ ကလေးတစ်ယောက်ကို အပြစ်ကင်းစင်လွန်းသည်။

တံခါးကို အသာပြန်စေ့ပြီး အိမ်ပေါ်တက်ခဲ့သည်။ အောက်ထပ်မှာ သူ ရှိနေမှန်းသိတော့ အိပ်လို့မပျော်။ သူမူးလွန်းနေမှာလည်း စိုးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန့်ရဲ့ ဖြူစင်ရိုးသားမှုလေးတွေက မက်မော စရာပါ။

သူတို့အသိုင်းဝိုင်းက ယောက်ျားတွေလို ကွန်ပျူတာ သမားတွေမဟုတ်။

မျက်လုံးစုံမှိတ်ပြီး မောင်ထွန့် အကြောင်းတွေးနေရတာ စိတ်ချမ်းသာသည်။

ဟိုတွေး ဒီတွေးနဲ့ နံနက်သုံးနာရီထိုးသွား၏။ လူက မအိပ်ချင်သေး။ မောင်ထွန့်ကို တစ်ခေါက်ဆင်းကြည့်တော့ အိပ်ရာပေါ်မှာ ကန့်လန့်ကြီး။ လက်တစ်ဖက်နဲ့ ခြေထောက်တစ်ဖက်က ခုတင်အောက် တွဲလောင်းကျနေ၏။

မနေသာပဲ သွားတင်ပေးမိတော့ ...

"မိငယ် ... မိငယ်ရေ"

"မအော်နဲ့လေ တိုးတိုး ... တိုးတိုး"

အမေတို့ ကြားမှာစိုးလို့ သူ့ပါးစပ်ကို လက်နဲ့ပိတ်ထားရသည်။





"မိငယ်"

သူက သူမကို အတင်းဖက်ထားသဖြင့် ဘယ်လိုမှ ရုန်းမရ။

သူက ကယောင်ကတန်းနဲ့ မူးတစ်ဝက်အိပ်မက် ဖြစ်နေသလား မသိ။

"မိငယ် ... ငါ နင့်ကိုပဲ ချစ်တာပါဟာ"

မိငယ် ... မိငယ်နဲ့ တတွတ်တွတ်ရွတ်ရင်း သူမဘဝ ကြွေခဲ့ရသည်။

မိငယ်ဆိုတာ သူမ မဟုတ်မှန်း သိပါ၏။ ဒါပေမဲ့ သူမဘဝ နွမ်းညစ်သွားခဲ့ပြီ။

သူက မိငယ်ကိုပဲ ချစ်သတဲ့။ သူမကတော့ သူ့ကို ချစ်သည်။

သူမနဲ့ တွဲသွားတွဲလာ လုပ်ခဲ့တဲ့ သူ့ကိုလည်း သူမကိုပဲ ချစ်တယ်လို့ ထင်ခဲ့မိ၏။ မပြောရဲတာဟုထင်ပြီး သနားတောင် သနားခဲ့သေး၏။ သေချာပြန်တွေးကြည့်တော့ ရှက်စရာ။ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တာက မပြောရဲဘူးထင်ပြီး သနားကာ သူငယ်ချင်းတွေနဲ့အတူ လမ်းဖွင့်ပေးခဲ့သေး၏။ သူငယ်ချင်းတွေသိရင် အရမ်းကိုရှက်စရာကောင်းမှာ။ ပြီးတော့ သူမအသိုင်းဝိုင်းတစ်ခုလုံး။

သိုက် မောင်ထွဋ် အားမှာ လှဲအိပ်လိုက်၏။

"မမမှာ ရွေးစရာမရှိတော့ဘူး မောင်ထွဋ်ရယ်"

◆○◆



မနက်ခြောက်နာရီကျော်တော့ ကိုကြီး အိမ်ရောက်လာသည်။ သိုက်ရဲ့ဖုန်းကိုဆက်တော့ မကိုင်။

အိမ်မှာ မေမေတို့ ရှိနေပုံပဲ။ မေမေ့အာရုံရှိနိုးသံကြားရသည်။ ဖေဖေက လမ်းလျှောက်ထွက်သွားပုံပဲ။

မိသိုက် အိပ်ပျော်နေသလား မသိ။ မိသိုက်က အရေးမကြီး။ အရေးကြီးတာက ဟိုကောင်။

မောင်ထွဋ်ရဲ့အခန်းတံခါးက စေ့ရုံစေ့ထားတာလေ။ သူ တွန်းဖွင့်လိုက်တော့ မျက်လုံးတွေ ပြာစနဲ ဖြစ်သွားသည်။ သွားပြီ။

နှစ်ယောက်သား ဖက်အိပ်နေလိုက်ကြတာ။ မေမေသိရင် ဘိုင်းစနဲ လဲသေနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ထ ... ထကြစမ်း"

မျက်နှာပူပူနှင့် လှုပ်နှိုးရသည်။ သိုက် ကိုကြီးလာတာ သိပါသည်။ မောင်ထွန်း မနိုးမချင်း အိပ်ချင်ယောင်ဆောင်နေဖို့ ဆုံးဖြတ်ထားသည်။

"မောင်ထွန်း ... မိသိုက် ... ထစမ်း"

"ဟင်"

မောင်မောင်ထွန်း နိုးသွားသည်။ ဟင် ...။ သူ့ရင်ခွင်ထဲမှာ မမသိုက်ပါလား။ သူ ယောင်ပြီး မမသိုက်ကို တွန်းထုတ်လိုက်မိသည်။

"ဟင် ... ကိုကြီး"

"ကိုကြီး လုပ်မနေနဲ့၊ ထကြ ... ထစမ်း၊ မေမေတို့ သိရင် ပြဿနာတက်မယ်၊ ထ ... ထ"

"ကျွန်တော် ဘယ်ရောက် ..."

"အဲဒါ နောက်မှပြော။ လာ ... မင်း ခုထ။ ငါ့နောက်လိုက်ခဲ့"





ကိုကြီးက မောင်ထွန်းကို အတင်းဒရွတ်ဆွဲ ခေါ်သွားသည်။

အပြင်က အခြေအနေကို ချောင်းကြည့်တော့ မေမေက ဘုရားရှိခိုးလို့ မပြီးသေး။ ဖေဖေကလည်း ပြန်မရောက်သေး။

သူ မောင်ထွန်းကို အတင်းဆွဲခေါ်သွားကာ။

မောင်ထွန်း ဘာမှ နားမလည်လိုက်ပေမယ့် တစ်စုံတစ်ခုကတော့ သေချာသွားပြီဆိုတာ သိလိုက်ကာ ယူကျုံးမရ။ မိငယ် မျက်နှာကို မြင်ယောင်ကာ ငယောက်ျားတန်မဲ့ မျက်ရည်ကျခဲ့သည်။ ညက မိငယ်ကို အိပ်မက်,မက်ခဲ့တာပါ။ ဒါပေမဲ့ နိုးလာတော့ သူ့ရင်ခွင်ထဲမှာ မမသိုက်။ ဘာတွေ ဘယ်လိုဖြစ်ကုန်မှန်း မသိပေမယ့် ပြင်လို့မရတဲ့ အမှားတစ်ခု ဖြစ်သွားပြီဆိုတာ သိလိုက်သည်။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



သူတို့မင်္ဂလာဆောင်တော့ မမသိုက်က သူ့အဒေါ်ကို ပိုက်ဆံပို့နိုင်းကာ လာဖို့လည်း ခေါ်နိုင်းသည်။

အဒေါ်က ကျန်းမာရေးမကောင်းလို့ မခေါ်တော့ဘူးလို့ပဲ ပြောလိုက်ရသည်။

အတင်းမခေါ်နိုင်း၍သာ တော်တော့ တော်သွားတာပါ။ မဟုတ်ရင် မလွယ်။

မင်္ဂလာဆောင်ပြီးတော့လည်း သူတို့ရွာကို အဒေါ်ကို ကန်တော့ဖို့သွားရန် ပြောသေး၏။ သူကပဲ အကြောင်းရှာငြင်းရသည်။

သူ မိငယ်ဆီပြန်ဖို့ မလွယ်တော့ပါ။ မိငယ်ဆီကို ပိုက်ဆံတွေပဲ လိမ့်ပို့ပေးနေမိ၏။ ဒါပဲ တတ်နိုင်တော့သည်။





မမသိုက်နဲ့ ဘဝတစ်ခု တည်ဆောက်ပြီးချိန်မှာ မမသိုက်ကို ထားခဲ့ဖို့မလွယ်တော့။ မမသိုက်ရဲ့အသိုင်းဝိုင်းကြားမှာ မမသိုက်ဘဝ စုတ်ပြတ်သတ်သွားအောင် သူ မလုပ်ချင်ပါ။

မိငယ်ကတော့ သူ မရှိလက်စနဲ့ နေပါစေတော့။

အမေအမေနှာမည် လွှဲထားတဲ့ မောင်မောင်ထွန်းရဲ့ လက်ထပ်သတင်းက သတင်းစာတွေမှာ ပလူပျံနေပေမယ့် မောင်မောင်ထွန်းဟာ ထွန်းပါလို့ ရွာကလူတွေ သိမှာမဟုတ်ပါ။

တကယ်တော့ မိငယ်ရော မမသိုက်ပါ သူ့အပေါ်ကောင်းကြပါသည်။

မိငယ်က မရှိတဲ့ကြားက ကောင်းခဲ့တာ။ သူက မိငယ်ကိုပဲ ချစ်ပါသည်။

မမသိုက်နဲ့ လက်ထပ်ပြီးမှ မိငယ်ကို ပိုတောင်သတိရပါသည်။

မမသိုက်နဲ့ ဟန်းနီးမွန်း ထွက်နေချိန်မှာ မိငယ်နဲ့ ပျော်ခဲ့တဲ့ မင်္ဂလာဦးကို ပိုသတိရသည်။



www.burmeseclassic.com

www.burmeseclassic.com



မမသိုက်က မောင် ဟူသောနာမ်စားကို ပါးစပ်ဖျား ကမချ။ သူ့မျက်နှာတစ်စက် အညိုးမခံဘဲ ချစ်ရှာပါသည်။

သူ့ကို လူပျိုထင်လို့ အရယူခဲ့တဲ့ မမသိုက်ကိုလည်း သူ အပြစ်မတင်ချင်။

သူ့ကိုယ်သူပဲ မုန်းတာပါ။

မပြတ်သားရဲတဲ့သူ၊ အဖြစ်မရှိ သတ္တိကြောင်တဲ့ သူ့ကိုယ်သူ မုန်းတာ၊ မိငယ်ကို သနားသည်။

ခုချိန်မှာ သူ တတ်နိုင်တာက မိငယ်ဆီကို ပိုက်ဆံ တတ်နိုင်သမျှ ပို့ပေးဖို့ပါ။

မိငယ် ချမ်းချမ်းသာသာ နေရပါစေတော့။ သူက တော့ မိငယ်ဆီကို ဒီတစ်သက် ပြန်ဖြစ်တော့မှာ မဟုတ်ပါ။ သူ မိငယ်မျက်နှာကို မကြည့်ရဲ။ မိငယ် ရင်ခွင်ထဲလည်း ပြန်မခိုရက်ပါ။

ထို့ကြောင့် အဝေးကပဲ ပိုက်ဆံပို့ပေးလိုက်တော့ မည်။ ငွေပို့ပေးရုံနဲ့ သူ အပြစ်တွေ မကျေဘူးဆိုတာ သူသိပါ တယ်။ ဒါပေမဲ့ ဒါပဲလုပ်ပေးနိုင်တော့တယ်။





မမသိုက်ရဲ့မိသားစုကလည်း သူ့ကို သွေးသားရင်း ပမာ ဆက်ဆံကြပါတယ်။ အဲဒီအခါတိုင်းမှာလည်း မိငယ်ရဲ့အမေ ကို သူ သတိရသည်။

မမသိုက်ရဲ့ အသိုင်းအဝိုင်းကလည်း သူ့ကို သူဌေး ဦးမောင်မောင်ထွန်းအဖြစ် အသိအမှတ် ပြုထားကြပြီ။

အတိတ်ကံရဲ့ အကျိုးဆက်လား။ ဘဝက ကမောက် ကမ ဆန်လွန်းသည်။

မချစ်မနှစ်သက်သူကို အောင့်ကာနမ်းရတိုင်း ချစ်သူ ကို ပက်ပက်စက်စက် လွမ်းနေရသည့်ဘဝ။

တကယ်ဝေးကြမှ မိငယ်ကို တအားလွမ်းမိသည်။ သူ ပြန်လာဖို့ မျှော်နေရှာမယ့် မိငယ်ကို သနားလွန်းလို့ ကိုယ့် ကိုယ်ကိုယ်တောင် သတ်သေချင်တဲ့ အထိပါ။ သန်းခေါင်ယံတိုင်း တစ်ရေးနိုးတတ်ခဲ့တာ မမသိုက်နဲ့ ယူပြီးကတည်းကပါပဲ။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



မမသိုက်မှာ ကိုယ်ဝန်ရှိလာတော့မှ သူ မိငယ်ကို လုံးဝစွန့်လွှတ်ဖို့ အတည်ပြုနိုင်ခဲ့တာပါ။ မိငယ်က လွှတ်လပ်စွာ တစ်ကိုယ်တည်း ကျန်ခဲ့တာ။

မမသိုက်မှာက သူ့ရင်သွေးရှိနေပြီ။ သူ မမသိုက်ကို ဂရုစိုက်ပါသည်။

မိငယ်မှာ သားသမီးမရှိတာပဲ တော်သေးသည်ဟု တွေးမိသည်။

မိငယ်ဆီကို ပိုက်ဆံတော့ ပို့မြဲပါ။

မမသိုက်ကို ကိုယ်ဝန်ကြီးနဲ့ ဘုရားပေါ် လိုက်ပို့တော့ ရွာကလူတွေနဲ့ တွေ့သည်။ ရွာကလူတွေက ပြောင်းလဲသွားနေသော သူ့ကိုကြည့်ကာ ဇဝေဇဝါ ဖြစ်နေကြပုံ။





သူ့လို့လည်းထင်ကာ ထင်လည်းမထင်ရဲ။ လာလည်း မခေါ်ရဲကြ၍ တော်သေးသည်။ သူကလည်း မသိချင်ယောင်ဆောင် နေလိုက်ရသည်။

ရွာကလူတွေ တွေ့တော့ မိငယ် နေကောင်းရဲ့လား ဟု မေးချင်ပြန်ပါသည်။

ဒါပေမဲ့ကွယ် ...။

မမသိုက်ကလည်း သူ့မျက်နှာပျက်တာနဲ့ သိပါသည်။ အရိပ်ကြည့် ချစ်နေရသူကိုး။ ဒါပေမဲ့ ဘာမှမမေး။ အရိပ် အခြည်ပဲ ကြည့်နေရသည်။

မမသိုက်သည်လည်း သန်းခေါင်းယံတိုင်း တစ်ရေး နိုးတတ်ပါသည်။ သူက တစ်ခါတလေ မိငယ် ... မိငယ်ဟု ယောင်တတ်တာကိုး။

သူ တစ်ခါတလေ ပိုက်ဆံတွေ တော်တော်များများ ပို့တတ်တာလည်း သိပါသည်။ အရင်တည်းက သူ ပို့တတ်တာ ကိုး။ အခု ပိုပြီးပို့ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



သိုက် ဘာမှမပြောချင်ပါ။ အဓိက သူ့ကို သိုက်ပိုင်ဆိုင်ခွင့်ရထားတာလေး မဆုံးရှုံးချင်လို့ပါ။ ပြီးတော့ ဒီလောက်နဲ့လည်း သိုက် စီးပွားမပျက်ပါ။

သိုက် ကိုယ်ဝန်အရယူပစ်သည်။ ထင်တဲ့အတိုင်းပဲ ကိုယ်ဝန်ရှိပြီးနောက်ပိုင်း သူ သိုက်အပေါ် ပိုပြီးဂရုစိုက်လာပါ၏။

သိုက်ကို မချစ်ဘဲ သိုက်ရဲ့ကျေးဇူးတရားတွေထဲမှာ မလူးလွန့်သာပဲ သူ သိုက်ကို မငြင်းရဲခဲ့တာကို တွေးမိပြီး သိုက်စိတ်မကောင်းပါ။ သူ မချစ်နေမှန်းသိရင်။ သူ့မှာ ချစ်သူရှိမှန်းသိရင် သိုက် သူ့ကို မတွဲခဲ့ပါ။ ခုတော့ သူ့ကို သိုက်က အထင်သေးခဲ့မိသည်။ သိုက်ကို ကျနေသည်ပဲ ထင်ခဲ့မိတာပါ။

သိုက်သည် မိငယ် ဆိုတာကို သူ့ချစ်သူဟုပဲ ထင်ခဲ့တာပါ။ သူ့မိန်းမလို့တော့ လုံးဝမထင်ခဲ့ပါ။

တကယ်လို့များ တစ်နေ့ကျရင် ...။

ထို့ကြောင့် မောင်ထွင့်ကလည်း မိငယ်ဆီ မဆက်သွယ်တော့တာပါ။ မိငယ်ကိုလည်း သူ နောက်အိမ်ထောင်ပြုတာ



မသိစေချင်သလို မမသိုက်ကိုလည်း သူ့မှာ ပထမအိမ်ထောင်ရှိတာ မသိစေချင်ပါ။

ထို့ကြောင့် သူ မိငယ်ဆီ မဆက်သွယ်တာပါ။

မိငယ် သတင်းတောင် မစုံစမ်းတော့ပါ။

မမသိုက် သမီးလေးမွေးလာတော့ တစ်ဆွေလုံးတစ်မျိုးလုံး ဝိုင်းအုံချစ်ကြသဖြင့် စုပုံချစ်ဟု အိမ်နာမည်ပေးသောသမီးလေးကို သူကတော့ မြတ်နိုးငယ်ငယ်ဟု နာမည်ပေးခဲ့၏။

မမသိုက်က ဘာမှမပြောပါ။

သိုက်သည် သူ့ကို ပေးဆပ်ခြင်းများစွာဖြင့် သိမ်းပိုက်ထားခဲ့ပါသည်။

သူ့ကို တစ်စက်မှ အလစ်မပေးသဖြင့် သူပိုက်ဆံပို့တာကလွဲပြီး ဘယ်သူနဲ့မှ မဆက်သွယ်တာ သိသဖြင့် ကျေနပ်ပါသည်။

မောင်ထွင့်က သမီးလေးကို ချစ်လွန်းသဖြင့် သူမကျေနပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွဋ်လို စိတ်ထားဖြူစင်တဲ့ ကောင်လေးဟာ သူမနဲ့သမီးကို ဘယ်တော့မှ ထားမသွားဘူးဆိုတာ သိပါသည်။

“မောင် ... သိုက်တို့သမီးလေးကို သိုက်တို့ကြောင့် ဘယ်တော့မှ ဂုဏ်မငယ်ရအောင် ကြိုးစားစို့နော် ... မောင် ... နော်”

✤ ○ ✤

စေယန်တာ၊ ဘွဲ့ပြဲပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ရ-လွှာ(ဂ)၊ ဗေယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





မိငယ်ဆီကို ပိုက်ဆံလွှဲလိုက်ပြန်သည်။ မိငယ်ဆီကို စုနောက်ပိုင်း ပိုက်ဆံတွေပိုပြီး ပို့ပါသည်။ ဒါပေမဲ့ အဆက်အသွယ်တော့မရ။

တခြားသူတွေတောင် သူတို့အိမ်တွေ ဖုန်းဆက်ကြသည်။ ရွာမှာ ဖုန်းရှိတဲ့အိမ်တွေ တော်တော်များနေပြီ။ မိငယ်တောင် အရစ်ကျနဲ့ ဝယ်ထားပြီ။

ထွေး ဖုန်းဆက်သွယ်လာရင် အလွယ်တကူပြောလို့ရအောင် ဝယ်ထားတာပါ။ ဒါပေမဲ့ ထွေးက မဆက်သွယ်ပါ။

မိငယ်တို့ ရွာကနေ စင်ကာပူ၊ မလေးရှား၊ ထိုင်း စသည့် သုံးနိုင်ငံကို သွားလုပ်တဲ့သူတွေ များသည်။ အထူးသဖြင့် မလေးရှားနဲ့ ထိုင်းကို သွားတဲ့သူတွေ များပါသည်။ အားလုံး အဆက်အသွယ် ပြန်လုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုဆို မြို့ပေါ်တက်ပြီး အင်တာနက်ဆိုင်ကနေ ဖုန်းသွားပြောရင် ရုပ်ပါမြင်ရသည်ဆိုပဲ။ မိငယ်ကတော့ မပြောဘူးပါ။ သူများတွေပြောလို့ သိရတာ။ မိငယ်ဆီကို ငထွန်ရက လုံးဝကို အဆက်အသွယ်မလုပ်။ ပိုက်ဆံက သူများတွေထက် ပိုပြီးပို့ပါသည်။

ပထမတော့ တစ်သိန်း၊ တစ်သိန်းပဲ ပို့နေရာကနေ ရက်တရက်ကြီး သုံး၊လေးသိန်း၊ တစ်ခါတလေ ငါးသိန်း ခြောက်သိန်း ပို့သဖြင့် မိငယ်မှာ ရက်တရက် သုံးတောင်မသုံးရဲခဲ့ပါ။

နောက်ပိုင်းတော့ သူပို့တဲ့ပိုက်ဆံကို ငွေတိုးချေးတန်ချေး။ ရွာမှာ ပဲလှောင်၊ စပါးလှောင်နဲ့ လုပ်တတ်သလိုလုပ်ရင်း ခုဆို ကုန်စုံဆိုင်အပြင် ဆေးလိပ်ခုံတစ်ခုပါ ထောင်ထားသေး၏။

ငထွန်ရ တစ်ခေါက်ပြန်လာတုန်းက ငထွန်ရနဲ့ ကိုယ်ဝန်ရလိုက်ပါသည်။ သားတစ်ယောက် သမီးတစ်ယောက် အမြွှာကလေး မွေးတာကိုလည်း ငထွန်ရကို အရှမ်းပြောချင်နေပါပြီ။





မျှော်ရလွန်းလို့ လည်ပင်းတောင် ရှည်နေပါပြီ။ သားနဲ့သမီးတောင် စကားပြောတတ်ကုန်ကြပြီ၊ ငထွန်ရဆီကတော့ အဆက်အသွယ် မရခဲ့။

ဒါပေမဲ့ ပိုက်ဆံမှန်မှန်ပို့နေသဖြင့် စိတ်တော့အပူသက်သာသည်။ လုံးလုံးကြီး အဆက်အသွယ်မရတာထက် စာရင်တော့ တော်သေးတာပေါ့လေ။

ခုဆို စီးပွားရေးလေးကလည်း တော်တော်ဆင်ပြေနေပြီ။ ငထွန်ရကို ပြန်လာစေချင်ပါပြီ။ မိသားစု အတူနေချင်သည်။

ငထွန်ရ ဖုန်းဆက်တာနဲ့ ပြန်ခေါ်ဖို့ စဉ်းစားထားတာ။

သားနဲ့သမီးကို ဘယ်ညာပိုက်ထားမိတိုင်း ငထွန်ရကိုလွမ်းသည်။ သူ့ခမျာ တစ်နယ်တစ်ကျေးမှာ ပင်ပင်ပန်းပန်းသွားလုပ်နေရတာ။ ခမျာ အမြွှာရင်သွေးလေးတွေ ရှိတာတောင် မသိရှာ။ ပိုက်ဆံတွေပဲ အရပို့နေရှာသည်။

ဒါပေမဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ထွေး့် အဆက်အသွယ် မလုပ်တာကို သူမ စဉ်းစားလို့မရပါ။ ပိုက်ဆံတောင် လစဉ်ပို့နေသေးတာပဲ။ ဖုန်းဘာလို့မဆက်ပါလိမ့်။ စာလည်းမရေး။ လူကြုံလည်းမပါးပါ။

ဟိုတလောက ဦးကြီးဘသာတို့ မိသားစုတွေ ရန်ကုန်သွားကြတာ ထွေး့်နဲ့ တော်တော်တူတဲ့ လူတစ်ယောက် တွေ့ခဲ့သတဲ့။ ဒါပေမဲ့ ထိုလူ့ပုံစံက တော်တော်ချမ်းသာတဲ့ သူဌေးပုံစံမို့ သွားမခေါ်ရဲလို့ မခေါ်ခဲ့ဘူးတဲ့။

မဖြစ်နိုင်ပါဘူး။ ထွေး့်သာ ရန်ကုန်ရောက်နေရင် မိငယ်ဆီကို ရောက်အောင်ပြန်လာမှာပေါ့။

ဟိုတစ်ခေါက်ကတောင် ရောက်အောင်လာခဲ့သေးတာပဲ။

မိငယ်လည်း မျှော်ရလွန်းလို့ မောလှပြီ။ သူများတွေ ဖုန်းလာတိုင်း ဗန်ကောက်မှာ ထွေး့်နဲ့များ တွေ့မိသေးလားဟု မေးရတာ မောနေပါပြီ။

ပျံလေတဲ့ ငှက်ခါးကတော့ ... ...။

✤ ○ ✤





သူ့နောက်မှ နိုင်ငံခြားသွားတဲ့ သူတွေတောင် ပြန်လာကုန်ပြီ။ ထွေး့်ကတော့ ရောက်မလာခဲ့။ ခုဆို တစ်လကို ဆယ်သိန်းလောက် ပို့ပေးသည်။ တစ်ခါတလေ သိန်းနှစ်ဆယ် သုံးဆယ် ပို့တဲ့အခါတောင်ရှိသည်။ ရွာမှာတော့ မိငယ်က သူဌေးပဲ။

ခုဆို ဆန်စက်တောင် ထောင်ထားပြီ။ ဆေးလိပ်ကိုလည်း ကိုယ့်တံဆိပ်နဲ့ ကိုယ်ထုတ်ပြီး အနားပတ်ဝန်းကျင်တွေမှာ ဖြန့်နေတာ မဆိုးဘူးဟု ပြောလို့ရသည်။

သားနဲ့သမီးတောင် လေးနှစ်ပြည့်လို့ ကျောင်းကြိုလိုက်ကုန်ကြပြီ။

အချိန်တွေဟာ ဘယ်လိုပဲ ကုန်လွန်နေပေမယ့် မိငယ်ကတော့ ထွေး့်ကို သတိရလွန်းလှပြီ။ မိငယ် ပိုက်ဆံတွေလည်း မလိုချင်တော့ပါ။ သူ ပြန်လာမယ့်နေ့ကိုပဲ မျှော်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှာတောင် ပြောကုန်ကြပြီ။ မိငယ်ကို အဆက်အသွယ်မလုပ်တာ သူပုန်စခန်းတွေပဲ ရောက်နေသလိုလို။ အဖွဲ့အစည်းတစ်ခုထဲပဲ ရောက်နေသလိုလို ပြောကုန်ကြပြီ။ ပိုက်ဆံတွေ ပို့နေတာကပဲ မတရားရနေတဲ့ ပိုက်ဆံလိုလို။

"မိငယ် ... နင့်ယောကျ်ားအကြောင်းလည်း စုံစမ်းဦးနော်၊ တစ်ခုခုဆို ရှာနာတယ်"

မိငယ် ပြေလည်နေတာကို မနာလိုတာနဲ့ပဲ မဟားဒယား ဗိုင်းပြောဆိုနေကြသည်။

ပြောကြ ဆိုကြပါများတော့ ကောလာဟလတို့ ထုံးစံအတိုင်း ထွေဋ္ဌက တကယ်ပဲ မကောင်းတာ လုပ်နေသလို မျိုး သတင်းဖြန့်ကြသည်။

မြို့ပေါ်ထိ သတင်းကရောက်သည်။ ရွာက ထွေဋ္ဌက မတရားသင်းဖွဲ့တစ်ခုခုထဲပါ ရောက်နေသလိုလို။

သူများတွေ ပြောတာတော့ စုံစမ်းစစ်ဆေးရေးကတောင် ထွေဋ္ဌနောက် အပူတပြင်း လိုက်နေသလိုလို။





မိငယ်ကတော့ ဥပေက္ခာပြုထားလိုက်၏။ ထွေဋ္ဌ မဟုတ်တာလုပ်ရင် မိငယ်ဆီကို နှစ်ရှည်လများ ပိုက်ဆံတွေပို့ပေးနေမှာ မဟုတ်။

ခုဆို လစဉ်ပိုက်ဆံပုံမှန် ပို့နေတာပဲ။ ထွေဋ္ဌ ပြန်လာရင် သားနဲ့သမီးကို ရှင်ပြုနားသပွဲကြီး အကြီးအကျယ်လုပ်ပေးဖို့ စုထားသေးသည်။

ကြာလာတော့ ပိုက်ဆံပို့နေတာလေးနဲ့ပဲ ထွေဋ္ဌ သက်ရှိထင်ရှား ရှိနေသေးတယ်လို့ မှတ်ယူကာ ထွေဋ္ဌကို သိပ်မမျှော်တော့။

သားနဲ့သမီး ကျောင်းစတက်ကတည်းက သားနဲ့သမီးအပေါ်ပဲ စိတ်ကိုစုပုံနှစ်ထားလိုက်သည်။

အမေရှိနေ၍သာ တော်တော့သည်။ အမေက မိငယ်ကို အမြဲနှစ်သိမ့်ပေးသည်။

ကလေးတွေကလည်း သူတို့ဖခင်ကို တွေ့ချင်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေကြီး နိုင်ငံခြားသွားနေတယ်ဟု ပြောထားတာ တောင် ဘယ်တော့ပြန်လာမှာလဲ ခဏ ခဏ မေးတတ်သည်။

သားနဲ့သမီး အဲလိုမေးတိုင်း မိငယ် မျက်ရည်စို့ရသည်။

ပြန်လာကာနီးပါးပြီ သားတို့ သမီးတို့ရယ်ဟု အမြဲ ပြန်ဖြေရသည်။

သူ ဒီလောက် ပိုက်ဆံတွေ ပို့ထားတာ နောက်ပိုင်း မှာ ပြေလည်နေလောက်ပြီဆိုတာ သူ သိမှာပါ။ ဘာလို့ပြန်မလာ တာပါလိမ့်။

တစ်ခါတလေ တွေ့ငှ် ဒီလောကမှာ သက်ရှိထင်ရှား မှ ရှိပါတော့မလားဟု တွေးမိသေး၏။ ဒါပေမဲ့လည်း တွေ့ငှ် မရှိ တော့ရင် ဒီပိုက်ဆံတွေ ဘယ်သူက အလကားဝင်ပို့ပေးမှာလဲ။

ပြန်လာပါတော့ တွေ့ငှ်ရယ်။ မျှော်နေတာ ငါ တစ် ယောက်တည်း မဟုတ်တော့ဘူး။

✤ ○ ✤





"ဒယ်ဒီရေ ,,, မီးမီး Birthday ကျရင် ဘုရားလိုက်ပို့ရ မယ်နော်"

"ပို့မှာပေါ့ သမီးငယ်ရယ်"

"ပြီးရင် ကစားကွင်းမှာ သမီးသူငယ်ချင်းတွေပါခေါ်ပြီး ပါတီလုပ်မှာ"

"လုပ်စေ"

လေးနှစ်သမီးက ပူဆာနေတာကို ဦးမောင်မောင်ထွန်း သဘောကျနေသည်။ သမီးလေးကို သူ သိပ်ချစ်သည်။ သွေးကိုး။

ခုနောက်ပိုင်း မိငယ်ဆီကို ပုံမှန် ပိုက်ဆံပို့ပေးတာက လွဲလို့ အရင်လောက် သိပ်မတမ်းတမိတော့။ စိတ်တွေကို သမီး ဆီ စုပုံပေးထားလိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မမသိုက်ကလည်း အရမ်းကောင်းသဖြင့် သူကလည်း မမသိုက်အတွက် ခင်ပွန်းကောင်းဖြစ်အောင် ကြိုးစားရပါသည်။

ခုလောက်ဆို မိငယ်လည်း တော်တော်အဆင်ပြေ ရောပေါ့။

"ဒယ်ဒီ"

မိငယ်အကြောင်း ကြာကြာတွေးချိန် မရပါ။

"ဒယ်ဒီဆို"

"ပြော သမီးငယ် ... ပြော"

"သမီးကို ချစ်လား"

"ချစ်"

"မာမီ့ကိုရော ချစ်လား"

"အလည်မလေး"

"ဖြေလေ ဒယ်ဒီ"

"ချစ်ပါတယ် သမီးရယ်"

"ဒါမှ တို့ဒယ်ဒီ။ မီးကလည်း ဒယ်ဒီကိုချစ်၊ မာမီကရော"

"သမီးလေးကိုရော သမီးဒယ်ဒီကိုပါချစ်"





မမသိုက်က သားဖနှစ်ယောက်လုံးကို ဖက်ပြီးပြော လိုက်သဖြင့် သမီးက သဘောကျသွား၏။

ဒီသမီးကြောင့်ပဲ သူနဲ့ မမသိုက် ပိုပိုပြီးနွေးထွေးခဲ့ ပါပြီ။

"ဒယ်ဒီ ... မီးမီးကို Birthday Present ဘာပေးမှာလဲ"

International School မှာ မူကြိုတက်နေတဲ့ သမီး၊ မှတ်ဉာဏ်ကလည်းကောင်းကာ အင်္ဂလိပ်အသုံးအနှုန်းတွေ ညှပ် ပြောတတ်နေပါပြီ။

"သမီးငယ် လိုချင်တာ ပေးမှာပေါ့ သမီးရယ်"

"ဘာဘီရုပ် ငါးရုပ်ဝယ်ပေးမလား"

"နည်းတယ်၊ ဆယ်ရုပ်ဝယ်ပေးမယ်"

"ဒယ်ဒီနော် ... ယူ့သမီးကို ကြပ်ကြပ်အလိုလိုက်"

ပြောသာ ပြောနေတာပါ။ မမသိုက် မျက်နှာကြီးက ပြုံးနေပါသည်။

သမီးက သူနဲ့တော်တော်တူပါသည်။ ထို့ကြောင့် လည်း ပိုပြီးအချစ်ပိုရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီး မူဆာသမျှ လက်ညှိုးညွှန်သမျှ ဖြည့်ဆည်းပေးသည်။ သူက မိဘမဲ့ဖြစ်ခဲ့ရသဖြင့် သမီးကို ပိုပြီးဂရုစိုက်မိတာလည်း ဖြစ်နိုင်ပါသည်။ ပြီးတော့ သမီးလေးကို ဘယ်တော့မှ မိတကွဲ ဖတကွဲ မဖြစ်စေရဘူးလို့ သူ ဆုံးဖြတ်ချက် ချထားသည်။

ကလေးတွေအတွက် မိဘရင်ခွင် ဘယ်လောက်လိုအပ်သလဲ ဆိုတာ သူ အသိဆုံး။

ထို့ကြောင့် စိတ်အနာတရ ဖြစ်ခဲ့တဲ့သူက သမီးလေးကို သူများတွေထက် ပိုပြီးဂရုစိုက်မိတာပါ။

မမသိုက်ကတော့ သမီးကိုသည်းလေ ကျေနပ်လေပါ။ သူ့ကို ဒီသမီးနဲ့ ချည်နှောင်ထားရတာလေ။ ခုဆို မိငယ်ဆိုတဲ့ယောင်သံ မကြားရတာတောင် ကြာပြီ။

မမသိုက် တွက်ကိန်းမှန်ခဲ့ပါသည်။ ရင်သွေးနဲ့အရာရာကို ဆွဲဆောင်နိုင်ဖို့ သူမ ကလေးအမြန်ယူခဲ့တာပါ။

ခုတော့ အရာအားလုံး ပြီးပြည့်စုံလုနီးပါး။

✤ ○ ✤





မိငယ်သည် ဆန်စက်အလုပ်သမားတွေရော၊ ဆေးလိပ်သမတွေကိုပါ အကုန်လုံးကို ရန်ကုန်ဘုရားဖူးပို့ဖို့ စီစဉ်တော့ အားလုံး ပျော်ရွှင်နေကြသည်။

အမေကလည်း ဝမ်းသာအားရ။

“ဒီတစ်သက်တော့ ရွှေတိဂုံဘုရား ဖူးခွင့်ရပြီပေါ့အေ”

သားနဲ့သမီးကတော့ ပြောမနေနဲ့တော့။ ရန်ကုန်ဆိုတာနဲ့ မေးကြသည်။

“အဲဒီ ရန်ကုန်မှာ ဖေဖေ ရှိလား”

ကလေးတွေခမျာ ဖအေငတ်နေရှာတာ။ မြို့ကရန်ကုန်ကို လိုင်းဆွဲနေတဲ့ ဘတ်စ်ကားတစ်စီးကို အပြတ်ငှားပြီး ရန်ကုန် ထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာ ကက်ဆက်ဖွင့်ပြီး သီချင်းဆိုတဲ့သူက ဆို။ ငိုက်တဲ့သူကငိုက်။

မိငယ်က ကားစီးရင်းစားဖို့ ကြက်ဥတွေ ပြုတ်လာပေးတာကို စားတဲ့သူကစားနဲ့ ပျော်စရာကြီးပါ။

သူတို့ ပျော်နေတာမြင်တော့ မိငယ်လည်း ကျေနပ်ပါသည်။

စာမတတ်ပေမယ့် မိငယ်က အလုပ်သမားတွေကို ဘယ်လိုစည်းရုံးရမလဲ ဆိုတာတော့ နားလည်သည်။ မိန်းမသားတစ်ယောက် ဦးစီးလုပ်နေရတဲ့ အလုပ်မှာ အလုပ်သမားတွေကို ကောင်းကောင်းမကိုင်တွယ်နိုင်ရင် မလွယ်ဘူးလေ။

ရန်ကုန်ရောက်တော့ ရွှေတိဂုံဘုရားကို အရင်လာဖူးသည်။ အဲဒီမှာပဲ ဇာတ်လမ်းစတာပါ။

သမီးမွေးနေ့မို့လို့ ဘုရားပေါ်ရောက်နေတဲ့ မောင်မောင်ထွန်းနဲ့ မိငယ်တို့ ပက်ပင်းကြီးကို တွေ့ကြတာပါ။

ဒါပေမဲ့ မောင်မောင်ထွန်းနဲ့ မိငယ် တွေ့ချိန်မှာ ဘေးမှာ မမသိုက်နဲ့သမီးတော့ မရှိ။





မမသိုက်နဲ့ သမီးလေး ဘုရားရှိခိုးနေတုန်း သူ ဖုန်းတစ်ခုလာ၍ ခပ်လှမ်းလှမ်းမှာ ဖုန်းထပြောနေတဲ့အချိန် သူနဲ့ မျက်နှာချင်းဆိုင်မှာ မိငယ်ကို ဘွားခနဲ တွေ့လိုက်ရတာပါ။

"ထွေဋ္ဌ"

ရွာကလူတွေသာ မမှတ်မိရင်နေမည်၊ မိငယ်ကတော့ ငယ်ပေါင်းလည်းဖြစ်၊ ခင်ပွန်းသည်လည်းဖြစ်သော ထွေဋ္ဌကို အရိပ်မြင်တာတောင် မှတ်မိပါသည်။

ထွေဋ္ဌက သန့်ပြန့်သားနား တောက်ပနေသလို မိငယ်ကလည်း ရွှေဆွဲကြိုး ခပ်တုပ်တုပ်ကြီးဆွဲကာ လက်မှာလည်း ဝန်းလက်ကောက်တွေ ဆယ်ကွင်းလောက် ဝတ်ထားသေးသည်။

ပါတိတ်ဝမ်းဆက်ကို ပွယောင်းယောင်း ချုပ်ဝတ်ထားသေး၏။

အနုန်းဆီတွေနဲ့ ရွှဲနစ်နေတဲ့ ဆံပင်တွေကို အပြောင်သိမ်းကာ ဆံထုံး,ထုံးထားသဖြင့် မိငယ် အသက်ထက် အရွယ်ကစိုကျနေကာ ရှိရင်းစွဲထက်ပိုပြီး အသက်ကြီးနေပုံ ပေါက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွေဋ်နဲ့မိငယ် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေမိသည်။ ထွေဋ် တစ်ယောက် မိငယ်ပုံစံကိုကြည့်ကာ ရင်ခုန်သံတွေတော့ ပျောက်ဆုံးနေတာ အမှန်။ စိတ်လှုပ်ရှားတာပဲရှိသည်။ စိုးရိမ်စိတ်လည်းအပြည့်။ စိုးရိမ်တာက သမီးနဲ့ မမသိုက် သိသွားမှာ ကြောက်တာ။ ပြီးတော့ မိငယ်ကို အားနာတာ။ သနားခြင်းတော့ မရှိပါ။ ရွှေပြည့်ငွေလျှံဖြစ်နေတဲ့ မိငယ်ပုံစံက သနားစရာ မရှိပါ။

မိငယ်ကတော့ ထွေဋ်နဲ့ လုံးဝ လုံးဝ ဆန့်ကျင်စွာ ရင်တွေခုန်နေပါသည်။ သူမချစ်တဲ့ ခင်ပွန်းသည်။ ခြောက်နှစ်လောက် မျှော်လင့်စောင့်စားနေရတဲ့ ခင်ပွန်းသည်။ ပြီးတော့ ကလေးတွေရဲ့အဖေ။

"ထွေဋ်"

✤ ○ ✤





"ထွေဋ်"

"မိငယ် ... လာ ... လာ၊ ငါတို့ ဟိုဘက်မှာ စကားသွားပြောကြမယ်"

မိငယ်ကို မမသိုက်တို့သားအမိ မတွေ့နိုင်သော အကွယ်ထဲသို့ ဆွဲခေါ်သွားကာ ...

"ခဏနော် ... ငါ ဖုန်းဆက်လိုက်ဦးမယ်"

မမသိုက်ကို အလုပ်ကိစ္စပေါ်လာလို့ ပြန်နှင့်တဲ့အကြောင်း ဖုန်းနဲ့လှမ်းပြောတာတောင် မိငယ်နဲ့ ခပ်လှမ်းလှမ်းမှာ သွားပြောရသည်။

"ထွေဋ်ရယ်"

မိငယ်ကတော့ ဘာမှမရိပ်မိဘဲ ဝမ်းသာလုံးဆို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငထွန့်မှာ မယားနှစ်ယောက်ကြား စတင်၍ ဗျာများ နေရပါသည်။

"မိငယ်"

"ငထွန့်ရယ် ... နင် ငါ့ဆီ လုံးလုံးမဆက်သွယ်ဘဲ နေနိုင်လိုက်တာဟယ်။ ရန်ကုန်ရောက်နေတာတောင် ငါ့ဆီမလာဘူး။ ပြန်မလာဘူး။ ငါ့မှာ မျှော်လိုက်ရတာ သိလား"

"မိငယ်ရယ်"

"ငထွန့်"

"ငါ ပိုက်ဆံ လ,တိုင်းပို့တယ်၊ ရတယ် မို့လား။ အဆင်ပြေတယ် မို့လား"

"ပြေတယ်၊ နင် ပို့တာလည်း လ,တိုင်းရတယ်။ ငါအခု ကုန်စုံဆိုင်၊ ဆန်စက်၊ ဆေးလိပ်ခုံတွေ ပိုင်နေပြီ။ အတိုးလည်းပေးတယ်။ စပါးလှောင်၊ ပဲလှောင် ငါလုပ်တတ်သလောက် အကုန်လုပ်တယ်"

ငထွန့် ခေါင်းညိတ်ပြလိုက်သည်။





"လာ ... ငထွန့်၊ ငါ နင့်ကို လက်ဆောင်ပေးစရာရှိတယ်"

မိငယ်ကတော့ ဘာမှမသိဘဲ ငထွန့်ကို အတင်းဆွဲခေါ်နေသည်။

"ဘယ်သွားမလို့လဲ မိငယ်ရယ်။ ဒီနားမှာ လူရှင်းတယ်။ ဒီမှာပဲ နေရအောင်။ စကားအေးအေးဆေးဆေးပြောလို့ရတယ်"

"ဟုတ်တယ်၊ ဒါဆို နင် ဒီမှာ စောင့်၊ ငါ ပြန်လာခဲ့မယ်"

"အင်း"

"ငထွန့် ... ဘယ်မှထွက်မသွားနဲ့နော်"

"မသွားပါဘူး မိငယ်ရယ်"

"ငါ နင်ပျောက်သွားမှာ ကြောက်လို့"

နောက်လှည့်တကြည့်ကြည့်နဲ့ ထွက်သွားသော မိငယ်ကိုကြည့်ကာ အားနာမဆုံး။

မိငယ် ထွက်သွားမှ မမသိုက်ဆီ ဖုန်းဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ... ဘုရားရှိနိုးလို့ ပြီးပြီလား"

"ပြီးပြီ မောင်။ ပြန်တောင် ဆင်းနေပြီ။ ဓာတ်လှေကား တဲမှာ"

"ဪ ... အင်း"

"မောင့်သမီး နှုတ်ခမ်းထော်နေတယ်နော်၊ သူ့မွေးနေ့မှာ ထွက်သွားလို့တဲ့"

"အရေးကြီးလို့ပါ။ သမီးကိုနောက်မှ အစားပြန်ပေးမယ်လို့ ချော့ထားလိုက်ဦး"

"စိတ်ချပါ မောင်"

"ဒါပဲနော် မမ"

"အိုကေ ... အိုကေ"

တော်ပါသေးရဲ့။ မမသိုက် ဘုရားပေါ်က ဆင်းသွားပြီ။ သူ ဖုန်းပြောပြီးချိန်မှာပဲ မိငယ်က ကလေးနှစ်ယောက်ကို ဘယ်ညာဖက်ပြီး သူ့ဆီပြေးလာ၏။ ကလေးတွေက သူ့ကိုတွေ့တာနဲ့ ...





"ဖေကြီး ... ဖေဖေကြီး"

ကလေးနှစ်ယောက်က သူ့ကို အတင်းဖက်ကာ ဖေကြီး ... ဖေကြီးနဲ့ ခေါ်နေသည်။ ကျွန်ုပ် မိငယ်များ မွေးစားထားသလား မသိ။

"မိငယ် ... သူတို့က ..."

"နှင့်သားနဲ့ သမီးလေ"

"ဘယ်လို"

ကောင်လေးက ခေါင်းတုံးလေး။ သွားပိုးတွေလည်းစားလို့။ ကောင်မလေးကလည်း သွားကျိုးလေး။ သမီးထက်တော့ကြီးမည်။

"နှင် တစ်ခေါက်ပြန်လာတော့ ငါ ကိုယ်ဝန်ရတယ် ထွေဋ်၊ အမြွာလေး မွေးတယ်။ ငါ သူတို့ကို မောင်မောင်ထွဋ်နဲ့ မီးမီးထွဋ်လို့ နာမည်ပေးထားတယ်။ သူတို့လေးတွေက ကြာသပတေးနေ့မှာမွေးလို့ ငါ ဒီလိုပေးလိုက်တာ။ ထွေဋ် ... နှင် ဝမ်းမသာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သားတဲ့။ သားနာမည်ကလည်း မောင်မောင်ထွန်း တဲ့။ ကမ္ဘာကြီး အိုးထိန်းစက်ပမာ ချာချာလည်သွားသည်။

"မေကြီးက ချောတယ်ဟ"

"ဟုတ်တယ် ချောတယ်နော် ကိုကြီး"

တစိမ့်စိမ့်ကြည့်တော့ သားရော သမီးပါ သူနဲ့တူနေသည်။ ထွန်းခေါ် ဦးမောင်မောင်ထွန်း ရင်ကွဲပါပြီ။ ဖျိုးဖျိုးဖျစ်ဖျစ် မြည်အောင် နှလုံးသားတွေ ပဲ့ကြွေကုန်ပြီ။

သူ ဘာလုပ်ရမလဲ။

✤ ○ ✤





မိငယ်က ထွန်းကို ရှာကိုအရပြန်ခေါ်နေသည်။ ဒါပေမဲ့ သူ ဘယ်လိုလုပ်ပြီ လိုက်ရမလဲ။

သူ မမသိုက်နဲ့ရတဲ့ သမီးလေးကို ချိုပိုးနေချိန်မှာ မိငယ်တစ်ယောက် အမြှာကလေးနှစ်ယောက်နဲ့ ဘယ်လောက်များ ဒုက္ခများခဲ့လိုက်မလဲ။

တချို့ကိစ္စတွေက ပိုက်ဆံရှိရုံနဲ့ ပြည့်စုံတာမှ မဟုတ်တာ။

သူ ခုမှ မိငယ်ကို သနားသွားတာ။

သူ့ရဲ့မပြတ်သားမှုကြောင့် သူ့ရဲ့တွေဝေမှုကြောင့် ပြဿနာတွေ ကြီးကုန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကလေးနှစ်ယောက်နဲ့ မျှော်နေရှာတဲ့ မိငယ်ကို ဥပေက္ခာမပြုရက်သလို မမသိုက်ကိုလည်း မထားခဲ့ရက်။

အထူးသဖြင့် သူ့သားသမီး သုံးယောက်ကို သူ ဘယ်လိုစီမံခန့်ခွဲရပါ့။

အကောင်းဆုံးဆိုတဲ့ စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်တွေကို သင်ယူထားတဲ့သူ၊

ဒီကိစ္စကို မခန့်ခွဲတတ်တော့။

သူ ရှုံးပြီ။

"ထွေဋ္ဌ်ရယ် ... ငါလည်း ရွာမှာ မုဆိုးမတစ်ပိုင်း ပြောဆိုခံနေရတာဟယ်။ ကလေးတွေကလည်း ဖအေကို အရမ်းတမ်းတကြတာ။ ငါတို့မှာ စီးပွားရေးလည်း လုံလုံလောက်လောက် ရှိနေပါပြီဟယ်။ ပြန်လိုက်ခဲ့ပါတော့နော်"

"ဒီမှာ အလုပ်ကိစ္စတွေက မပြတ်သေးဘူးဟ။ လက်လွှတ်စပယ် ထားခဲ့လို့တော့ မရဘူးလေ၊ ငါ အလုပ်တွေ လက်စသတ်ပြီး ပြန်ခဲ့ပါမယ်နော်"





"နောက်မှ ပြန်လာလုပ်ပါလား။ အခု ခဏဖြစ်ဖြစ် ပြန်လိုက်ခဲ့ပါဦးလား ထွေဋ္ဌ်ရယ်"

"ဟုတ်တယ် ဖေကြီး လိုက်ခဲ့။ သားတို့နဲ့ ပြန်လိုက်ခဲ့"

ယောက္ခမဖြစ်သူကပါ ခေါ်နေသည်။

"သားရယ် ... ပြန်လိုက်ခဲ့ပါဦး။ အခု မင်းမိန်းမ အိမ်ကြီး ဆောက်ထားတာ ဟည်းနေတာပဲ၊ လိုက်ခဲ့လိုက်ပါကွယ်"

သူ ဘယ်လိုနှစ်သိမ့်ရပါ့။ ခုလောလောဆယ် သူ ဘာလုပ်ရမှန်း မသိသေး၍ အချိန်ယူကာ အေးဆေးစဉ်းစားချင်သေးသည်။

မိငယ်နဲ့ မမသိုက်။ သူ့သားသမီး သုံးယောက်။ သူ ခေါင်းတွေကိုက်နေပြီ။

"ထွေဋ္ဌ်"

"မိငယ် ... ငါ အလုပ်တွေပြီးရင် လိုက်ခဲ့မယ်။ ငါ့ကို တစ်ပတ်ပဲ အချိန်ပေးဟာ နော်"

"တစ်ပတ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"နေပါဦး ... နင်က အခု ရန်ကုန်မှာလား။ ထိုင်းမှာလား"

"ငါသူဌေးနဲ့ ပါလာတာပါ။ အရင်တစ်ခါလိုပဲပေါ့"

"ဪ"

"နော် ... မိငယ် နော်။ ငါ တစ်ပတ်နေရင် လိုက်ခဲ့မယ်"

"ငါကလည်း နောက်ပိုင်းကိစ္စတွေနဲ့ ဆိုတော့ ရန်ကုန်မှာ အေးဆေးနေလို့ မရလို့။ မဟုတ်ရင် နင့်ကိုတောင် စောင့်ခေါ်သွားချင်တာ"

"ငါ လိုက်ခဲ့မှာပါ၊ အခု ငါ အကုန်လုံးကို နေ့လယ်စာ ကောင်းကောင်းလိုက်ကျွေးမယ်လေ"

"အထူးစပါယ်ရှယ်ဒံပေါက် စားချင်တယ်တဲ့။ ငါ သူတို့ကို ဒံပေါက်ဝယ်ကျွေးမလို့"

"အေး ... ငါ ဝယ်ကျွေးမယ်၊ သွားရအောင်"

"ဖေကြီး ... သားတို့နဲ့ ပြန်လိုက်ခဲ့ပါ"

"လာမှာပါ သားရယ် ... နော်"





"ဖေကြီးက ချောတယ်တော့"

သမီးက သူ့ကိုငေးရင်း ပြောနေပုံလေးကို သနားလိုက်တာ။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



"မိငယ် ... စိတ်ချလက်ချသွား။ ငါ လိုက်ခဲ့မယ်"

"ငါတို့သားအမိတွေ မပြန်ဘဲ နေခဲ့ရင် ကောင်းမလားလို့။ အလုပ်က အရေးမကြီးပါဘူး။ နင်ပဲ အရေးကြီးတာ"

"ငါ အလုပ်ပြီးရင် လာခဲ့ပါမယ်ဟာ၊ အခု နင်တို့နေခဲ့လည်း ငါ နင်တို့ကို လာတောင်တွေ့နိုင်မှာ မဟုတ်ဘူး"

"နင်ကလည်းဟာ၊ အလုပ်က မိသားစုထက် ပိုအရေးကြီးလို့လား"

"ဩော် ... မိငယ်ရယ်၊ ငါက ပိုက်ဆံယူထားတော့ တာဝန်ကျေချင်လို့ပါဟာ"

"ပြီးရော ... ရှင်းစရာရှိတာ အကုန်ရှင်းပြီး မြန်မြန်ပြန်လာခဲ့နော်"





"အေးပါ ... စိတ်ချ"

ထွေ့ရှိ ပြီးပြီးရော ခေါင်းတွေညိတ်ကာ အတွေးထဲမှာတော့ ဘာလုပ်လို့ လုပ်ရမှန်းမသိ။

မိငယ်ကို ချော့မော့ပြီး ပြန်လွှတ်လိုက်ရသည်။ ညနေကျတော့ မိငယ်တို့ကား ထွက်သွားမှပဲ သူလည်း အသက်ကို ဝအောင်ရှူရှိုက်ရတော့သည်။

သူ ဘာလုပ်ရမလဲ။

သူ့သားသမီးနှစ်ယောက်စမျှသနားစရာပါ။ ပိုက်ဆံသာရှိတာ။ ဗဟုသုတကတော့ နတ္ထိ။

ပြီးတော့ နယ်ပညာရေးက သိတော်မူကြတဲ့အတိုင်း။

သူ့သားသမီးတွေရဲ့ဘဝကို လင်းလက်တောက်ပအောင် မြှင့်တင်ပေးချင်သေးသည်။

ပြီးတော့ မိငယ်ကိုလည်း သနားလိုက်တာ။ မမသိုက်ကို သနားတာထက် မိငယ်ကို သနားတာက ပိုဆိုးသည်။ သူ ဘာလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မိငယ်တို့ ထွက်သွားတော့ သူ ဟိုတယ်တစ်ခုမှာ အခန်းငှားပြီး အသည်းအသန် စဉ်းစားနေသည်။ သူ ဘာလုပ်ရမလဲ။ ဘာလုပ်မလဲ။ စဉ်းစားရုံနဲ့တင် ခေါင်းကိုက်သည်။

ဖုန်းလည်း ပိတ်ထားလိုက်သည်။ အခန်းထဲအောင်းရင်း သူ ရင်တွေ တဖျစ်ဖျစ်မြည်အောင် အသည်းကွဲနေသည်။ သူ ရှုံးတော့မည်။

မမသိုက်နဲ့ မိငယ်။ ပြီးတော့ သူ့သားနဲ့ သမီးနှစ်ယောက်။ သူ ဘာလုပ်ရမလဲ။ ကံကြမ္မာကြီးက ရက်စက်လွန်း၏။ မိငယ်ဆီမှာ ဘာကိုယ်ဝန်မှ မရှိဘူးဆိုရင်လည်း ကောင်းသား။ ဒါမှမဟုတ် သူ မမသိုက်ရဲ့တိုးဝင်မှုကို ငြင်းနိုင်ခဲ့ရင်လည်း ကောင်းသား။

သေချာပြန်စဉ်းစားကြည့်တော့ အဓိကတရားခံက သူ ဖြစ်နေသည်။ သူ့အမှားတွေပါ။ ပြင်ရခက်တဲ့ အမှားတွေ။

နှောင်တဆိုတာ နှောင်မှရသတဲ့။ အဲဒီအချိန်တုန်းက မေတ္တာတရား၊ သစ္စာတရားတို့ကို ခြေကုန်ကန်ထုတ်ပြီး ငွေနောက်လိုက်ခဲ့မိတာပါ။





ငွေတစ်ခုတည်းလား။ မိန်းမတစ်ယောက် ထပ်ယူခဲ့တာ ငွေကြောင့်သက်သက်ပဲလားဟု ပြန်တွေးမိချိန်က အများကြီး နောက်ကျခဲ့ပြီ။

မမသိုက်ရဲ့စည်းစိမ်ဥစ္စာတွေပေါ်မှ သာယာခဲ့တဲ့သူ မိငယ်အတွက် ငွေကိုမက်ခဲ့တာလား၊ သူ့အတွက် သူ မက်ခဲ့တာလားဆိုတာလည်း မသေချာတော့။

အိမ်ထောင်သည် ယောကျ်ားတစ်ယောက်က အိမ်ထောင်ရှိပါတယ်လို့ မကြေညာရဲတဲ့ ခပ်ညံ့ညံ့ယောကျ်ားထဲမှာ သူက ထိပ်ဆုံးကပါမည် ထင်ပါသည်။ သူလိုယောကျ်ားမျိုးရဲ့စံကို သိက္ခာပေတံနဲ့တိုင်းရင် ရမှတ်က ရေခဲမှတ်အောက်ကို Minus တော်တော်ပြနေမှာပါ။

အခု ...

သူ ဘာလုပ်ရမလဲ။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ထွန်း ဖုန်းပိတ်ပြီး ညပါပြန်မအိပ်သဖြင့် မမသိုက် စိတ်တွေပူနေ၏။

နီးစပ်ရာတွေ လိုက်ဆက်ချင်သော်လည်း ခင်ပွန်းသည်ရဲ့ဂုဏ်သိက္ခာကို ထောက်ထားသောအားဖြင့် မဆက်ဖြစ်ပါ။

ထူးတော့ ထူးဆန်းသည်။

သမီးမွေးနေ့မှာတောင် အလောတကြီး ထွက်သွားခဲ့သည်။ ပြီးတော့ ခုလည်း ပြန်မလာ။ သမီးက တစ်ညနေလုံး စိတ်ကောက်နေသဖြင့် မနည်းချော့ကာ သိပ်လိုက်ရသည်။

မောင်မောင်ထွန်းက သမီးကိုတော့ တော်တော်ချစ်ပါသည်။ ဒီနေ့ ဘာအရေးကြီးကိစ္စ ရှိလို့များ သမီးကို ထားသွားတာပါလိမ့်။





အိမ်ထောင်စကျကတည်းက မမသိုက်က လုံးဝ အလစ်မပေးခဲ့ပါဘူး။

သူ ခြေလှမ်းလည်း မပျက်ပါဘူး။

မမသိုက် ခေါင်းတွေထူပူနေသည်၊ ဒါပေမဲ့ တစ်ဖက်ကလည်း မောင်ထွန်းကို ယုံကြည်စိတ်လေး ရှိနေပါသည်။

ဒီကောင်လေး မဟုတ်တာတော့ မလုပ်လောက်ပါဘူး။ သူ့မ ဒီလောက်ပဲ့စားပေးထားတာ။ ကိုယ်မွေးတဲ့မျောက်ကတော့ ကိုယ့်ကို ပြန်မခြောက်လောက်ပါဘူး။

သိုက်သည် အမျိုးမျိုးစဉ်းစားကာ ရင်ပူနေပါသည်။ အိပ်မောကျနေတဲ့ သမီးလေးကိုကြည့်ကာ သိုက် တစ်ညလုံးအိပ်မပျော်။

အိမ်ထောင်စကျကတည်းက တစ်ခါမှ ဒီလိုမဖြစ်ဖူး၍ သိုက် အရမ်းစိတ်ပူနေပါသည်။

သံသယတစ်ပိုင်း စိတ်ပူတာတစ်ဝက်နဲ့ သိုက် နေမထိ ထိုင်မသာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက် မိုးသာစင်စင်လင်းရော သူ မလာ။ သိုက်ဖုန်းဆက်တော့လည်း မရ။

သူနဲ့ နီးစပ်ရာတွေဆီ ဖုန်းတောက်ကြည့်တော့လည်း အခြေအနေမထူး။

နေ့ခင်းအထိပါ အဆက်အသွယ် မရတော့ သိုက်စိတ်တော်တော်ပူလာပြီ။

နီးစပ်ရာတွေမှာ ကျိတ်ရှာရသည်။ အရေးထဲ အတွင်းရေးမှူးဖြစ်တဲ့ သီရိကပါ ခွင့်ယူသဖြင့် သံသယမှိုးက ဟုန်းခနဲ။

မောင်ထွဋ်က သီရိနဲ့တော့ ရင်းနှီးသည်လေ။

စိတ်ပူပန်စွာနဲ့ သီရိအိမ်ကို လိုက်သွားကြည့်တော့ သီရိက ဖျားနေသည်။

ဘယ်မှာရှာရမလဲနော်။

❖ ၈ ❖





ထွဋ် ဘာလုပ်ရမလဲမသိ။ မမသိုက်ဆီ သွားရမလား။ မိငယ်ဆီ ပြန်ရမလား။ ဘယ်တစ်ယောက်ဆီမှမသွားရဲ။ မသွားရက်။

မမသိုက်ကိုရော မိငယ်ကိုပါ မထားခဲ့ရက်။ ဒါပေမဲ့ သူ တစ်ယောက်ကိုပဲ ရွေးချယ်ခွင့်ရှိသည်။

မမသိုက်နဲ့ သမီးကလေး ရကတည်းက သမီးကို အချစ်အကုန်ပုံပြီး သူ မိငယ်ကို မေ့ထားခဲ့တာပါ။

အခုတော့ မိငယ်ဆီမှာ သူ့ရင်သွေးအမြွှာကလေး ရှိနေသည်။

ကံကြမ္မာက သူ့ကို ဒဏ်ခတ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မမသိုက်ရဲ့သမီးလေးက သူ့ကိုချစ်သလို မိငယ်ရင်သွေးအမြွှာကလည်း သူ့အလာကို မျှော်နေရှာသည်။ မွေးကတည်းက ဖခင်ရင်ငွေ့ မခိုရသေးတဲ့ ကလေးတွေ။

သူ ဘာလုပ်ရမလဲ။

ရန်ကုန်မှာ မေင်မောင်ထွင်ရဲ့ ဘဝနဲ့ ရှင်သန်နေတဲ့ သူက အတိတ်ကို ငွေ့ပို့ရုံကလွဲပြီး လုံးဝပြည်ဖုံးကားချခဲ့တာပါ။

အခုတော့ မိငယ်ဆီမှာ သူ့ရင်သွေးမြွှာကလေး ရှိနေသည်။

ကံကြမ္မာက သူ့ကို ဒဏ်ခတ်ပြီ။

မမသိုက်ရဲ့သမီးလေးက သူ့ကိုချစ်သလို မိငယ်ရင်ခွင်က အမြွှာကလည်း သူ့အလာကို မျှော်နေရှာသည်။ မွေးကတည်းက ဖခင်ရင်ငွေ့ မခိုရသေးတဲ့ ကလေးတွေ။

သူ ဘာလုပ်ရမလဲ။

ရန်ကုန်မှာ မောင်မောင်ထွင်ရဲ့ ဘဝနဲ့ ရှင်သန်နေတဲ့ သူက အတိတ်ကို ငွေ့ပို့ရုံကလွဲပြီး လုံးဝပြည်ဖုံးကားချခဲ့တာပါ။





ခုတော့ သူ ဥပေက္ခာပြုတာ မိငယ် တစ်ယောက်တည်း မဟုတ်ဘူး။

ဘာမှမသိရှာတဲ့ ရိုးသားတဲ့ မိငယ်။ သူ့ဘဝကို သူမရှိစုမဲ့စုနဲ့ အရောင်တင်ပေးခဲ့တဲ့ မိငယ်။ သူ လေးငါးနှစ် အဆက်အသွယ် မလုပ်တာကို စိတ်နာရကောင်းမှန်း မသိတဲ့ မိငယ်။

သူ့ကိုတွေ့ဖူးတာကို ဝမ်းသာအယ်လဲ ဖြစ်နေကြတဲ့ သူ့ရဲ့သားနဲ့သမီး။

ပိုက်ဆံပို့ရုံနဲ့ မိဘတာဝန် ကျေရဲ့လား။

မမသိုက်ဘဝက သာယာပါသည်။ သူ့ကိုယူတုန်းကလည်း သာသာယာယာလေးပဲ ယူခဲ့တာ။ မမသိုက်က သူ့တွက် နှုန့်လွှတ်အနစ်နာခံ ပေးဆပ်ခဲ့တာမရှိ။

မိငယ်ကတော့ တကယ့်ကို ပေးဆပ်ခဲ့၏။ မမသိုက်နဲ့ ဖူးခက်ကို ပျားရည်ဆမ်းကရိုး ထွက်ခဲ့ဖူးပေမယ့် မိငယ်နဲ့တော့ ရွာဦးစေတီကလွဲရင် ဘယ်မှအတူခြေမလှမ်းဖူးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



မိငယ်အပေါ် မတရားဘူးထင်၍ မိငယ်ဆီ ပြန်ဖို့ ဆုံးဖြတ်မိတော့ သမီးမျက်နှာက ကွက်ခနဲပေါ်သည်။ နောက်ဆံတင်းနေပါသည်။

သူ စိတ်ညစ်ညစ်နဲ့ အရက်တွေ ဖိသောက်နေမိသည်။ တကယ်တော့ သူ အရက်ကို ဘယ်တုန်းကမှ မက်မက်စက်စက် မသောက်ခဲ့ဖူးပါ။ ခုတော့ ဘာလုပ်ရမှန်း မသိဘဲ အရက်တွေ သောက်နေမိသည်။

အရက်မူးလာတော့ အမူးအိပ်မက်တွေ မက်သည်။ အိပ်မက်ထဲမှာ သူ မမသိုက်ကိုရော မိငယ်ကိုပါ သူ ရင်တွေဖွင့်နေသည်။

မူးလာတော့ သူ စိတ်ကြိုက်ရင်ဖွင့်နေမိ၏။ သူ့မှာ အိမ်ထောင်ရှိရက် မမသိုက်ကို လက်ထပ်မိတာ မှားတဲ့အကြောင်း။ လက်ထပ်တုန်းက ဘာမှမတွေးမိဘဲ မိငယ်ကို ပြေလည်စေချင်စိတ် တစ်ခုသာ ရှိခဲ့ကြောင်း။ ဒါပေမဲ့ သမီးရလာတော့ သမီးကိုငဲကာ မိငယ်ကို မေ့ခဲ့ကြောင်း။ မိငယ်ဆီမှာ ကိုယ်ဝန်ရှိခဲ့တာ သူ





တကယ်မသိခဲ့ကြောင်း။ အခု မိငယ်နဲ့ ဘုရားပေါ်မှာတွေ့မှ သူ့မှာ သားနဲ့သမီး အမြွှာကလေး ရှိနေတာ သိခဲ့ကြောင်း။ ဒီဘက်မှာလည်း သမီးတစ်ယောက်နဲ့၊ မိငယ်ဆီမှာလည်း သားနဲ့သမီး အမြွှာကလေးနဲ့။ သူ ဘာလုပ်ရမလဲ မသိတော့ကြောင်း။ မမသိုက်နဲ့ မိငယ် မသိအောင် နှစ်ယောက်ပေါင်းတာမျိုးလဲ့ည်း မလုပ်ရက်ကြောင်း။ နောက်ဆုံးတော့ ...

သူ့ကိုယ်သူတောင် ပြန်ရွံ့လာကာ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်တောင် ပေါက်လာကြောင်း ထပ်ကာ ထပ်ကာ ပြောရင်း သူ့အိပ်မက်တွေ ပြီးဆုံးသွားခဲ့သည်။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



မမသိုက်သည် မောင့်ကိုရှာမရ၍ ထိတ်လန့်လာသည်။ လူပျောက်တိုင်ရမလား။ သတင်းစာထဲ ထည့်ကြော်ငြာရတော့မလား။ ဘာလုပ်ရမှန်းတောင်မသိ။

မောင့် Mail တွေ ဝင်စစ်ကြည့်တော့လည်း ဘာမှသုံးမထား။ မောင့်ဖုန်းကလည်း ပိတ်ထားဆဲ။

အဲလိုနဲ့ တစ်နေ့တာ ကုန်ပြန်ပြီ။ ညနေခြောက်နာရီ။

ဧည့်ခန်းထဲမှာ ဖေဖေနဲ့ မေမေက ...

"သမီး ... သိုက်၊ မောင်ထွဋ်ရဲ့ အကြောင်း သတင်းမရသေးဘူးလား"

"မရသေးဘူး ဖေဖေ"





"ဒီကောင်လေး တစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူး"

"သမီးက Accident ဖြစ်နေမှာပဲ ကြောက်တာ ဖေဖေ"

"အေး ... ဆေးရုံတွေ လိုက်စုံစမ်းကြည့်ပါဦးလား သမီး"

"စုံစမ်းပြီးပြီ ဖေဖေ၊ သတင်းမရသေးဘူး"

"အေး ... ဒုက္ခပဲ၊ ဘယ်တွေသွားပြီး ဘာတွေများဖြစ်နေပါလိမ့်"

"ဆက်သွယ်ရေးမှာ သူ့ဖုန်းအဝင်အထွက် စစ်ကြည့်ပါဦးလား သမီး။ သူ နောက်ဆုံး ဘယ်သူနဲ့ ဘယ်အချိန်မှာ ဖုန်းပြောလဲဆိုတာ သိရင် နည်းနည်းစုံစမ်းရ လွယ်တာပေါ့"

"ဟုတ်ကဲ့ ဖေဖေ။ ဖေဖေပြောမှ သိုက် သတိရတယ်။ ဒီညမှ ပြန်မလာရင်တော့ မနက်ဖြန် ဖုန်း source လိုက်ကြည့်ရမယ်"

ဖေဖေတို့နဲ့ စကားခဏပြောပြီး သိုက် သမီးကိုဝင်သိပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမိ ... ဒယ်ဒီရေ"

"ဒယ်ဒီ ခရီးသွားနေတယ် သမီးရဲ့"

"သမီး ဒယ်ဒီကို လွမ်းတယ်"

"အေးပါ သမီးရယ်၊ သမီး အခု အိပ်လိုက်နော်၊ နိုးလာရင် သမီးဒယ်ဒီ ပြန်လာလိမ့်မယ်"

"သမီးအိပ်ရင် ဒယ်ဒီ ပြန်လာမှာလား"

"သေချာတာပေါ့ သမီးရယ်"

"ဒါဆို သမီး အိပ်လိုက်ဦးမယ်၊ good night မာမိ"

"good night သမီးလေး။ အိပ်လိုက်နော်"

သမီးကို ချော့မော့သိပ်လိုက်ပြီး မေးလ်စစ်လိုက်သည်။

ထိုအချိန်မှာပဲ ဖုန်းဝင်လာခဲ့ပါသည်။

"မမသိုက်ရေ ... မမသိုက်"

"မောင် ... မောင် ဘယ်မှာလဲ၊ မမစိတ်ပူလို့ သေတော့မယ် မောင်ရယ်"





"မမသိုက်ရေ ... ကျုပ်တော့ အေ့ ... အေ့၊ ဝေါ့ ... ကျုပ် သေချင်တယ်၊ သေချင်လယ် တေချင်လယ်"

"မောင် ... မောင် ဘာတွေဖြစ်နေတာလဲ၊ မောင် အခု ဘယ်မှာလဲ"

"ဟိုတယ်တစ်ခုထဲမှာပေါ့၊ ပုန်းနေတာ ... ဟား တား ကျုပ် မိန်းမနှစ်ယောက်ကို ပုန်းနေတာ။ အေ့ ... ပုန်းနေ ဒါ။ ဘယ်မိန်းမနဲ့ ပေါင်းရမှန်း မသိတော့လို့ ပုန်းနေတာ"

"မောင် ဘယ်ဟိုတယ်မှာလဲဟင်"

"ဆီဒိုးနားမှာပေါ့၊ ကျုပ်က သူဌေးပဲ ဆီဒိုးနားမှာ တည်းမှာ ပေါ့အေ့"

"ဟုတ်ပြီ မောင်၊ ဒါပဲနော်"

သူမ ရောက်သွားတော့ ဟိုတယ်အခန်းထဲမှာ [illegible] ပျက်နေလိုက်တာ။ မူးပြီး အန်ထားတာလည်း ပွစာတဲ [illegible]

"ပြန်ရအောင် မောင်"

"မပြန်ဘူး၊ ဘယ်ကိုမှ မပြန်ရဲဘူး"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကနေစပြီး မူးမူးနဲ့ ရင်ဖွင့်လိုက်တာ သူမ အကုန်လုံး ဇာတ်ရေလည်သွားသည်။

မောင့်မှာ မယားကြီးရှိသတဲ့။ သူမကမ္ဘာကြီးချာချာ လည်သွား၏။

ထိုမယားကြီးဆီမှာ ကလေးက အမြွှာဆိုပဲ။ သူမတို့ သားအမိဘက်မှာ အင်အားတော်တော်နည်းနေသည်။

မောင်တမ်းတနေတဲ့ မိငယ်ဆိုတာ မောင်ချစ်တဲ့သူ ကို တကယ် ထင်ခဲ့တာ။ ခုတော့ မယားကြီးတဲ့။

သိုက်သည် နားထောင်ရင်း အလိုလို မျက်ရည်ကျ လာသည်။ သိုက်ဘ၀တော့ သွားပါပြီ။ သမီးလေးရဲ့အနာဂတ်ကို လည်း စိုးရိမ်နေမိသည်။

မောင့်ကို မရအရ ဆွဲထားရမှာပဲ။ ဘယ်လိုဆွဲရမ လဲဆိုတဲ့ နည်းလမ်းကို အကောင်းဆုံး ရွေးချယ်ရမည်။

မောင်ကတော့ အိပ်ပျော်နေပြီ။ ဟိုတယ် **Reception** ကို ဖုန်းဆက်ပြီး အခန်းသန့်ရှင်းရေးလုပ်ဖို့ ခေါ်လိုက်သည်။





အခန်းသန့်ရှင်းရေးလုပ်ပြီး မောင့်ကို သေချာကျကျ နန ခုတင်ပေါ် ထင်သိပ်ရ၏။

တကယ်ဆို သိုက်က မောင့်ကို မြင်မြင်ချင်း မေတ္တာသက်ခဲ့လို့ အရောင်တင်ပေးပြီးတော့ကို ယူခဲ့တာပါ။ သိုက် က အရယူခဲ့တာပါ။ သိုက် မေးတော့ မေးပါသေးသည်။ မောင့် မှာ အိမ်ထောင်ရှိလားဟု။

လူပျိုဆိုရင် တော်ပြီဟု သိုက် တွေးခဲ့တာ။ ခုတော့ မောင်က လူပျိုမဟုတ်ဘူး။ ကလေးနှစ်ယောက်တောင် ရှိသတဲ့။

ရင်သွေးနဲ့ ဖြားယောင်းချင်တဲ့ သိုက်ကို ကံကြမ္မာက ဒဏ်ခတ်လိုက်သည်။ တစ်ဖက်မှာ အမြွှာနဲ့တဲ့။

သိုက် ဘာလုပ်ရမလဲကွယ်။

သိုက် ကျရှုံးရတော့မှာလား။

မောင့်ရဲ့မယားကြီးကိုသွားပြီး ဒူးထောက်တောင်းပန် ရမလား။

မောင်ကိုယ်တိုင်က မိငယ်ကို တော်တော်ကရုဏာ သက်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



သိုက်လည်း မိငယ်ကို သနားပါတယ်။ ဒါပေမဲ့ သိုက်ကိုယ်သိုက် ကာကွယ်ချင်၏။

သိုက်တို့အသိုင်းအဝိုင်းမှာသာ ဒီသတင်း ပွသွားလို့ကတော့ သိုက်ဘဝ အဖတ်ဆည်နိုင်မှာ မဟုတ်။ ပြီးတော့ ...

သမီးလေး။ သမီးလေး ရှေ့ရေးက ရှိသေး၏။ သိုက် မွေးထားတာ ယောကျ်ားလေးဆိုရင် တစ်မျိုးပေါ့လေ။

သိုက် မောင့်ဆီးမှာ ဝင်လဲ့ရင်း အိမ်ကိုဖုန်းဆက်လိုက်သည်။ သိုက် ဒီည ပြန်မလာဘူးလို့။

✤○✤





သူ နိုးလာတော့ သူ့ရင်ခွင်ထဲမှာ မမ။

"အား"

သူ ရုတ်တရက် လန့်ကာ အော်ပစ်လိုက်သည်။

"လန့်လိုက်တာ မောင်ရယ်"

မမကတော့ အေးဆေးပါ။ မမပုံစံက အိပ်ပျော်နေပုံမရပါ။ သူ လန့်နေသည်။

"မမ ဘယ်လိုရောက်နေတာလဲ"

မမသိုက်ကို သူ မတွေ့ချင်သေးပါ။ ဆုံးဖြတ်ချက် မချနိုင်သေးခင် ဘယ်မိန်းမကိုမှ သူ မတွေ့ချင်ပါ။

"ညက မောင် မမဆီ ဖုန်းဆက်လို့လေ။ မမမှာ စိတ်ပူပြီး ရှာလိုက်ရတာ။ သမီးကလည်း မောင့်ကိုပဲ တမ်းချိန်



www.burmeseclassic.com

www.burmeseclassic.com



လုံး မေးနေတာ၊ ဖေဖေတို့ မေမေတို့ကလည်း စိတ်ပူနေကြတာ မောင်ရဲ့။ ပြန်ကြရအောင် မောင်"

"ဟင်"

သူ လန့်သွားသည်။ သူ ပြန်ဖို့ မပြန်ဖို့ မဆုံးဖြတ်ရသေးဘူး။

"မောင် ထဆို ညစ်ပတ်နေတာပဲ။ ထ ... သမီး မျှော်နေတော့မယ်၊ ပြန်ရအောင်"

သူ စိတ်ညစ်နေသည်။ သူ ပြန်ဖို့ကြောက်နေမိသည်။ သူ မမဆီ မပြန်ချင်ပါ။

ထိန်ထိန်သာနေတဲ့ ရန်ကုန်မြို့ပေါ်က မမရင်ခွင်ထက် လျှပ်စစ်မီး ရှိသော်လည်း မှောင်တစ်ခါ လင်းတစ်ဝက်၊ မှောင်ဆယ်ခါ လင်းသုံးဖုဆို့ တောရွာကလေးက မိငယ်ရင်ခွင်ကိုပဲ အားသွားဖြည့်ချင်သည်။ ဒီအကြောင်း မမကို ဘယ်လိုပြောရပါ့။

မမသိုက်လည်း တစ်ညလုံး စဉ်းစားပြီးပါပြီ။ ဒီကိစ္စကို မမသိုက် သေချာကိုင်တွယ်တတ်မှ ရမည်။





တော်ကြာ မောင် မမသိုက်ရဲ့ဘဝထဲက နောက်တစ်ခေါက် ထပ်ပျောက်ကွယ်သွားဦးမည်။ ဒီတစ်ခါက ရှာလို့တွေ့သေးသည်။ နောက်တစ်ခေါက်ဆို ရှာလို့မရတဲ့ နေရာကို ထပ်ထွက်သွားမှာ စိုးရသည်။

မောင်ထွဋ်ကို ကြည့်လိုက်တော့လည်း ငူငေါင်နေပါသည်။

"မောင်"

မောင်ထွဋ်က ဆုံးဖြတ်ချက်ချပြီးပုံနှင့် ...

"မမ"

"ရှူး ... မောင်။ ပြောစရာရှိမှန်း မမ သိတယ်။ အိမ်ရောက်မှ အေးအေးဆွေးနွေးကြစို့လား မောင် ... နော်"

"မောင်"

"မောင် ပြောစရာရှိမှန်း သိပါတယ် မောင်။ ဟိုတယ်မှာထက် အိမ်မှာ အေးအေးဆေးဆေး ပြောကြတာက ပိုကောင်းမယ် ထင်ပါတယ်။ အဲဒါကြောင့် အိမ်ကို ပြန်ရအောင်၊



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးဖြစ်အောင် မမပါ ဝိုင်းစဉ်းစားပေးမှာပါ။ မမ အားလုံး သိတယ်။ ထ ... ထ"

အတင်းဆွဲခေါ်သဖြင့် သူ မမသိုက်နဲ့ ပါသွားသည်။ သူ့ရင်ထဲမှာတော့ မိငယ်နဲ့ ကလေးနှစ်ယောက်ပါ လေးလံစွာနဲ့ ပါလာသည်။

သိုက်က ပထမအဆင့်အနေနဲ့ အိမ်ကို အရပြန်ခေါ် ရသည်။ အိမ်ရောက်လို့ သူ့သမီးမျက်နှာမြင်ရင် အနည်းနဲ့အများ တော့ သိုက်ဘက်ကို ပါမှာပဲ။ သူ့ကို ဆွဲဆောင်မှန်း မသိအောင် ဆွဲဆောင်ပြီး ဆွဲယူမှန်းမသိအောင် တွန်းပို့သော နည်းဗျူဟာကို အသုံးပြုရပါမည်။

သိုက်ဘက်ကို အတင်းဆွဲယူရင် အလွတ်ရုန်းခြေ သွားမှာ ကြောက်ရသည်။ သဘောထား ကြီးပြရမည်။ အားနွဲ့ပြ ရမည်။ နူးညံ့ပြရမည်။ ဤနည်းတွေဖြင့် ချော့ဆွဲယူရမည်။

သိုက် ကျန်ခဲ့လို့ လုံးဝမဖြစ်ဘူး။

✤ ○ ✤





သိုက်တို့အိမ်ကို အရဆွဲခေါ်ပြီး ပါလာတော့လည်း စိတ်ကိုက မကြည်လင်။ ပြီးတော့ အိမ်ရောက်တော့လည်း ဖေဖေ နဲ့ မေမေတို့က တစ်ခုခု မေးချင်ပုံရသော်လည်း ဘာမှမမေးဘဲ နေကြသည်။

သမီးကလည်း မူကြိုမသွားဘဲ သူ့ကို အတင်းဖက် တွယ် ကပ်တွယ်နေသည်။

"ဒယ်ဒီ ... ဒယ်ဒီက ဘယ်တွားနေတာလဲ။ မာမီကရော ဘယ်တွားတာလဲ"

"မာမီက ဒယ်ဒီကို သွားကြိုတာပါ သမီးရယ်"

"သမီးကို မခေါ်သွားဘူးလား"

"သမီး အိပ်နေလို့ မခေါ်သွားတာပါ သမီးရယ်"

မောင်မောင်ထွဋ်က သမီးကို ...

"သမီး မူကြိုသွားလေ"

"သွားဘူး ... ဒယ်ဒီနဲ့နေမှာ။ မီးမီးက ဒယ်ဒီကိုလွမ်းလို့"

သိုက်က ကျေနပ်နေသည်။ သမီးက သင်ပေးစရာ မလို။ သူ့ဒယ်ဒီကို အတင်းကပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောက ကလေးတွေထက်စာရင် သိုက်သမီးက သူ့အမေကို ပိုပြီးဆွဲဆောင်နိုင်မှာပါ။

"မောင့်သမီး ကပ်နေတော့ စကားပြောလို့ အဆင်မပြေသေးဘူး။ နေ့ခင်း သမီး အိပ်တဲ့အချိန်ကျမှ စကားပြောကြတာပေါ့"

မောင်မောင်ထွန်းက ဘာပြောလို့ ရမှာလဲ။ မမသိုက်က ဆရာမကြီးလေ။ ကပြမယ့် အကွက်ကလေးတွေက လှပဦးမှာပါ။

အခန်းထဲမှာ သမီးနဲ့ သူ့ကို ထားခဲ့ပြီး အပြင်ထွက်လာတော့ မေမေက အခြေအနေ လာမေးသည်။

"ဘာမှမဖြစ်ပါဘူး မေမေ။ သူ့မှာ stress လေး နည်းနည်းရှိနေလို့ပါ။ သမီး ဖြေရှင်းပေးလိုက်ပါမယ်"

"အဆင်ပြေရဲ့လား"

"ပြေပါတယ် မေမေ၊ နောက်မှ အေးအေးပြောပြမယ်နော်"

"ပြေရင် ပြီးတာပါပဲ သမီးရယ်၊ အမေက စိတ်ပူလို့ပါ"





နေ့လယ် သမီးအိပ်တော့ သိုက်နဲ့မောင်ထွန်းတို့ တကြည့်နေးတံခါးပိတ်ကာ ဆွေးနွေးပွဲ လုပ်ကြသည်။

"မောင်"

"မမ"

"မောင် ညက မူးမူးနဲ့ အကုန်ပြောတယ်။ မမ အကုန်သိပြီးပြီ"

"ဆောရီးပါ မမ။ တကယ်တော့ ကျွန်တော် မှားခဲ့တာပါ"

"မမ အပြစ်လည်း ပါပါတယ်။ မမက မောင့်ကိုချစ်လို့ အရယူခဲ့သလို ဖြစ်သွားတယ်"

"မဟုတ်ဘူး။ မမ လုံးဝမမှားပါဘူး။ ကျွန်တော် အားနည်းချက်ကြောင့် ကျွန်တော့်ကိုယ် ကျွန်တော် အိမ်ထောင်သည်ဆိုတာ ဖွင့်မပြောခဲ့ဘူး။ အဲဒါကြောင့် ခုလိုဖြစ်ကုန်တာ"

"မမကလည်း လူပျိုပဲလို့ ထင်ခဲ့တာပါ။ မောင့်မှာ အိမ်ထောင်ရှိရင်တော့ မမ လက်မထပ်ပါဘူး။ ထားလိုက်ပါ။ ဒါတွေက အတိတ်ကံအမှားကြောင့်လို့ပဲ သတ်မှတ်ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အခု ဟိုမှာက ကလေးအမြွှာနဲ့ဆိုတော့ မောင်လည်း ပြန်ချင်မှာပဲ။ အိမ်ထောင်ဦးကလည်းဖြစ်၊ ကလေးကလည်း နှစ်ယောက်။ မမ ကိုယ်ချင်းစာပါတယ်၊ မောင့်ကိုရော မောင့်ရဲ့မိငယ်ကိုရော။ ဒါပေမဲ့ မောင်ရယ် ... မမအနေ အထားကလည်း မောင် သိတဲ့အတိုင်းပဲ။ မောင့်မှာသာ ပထမအိမ်ထောင်နဲ့ ကလေးတွေနဲ့ဆိုတာသာ သိသွားကြ ရင် မမတော့ ပြုတ်ပြီ။ အနည်းဆုံး မိသားစုထဲမှာလည်း မျက်နှာငယ်ရတော့မယ် ...

"မမ မျက်နှာငယ်ရတာထက် မမသမီးလေး ရှေ့ ရေးအတွက်တော့ စိတ်မကောင်းဘူး။ မမမွေးထားတာ သားလေးဆိုရင် မမ ဘာမှပြောမနေတော့ဘူး။ မမကိုယ် တိုင်တောင် လိုက်ပို့ပေးလိုက်ဦးမှာ"

သူ့မှာ ဘာစကားမှ ပြောစရာမရှိပါ။ သမီးကို သူ သနားပါသည်။ ဟိုက သားသမီးနှစ်ယောက်ကိုလည်း သူ သနား တာပါပဲ၊ ဘာလုပ်ရမလဲ။





"အဲလိုပဲ ဟိုမှာလည်း သူ့သားသမီးတွေနဲ့ ရွှေ့မှာပဲ။ နှစ်ယောက် ကျိတ်မပေါင်းတဲ့ မောင့်ကို မမ ကျေးဇူးအရမ်း တင်တယ် သိလား"

"မမရယ် ... မောင် ဘာပြောရမလဲ မသိတော့ပါဘူးဗျာ"

"မောင် သူ့ဆီသွားချင်ရင် သွားပါ။ ဒါပေမဲ့ သူ့ဆီမသွား ခင် တစ်ခုလောက် လုပ်ပေးလို့ရမလား"

"ဘာလဲ မမ။ မောင် ဘာလုပ်ပေးရမလဲ။ သူ့ဆီသွားတာ ထက် မမလုပ်ချင်တာကို လုပ်ပေးမှာပါ"

"မောင် သူ့ဆီသွားမယ်ဆိုမှ လုပ်ရမှာပါ"

"ဘာလုပ်ရမှာလဲ မမ"

"သူ့ဆီသွားဖို့ ဆုံးဖြတ်ထားရင်တော့ သူ့ဆီမသွားခင် မမနဲ့ သမီးကို နိုင်ငံခြား လိုက်ပို့ပေးခဲ့ပါ။ နိုင်ငံခြားမှာ ဓာတ်မြှုပ်နေမှ ရမှာလေ။ ဒီမှာဆိုရင်တော့ မောင်ထွက်သွား ရင် သမီးနဲ့မမဘဝက သွားပြီ။ ဒီတော့ မိသားစုလိုက် နိုင်ငံခြားထွက်တဲ့ပုံစံနဲ့ ထွက်ကြမယ်။ ပြီးရင် မောင်ပြန် လာပြီး မိငယ်ဆီ သွားလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဟုတ်သေးပါဘူး"

"မမကျန်ရစ်ဖို့က ဒီတစ်နည်းပဲရှိတယ် မောင်"

"မမရာ"

"မောင်ကို ချစ်ပေမယ့် ဒုတိယအိမ်ထောင်အနေနဲ့ ခွဲမထားချင်ဘူး။ မိငယ်ကို ကိုယ်ချင်းစာတယ်။ မမထက် မိငယ်က အခွင့်အရေး ပိုရသင့်တယ်။ သမီးက ဒုတိယအိမ်ထောင်ရဲ့ သမီးပါ မောင်။ သမီးထက် ဟိုက ကလေးတွေက ပိုပြီးအခွင့်အရေး ရသင့်ပါတယ်။ မောင် သမီးကို တွေ့ချင်ရင် အချိန်မရွေး လာတွေ့လို့ရပါတယ်"

"မမရာ ... မဟုတ်သေးပါဘူး"

"မမနဲ့ စယူကတည်းက မောင့် အိပ်ရင် မိငယ်နာမည်ကို ယောင်ပြီးခေါ်တတ်တယ်၊ ဒါပေမဲ့ မမက မိငယ်ဆိုတာ မောင့်ချစ်သူလို့ပဲ ထင်ခဲ့တာ။ မောင့်မယားကြီးမှန်း မသိဘူး"

ပြောရင်း မျက်ရည်ကျနေတဲ့ မမကို သူ သနားသွားသည်။ မောင်းတင်ထားတဲ့ စိတ်တွေ အရည်ပျော်ကုန်ပြီ။ မမက





ဝမ်းနည်းလာပုံဖြင့် ရှိုက်ကြီးတငင် ငိုနေတော့ သူ [illegible] ထားမိသည်။

တကယ်လည်း မမှာ အပြစ်မှ မရှိတာ။ သမီးမှာ ပိုတောင် အပြစ်ကင်းသေးသည်။

ပြီးတော့ မမသိုက်ရဲ့ မိဘတွေလည်း သူလိုမျက်နှာမွဲအပေါ် ကောင်းပေးခဲ့ကြ၏။ ခုကိစ္စသာ သိသွားရင် ဘယ်လောက်စိတ်မကောင်း ဖြစ်လိုက်မလဲ။

နောက်သုံးရက်နေရင် သူ မိငယ်ကို ပြောထားတဲ့ ရက် ရောက်တော့မယ်။ သုံးရက်မတိုင်ခင် သူ စိတ်ပိုင်းဖြတ်ရလိမ့်မယ်။

သူ့ရဲ့အပြစ်ကြီးကို သိတာတောင် ခွင့်လွှတ်နိုင်တဲ့ မမရဲ့မေတ္တာတရားနဲ့ သဘောထားကြီးမှုကို သူ ဥပေက္ခာပြုဖို့ မဖြစ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ထိုသုံးရက်အတွင်းမှာ သိုက်က မိန်းမဝတ္ထုရားကျော ပွန်လွန်းလှသည်။

"မောင် မိငယ်ဆီ သွားမယ်ဆိုရင် သိုက်အတွက် မောင့်ကိုပြုစုချိန် သိပ်မရှိတော့လို့ သိုက် ဝတ္ထုရားကျေရုံမက ပြုစုပါရစေနော် မောင်"

မမသိုက်က သူမဘက်ပါအောင် ပညာကုန်သုံးပြီး ဆွဲယူသည်။

ငထွန့်ကလည်း သိပါတယ်။

သူ မမကို ယူလိုက်ရတုန်းကလည်း မမဒီလိုပဲ ဆွဲဆောင်ခဲ့တာပါ။

မိငယ်လို အရိုးခံမဟုတ်။





သိပေမယ့်လည်း သူ ထားခဲ့ရမှာ အားနာသည်။ သမီးကိုလည်း သနား၏။ မမသိုက် သင်ပေးထား၍လားမသိ၊ သမီးက သူ့နားကမခွာ။ တွတ်တီးတွတ်တာနဲ့ သူ့ရဲ့သံယောဇဉ်တွေကိုလည်း ချူယူပါသေးသည်။

သမီးကို သနားနေသော်လည်း သူ မိငယ်ဆီပဲ ပြန်ချင်မိသည်။ ဖြစ်နိုင်ရင် သမီးကိုပါ ခေါ်သွားချင်သေးသည်။

ဒီလိုနဲ့ မိငယ်ဆီ ပြန်ရမယ့်ရက်သို့ ရောက်သောအခါ ...

"မမ ကျွန်တော် မိငယ်ဆီကို ခဏသွားလိုက်ဦးမယ်"

"ခဏသွားလိုက်ဦးမယ် ဆိုတော့ ..."

"ကျွန်တော် ဘာမှတော့ မစဉ်းစားရသေးပါဘူး။ ဒါပေမဲ့ သူ့ဆီ လာမယ်လို့ ပြောထားတဲ့ရက်တော့ သွားသင့်တယ် ထင်လို့။ ဘယ်လိုပဲ ဆုံးဖြတ်သည်ဖြစ်စေ ကျွန်တော် ပြန်လာမှာပါ။ သူ့ဆီပဲ သွားတော့မယ်လို့ ဆုံးဖြတ်ရင်တောင်မှ မမကို ပြန်လာပြောမှာပါ။ အခု ကျွန်တော် ကားခက လွဲရင် ကား၊ ဖုန်း ဘာမှ မယူသွားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တို့ကြားမှာ ပစ္စည်းကဏ္ဍက ဘယ်တုန်းက အရေးကြီးသွားတာလဲ မောင်"

မောင်မောင်ထွန်း မဖြေပါ။ ငွေကြေးနဲ့ ပတ်သက်ရင်တော့ သူက အမြဲ မမသိုက်မျက်နှာကို ကြည့်နေခဲ့ရတာလေ။

"ကားရော ဖုန်းပါ ယူသွားပါမောင်"

သူ ဘာမှပြန်မပြောတော့ဘဲ ကားသော့နဲ့ ဖုန်းကို ယူကာ အိပ်ခန်းထဲက ထွက်လာခဲ့သည်။

"မောင် ... ခဏလေး"

သူ လှည့်ကြည့်လိုက်တော့ မမသိုက်က သူ့ပါးတစ်ဖက်ကို ဖျတ်ခနဲ နမ်းလိုက်ရင်း ...

"မောင် ပြန်လာမယ့်နေ့ကို စောင့်နေမယ်နော်"

သူ ရင်မခုန်ပါ။ သူ တကယ်ရင်မခုန်ခဲ့ပါ။ သူ မမသိုက်ကို ဘယ်တုန်းကမှ ရင်မခုန်ခဲ့ပါ။ သမီးသံယောဇဉ်နဲ့ ဒီအိမ်ထောင်ရေးအပေါ် စိတ်နှစ်ခဲ့တာ။ တကယ် မိငယ်နဲ့ပြန်တွေ့တော့မှ သေချာသွားတာက မမသိုက်ကို သူ လုံးဝရင်မခုန်ပါ။





မြို့ရွှေဝှက်သူ မမသိုက်က မိငယ်ထက်တောင် အများကြီး နုနယ်လှပါသေးသည်။ ပါတိတ်ဝမ်းဆက်နဲ့ သနပ်ခါးဘဲကြားတင်ထားတဲ့ မိငယ်၊ မမသိုက်လောက် ကဗျာမမြောက်။ မမသိုက် ခြေချောင်း လက်ချောင်းလေးတွေ ကော့ရွန်းလှပနေပေမယ့် မိငယ် ခြေလက်တွေကတော့ လည်သည်းတုံးတိတိ။

ဒါပေမဲ့ မမသိုက်နဲ့ မိငယ် ကွဲပြားခြားနားချက်က ရုပ်ပိုင်းဆိုင်ရာမှာတင်မကပါ။ နှလုံးသားချင်းလည်း ကွာပါသည်။

မိငယ် သူ့ကို ချစ်ခဲ့တာ စွန့်လွှတ်ပေးဆပ် အနစ်နာခံမှုတွေနဲ့ပါ။ မမသိုက်က ပေးတော့ပေးသည်။ စွန့်လွှတ်အနစ်နာခံပြီးပေးတာ မဟုတ်။ ပိုလျှံလို့ပေးတာ။ ပြီးတော့ အဲဒီပေးခြင်းတွေက အလျှော်အစားတွေနဲ့။

သူ မိငယ်ဆီ အပြေးပြန်နေမိသည်။

✤○✤



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲ သူ့ကားဝင်လိုက်တာနဲ့ ကားနောက်က ကလေးအုပ်ကြီး ပြေးလိုက်လာသည်။ ထိုထဲမှာ သူ့သားနဲ့သမီး တောင် ပါနေသေးလားမသိ။

ကားလေးက မိငယ်တို့ခြံဝိုင်းလေးရှေ့မှာ ရပ်လိုက်သည်။ အရင်က ဝါးအိမ်ကလေးနေရာမှာ တစ်ထပ်တိုက်အိမ် ပုံတုံ့လေးက အစားထိုး နေရာယူထားသည်။

"မိငယ်"

"ဟော ... ထွေ့ရဲ၊ အမေရေ ... ထွေ့ရဲ ပြန်လာပြီ၊ သား နဲ့သမီးရေ၊ ဖေကြီး ပြန်လာပြီဟေ့"

တစ်ဝင်းလုံးမှာ မိငယ်အသံ ဆူဆူညံညံ။ ယောက္ခမ ကြီးလည်း ပြေးထွက်လာ၏။





"သား ... လူလေး ပြန်လာပြီလား"

အိမ်နီးနားချင်းတွေလည်း ရောက်လာ၏။

"ဖေကြီး ... ဖေကြီး"

ပေတူးနေအောင် ဆော့ထားတဲ့ သားနဲ့သမီးက သူ့ကိုပြေးဖက်သည်။

သူ ကလေးနှစ်ယောက်ကို ကျစ်ကျစ်ပါအောင်ဖက် ပြီး အားရပါးရ နမ်းမိသည်။

ဒီကမ္ဘာမှာ ဒီကလေးတွေ ရှိမှန်းတောင် မသိဘူး။ ကလေးတွေကို ဖက်နမ်းရင်း မျက်ရည်တောင် ဝဲမိသည်။

"မိငယ်"

"ထွေ့ရဲရယ် ... ငါ ပျော်လိုက်တာဟယ်။ နင့်အတွက် နင် ကြိုက်တတ်မယ် ထင်တာတွေ ချက်ထားတယ် သိလား။ နင် ပြန်လာမယ်လို့ ပြောလိုက်ပေမယ့် ငါ့မှာမရဲတာရဲနဲ့ စောင့်နေတာ။ ကလေးတွေလည်း ရေတွေ ဘာတွေ သေချာချိုး သန့်သန့်စင်စင် လုပ်ပေးထားတာ။ မရပါဘူး ဆော့ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"မိငှယ်"

"ပြောလေ"

"ငါ နင့်ကို သတိရတယ်"

"ငါက ပိုတောင်သတိရသေးတယ်၊ ကလေးနှစ်ယောက်နဲ့ ပြန်လာနိုး ပြန်လာနိုးနဲ့ စောင့်နေတာ"

"မိငယ်ရယ်"

ကလေးတွေမျော သူ့ကို သူငယ်တန်းစာတွေ ဖတ်ပြရတာ အမော။ ရန်ကုန်က သူတို့ညီမလေးလိုတော့ အင်္ဂလိပ်ကျောင်းမှာ မူကြိုမတက်ရရှာပါ။ သူတို့ရွတ်ပြသော သူငယ်တန်းစာတွေကို အငယ်မက အစောကြီးတည်းက ဆိုတတ်ခဲ့တာ။

ရွာမှာလူဖြစ်ရတဲ့ သူ့သားနဲ့သမီးကို သူ သနားသွားပါသည်။

သူ ရွာကိုပြန်ရောက်တာကြားပြီး တစ်ရွာလုံးလိုလို ရောက်လာကြ။ သတင်းမေးမြန်းကြ။

သူ့ကို သူပုန်အဖွဲ့ထဲ ရောက်သွားပြီ ထင်သူထင်ကြသေးသတဲ့။





မိငယ်တစ်ယောက်လည်း ကလေးနှစ်ယောက်ကို ဖက်ပြီး ကောလာဟလတွေကို ခါးစည်းခံခဲ့ရသည်ဆိုပဲ။

ရွာမှာနေရတဲ့ မောင်မောင်ထွဋ် မဟုတ်တဲ့အသေအင်မတန်ရိုးစင်း ဟန်ဆောင်မှုကင်းကာ စိတ်ချမ်းသာစရာလည်း ကောင်းလှပါသည်။

သားနဲ့သမီးကလည်း သနားချစ်ကြောင် ပိုပြီးအချစ်ပိုရပါသည်။

အထူးသဖြင့် သားယောက်ျားလေး လိုချင်တဲ့ သူ့အတွက် သားတစ်ယောက် ရှိနေခဲ့တဲ့ဟာ ဆုလာဘ်တစ်ခုပမာပါ။

ဒါပေမဲ့ ...

သူ့မိသားစုနဲ့ ပျော်နေပေမယ့် မိငယ်နဲ့သူ အတူမအိပ်ခဲ့ပါ။ အဲဒါ ဘာမှမဆုံးဖြတ်ရသေးတဲ့အတွက် သူ စောင့်ထိန်းတာပါ။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



"မိငယ်"

"ပြောလေ ထွေး"

"ငါ ပြောစရာရှိလို့ ရှာဦးစေတီဘက် သွားရအောင်"

"သွားလေ"

လင်မယားနှစ်ယောက် ရှာဦးစေတီဘက်ကို ဆိုင်ကယ်နဲ့ ထွက်လာခဲ့သည်။ မိငယ်က ထွေးခါးကို မဖက်ပါ။ ဆိုင်ကယ်စီးတာ အသားချင်းတောင် မထိပါ။

ယောကျ်ားသားဖြစ်တဲ့ သူကတောင် မထိတာ မိငယ်လို မိန်းမကလည်း ထိမှာမဟုတ်ပါ။ ကိုယ့်ကို အလိုမရှိလို့ ပြန်မလာတဲ့သူ။ ပြန်လာတာတောင် ဝေးဝေးနေတဲ့သူ့ကို မိငယ်ကလည်း အထင်လွဲနေပါပြီ။





ခုလည်း ပြောစရာရှိတယ် ဆိုတည်းက တစ်ခုခုသေချာပြီဆိုတာ မိငယ် သိနေခဲ့ပါပြီ။ အဲဒီ တစ်ခုခုကလည်း မိငယ် ကြေကွဲဖို့ပဲ ဖြစ်မှာပါ။

သားနဲ့သမီး မျက်နှာကို မြင်ယောင်မိတော့ ပိုပြီး စိတ်မကောင်း။ ဒါပေမဲ့ တစ်ခုတော့ ဖြေသာပါသည်။ သားနဲ့ သမီး ဒီတစ်သက် သူ့အဖေနဲ့ တစ်ပတ်လောက် နေခွင့်ရလိုက်ရင်တောင် ကံတရားကို ကျေးဇူးတင်ဖို့ ကောင်းနေပြီ။ သူတို့ အဖေကို လုံးဝမမြင်ဘူးတာထက်စာရင် တော်သေးတာပေါ့။

ဘုရားမှာ လူရှင်းနေပါသည်။ ဘုရားစောင့်ဂေါပက အဘပဲ ရှိသည်။

အဲဒီအဘကလည်း သူတို့ကို စိတ်မဝင်စားပါ။ ဂုတီးစိပ်နေသည်။

ဘုရားကန်တော့ပြီးတော့ ...

"ပြောလေ ထွေး"

"ငါ ဘယ်ကစပြောရမှန်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင် မိန်းမရနေပြီဆိုတဲ့ စကားကနေ စပြောလိုက်ပေါ့ဟာ"

"နင် သိတယ်"

"ငါက ရမ်းပြောလိုက်တာ၊ မှန်နေပြီပေါ့"

မိငယ် မျက်နှာပေါ်က ကြေကွဲမှုတွေကို မြင်လိုက်ရချိန်မှာ သူ့ကိုယ်သူ ဘယ်လိုမှ ခွင့်မလွှတ်နိုင်။

"ပြောလေ ... ထွေး"

သူ ရင်နာနာနဲ့ အစအဆုံး ဖွင့်ပြောလိုက်သည်။

"ဪ ... ဒါဆို ငါ့ကိုပို့တဲ့ ဗိုက်ဆံက သူ့ဗိုက်ဆံတွေပေါ့။ ကျေးဇူးတင်ပါတယ် ထွေး။ နင်တို့နှစ်ယောက်ကြောင့် ငါ အခု ရွာမှာ တော်တော်ချမ်းသာနေပါပြီ"

"မိငယ်"

"ဒါပေမဲ့ နင် တစ်ခုတော့ မှတ်ပြီးအောင် မှတ်သွားထွေး။ ငါလိုချင်တာ ချမ်းသာတဲ့ ကလေးနှစ်ယောက်အမေ တစ်ခုလပ်မဘဝ မဟုတ်ဘူး"





"မိငယ်ရယ်"

"နင့်အကြောင်းမသိလို့ လူ့လောကထဲ ရောက်လာရတဲ့ ငါ့သားနဲ့သမီးကို အသနားဆုံးပဲ"

"ငါလည်း ဘယ်လိုဆုံးဖြတ်ရမှန်း မသိဘူး"

"ဘယ်လိုမှ ဆုံးဖြတ်စရာ မလိုပါဘူး။ ရန်ကုန်က နင့်မိန်းမသူဌေးမဆီ ပြန်သွားပေါ့။ နင်က ငါ့ကို ပြန်ခေါ်ပါရစေဆိုပြီး ဒူးထောက်တောင်းပန်ရင်တောင် ငါလက်မခံဘူး။ ငါ အမှားလုပ်တာ မဟုတ်တဲ့အတွက် တစ်ခုလပ်ဖြစ်ရတာလည်း ငါ မရှက်ဘူး။ လင်မရှိပေမယ့် ငါ့မှာ သားရှိတယ်။ နင် ဒီနေ့ပဲ ဒီကပြန်ပါ"

"မိငယ်"

"နင့်သူဌေးမက နင့်အဆုံးအဖြတ်ကို စောင့်နေတာ၊ ငါက နင့်ကို အလိုမရှိတော့။ အဖြေက ရှင်းသွားပြီ။ နင် ပြန်တော့။ ငါတို့ကို ဘာမှထပ်ထောက်ပံ့စရာ မလိုဘူး။ နင်တို့လင်မယား ကျေးဇူးနဲ့ ငါ ရွာမှာ သူဌေးမဖြစ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ငါ လူကြီးစုံရာရှေ့မှာ တစ်ခါတည်း ကွာရှင်းပေးလိုက်မယ်"

"မိငယ်"

"ငါ နင့်ကို သိပ်ချစ်တယ်၊ နင်ကတော့ ငါ့မေတ္တာကို စော်ကားတယ်။ ငါ ဘယ်တုန်းကမှ ငွေမလိုခဲ့ဘူး ငထွင့်။ ငါ့အတွက် ငွေအတွက် နင် ဒီမိန်းမကို လက်ထပ်တယ်ဆိုတာကို ငါ လက်မခံဘူး။ မေတ္တာတရားဆိုတာ ငွေနဲ့ရောင်းစားရမယ့်အရာမျိုး မဟုတ်ဘူး။ နင်တို့လောက် ပညာမတတ်လို့ နင်တို့ကို လိုက်မမီဘူး။ နင့်လို ပညာတတ်ယောက်ျားကို ပေါင်းရမှာစွံလို့ နင် ပြန်တော့ ငထွင့်"

"မိငယ် ... ငါ နင့်ကိုပဲ ချစ်တာ"

"အဲဒီစကားနဲ့ နင့်လုပ်ရပ် ညီလို့လား ငထွင့်။ အချစ်ဆိုတာ ဘာလဲဆိုတာ နင် သိလို့လား။ ဟမ် ... အချစ်ဆိုတာ ကိုယ်ကျိုးဆန္ဒ အတ္တမရှိဘူးဟဲ့။ ဒါပေမဲ့ ငါ့ကို ထောက်ပံ့ခဲ့တဲ့အတွက် ကျေးဇူးတင်တယ် ငထွင့်။ နင် ပြန်ပါတော့ဟာ"





ဝဲလာတဲ့မျက်ရည်တွေကို အတင်းထိန်းကာ နှုတ်ခမ်းတင်းတင်းစေ့ပြီး ပြောနေတဲ့ မိငယ်ဆီမှာ အချစ်စစ်မာနတွေ ပြည့်လျှံနေပါသည်။

မိငယ်က ငထွင့်ကို တင်းကျပ်နေအောင် ဖက်ထားကာ ...

"နင် အခုချိန်ကစပြီး သေသွားပြီ ငထွင့်၊ ငါ့ဘဝထဲမှာ နင် သေသွားပြီ။ အခု ငါ ဖက်ထားတာ အချစ်မဲ့၊ အသက်မဲ့ ခန္ဓာကြီးကို ငါ ဖက်ထားတာ။ ငါ တစ်ခုလပ်ဖြစ်သွားတာ မဟုတ်ဘူး။ ငါ မုဆိုးမ ဖြစ်သွားတာ။ နင် ငါ့ဘဝထဲက သေလျက်ထွက်သွားတာ၊ ငါ့ဘဝထဲမှာ ငါ့ကလေးတွေဘဝထဲမှာ နင် သေသွားပြီ ငထွင့်"

တင်းတင်းကျပ်ကျပ် ဖက်ထားပေမယ့် မျက်ရည်တစ်စက်မကျ။

သစ္စာမဲ့တဲ့ ယောက်ျားကို မျက်ရည်နဲ့မမျှားဘူး။

"လာ ... ငထွင့်၊ ငါတို့ ရွာလူကြီးဆီ သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"မိငယ် ... သွားဆိုရင် သွားပါ့မယ်၊ ဒါပေမဲ့ နင့်ကို ကွာမသွားဘူး"

"မရဘူး ကွာပေးရမယ်"

"မကွာပေးဘူး။ နင့်ဆီကို ဘယ်တော့မှ ပြန်မလာရင် ပြီးရောပေါ့"

ထိုစကားက မိငယ်နှလုံးသားကို သွေးစိမ်းရှင်ရှင် ထွက်စေသည်။

မိငယ် သူ့ကို အရှုံးမပေးသည်။

"ငါတို့ ပြန်ရအောင်၊ အိမ်ရောက်တာနဲ့ နင် သွားတော့"

"မိငယ် ... နင့်ဆုံးဖြတ်ချက်ကို တကယ်မပြင်နိုင်တော့ဘူးလား"

"လုံးဝမပြင်နိုင်ဘူး"

အိမ်ပြန်ရောက်တာနဲ့ သူ့ကို အတင်းပြန်ခိုင်းသည်။

သူက မိငယ်ကို စာအိတ်လေးတစ်အိတ် ထုတ်ပေးသည်။





"ဒါဟာ ငါ ကြိုးပြီးပြင်ဆင်လာတာ။ ခါတော့ နင့်ကိုခေါ်ပြီး ပြန်လာရမှာမျိုး မလုပ်ချင်လို့ ငါ ရှင်းပြခဲ့တာ ငါ့ ဆုံးဖြတ်ချက်က အဲဒီစာအိတ်ထဲမှာ ရှိပြီးသား"

"နင် ငါ့ဆီ ပြန်လာရင်တောင် တခြားမိန်းမတစ်ယောက်နဲ့ ပေါင်းထားတဲ့ ယောကျာ်းကို ငါ ရွံတယ်လို့ ပြောပြီးပြီ ထွေဋ်၊ နင် သွားတော့"

"ငါ နင့်ကို နမ်းချင်ရက် မနမ်းတော့ဘူး မိငယ်"

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



မမသိုက်တို့အိမ်ကို မနက်အစောကြီး ဖုန်းဝင်လာသည်။

"ဟဲလို"

မောင့်ဖုန်းကို မျှော်နေတဲ့ သိုက်က ဖုန်းကို အပြေးထူးလိုက်သည်။

"ဒေါ်မမသိုက်တို့အိမ်ကလားခင်ဗျာ"

"ဟုတ်ကဲ့ရှင့်"

"ဩော် ... ဒေါ်မမသိုက်တို့အိမ်ကကား မင်္ဂလာဒုံမှာ အက်ဆီးဒန့်တ်ဖြစ်လို့"

"ရှင်"

"ကားနံပါတ်(......)က ဒေါ်မမသိုက်တို့အိမ်ကကားလား မသိဘူး"





"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"စိတ်မကောင်းပါဘူး ဒေါ်မမသိုက်၊ ဦးမောင်မောင်ထွဋ်ကတော့ ပွဲချင်းပြီးပါပဲ"

"ရှင်"

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာမှာ ထွေဋ် ဆုံးသောသတင်း ပါလာသည်။ ထွေဋ် မိန်းမ ထည့်တာပါ။

မိငယ်က သတင်းစာယူပါသည်။ သတင်းစာဖတ်ရင်လည်း နောက်ဖက်စာမျက်နှာက စဖတ်တာ အကျင့်ပါ။

မိငယ်သည် ထွေဋ်ကို ပြောခဲ့သော စကားတွေကို ပြန်အမှတ်ရကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

ထွေဋ်ပေးခဲ့သော စာအိတ်ကလေးကို ပြေးဖွင့်ကြည့်တော့ ကွာရှင်းစာချုပ်နှစ်စောင်။

အမျိုးသမီးနေရာမှာ မိငယ်နာမည်မဟုတ်။

ဒါဆို ...

ဒါဆို ... ...။





ထွေဋ်က ဒေါ်မမသိုက်ကို ကွာရှင်းပြီး မိငယ်ဆီ ပြန်လာချင်ခဲ့တာပေါ့။

"ဟင့်အင်း ... ထွေဋ်။ ငါ နင့်ကို ဘယ်တော့မှ လက်မခံဘူး။ အဲဒါ ငါ သစ္စာတရားပဲ"

မိငယ် ချက်ချင်း ရန်ကုန်သွားဖို့ ပြင်သည်။ သူမ ချစ်တဲ့သူကို နောက်ဆုံးခရီးတော့ ပို့ချင်သည်။ ပြီးတော့ သူ ဘာဖြစ်လို့ သေတာလဲ။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



သိုက်သည် မောင့်မယားကြီး သိစေရန် မောင့်နာရေးကို သတင်းစာထဲမှာ ကော်လံကြီးကြီး ထည့်သည်။

ပြီးတော့ သိုက်ရဲ့အသိုင်းအဝိုင်းရဲ့ ဝမ်းနည်းခြင်းတွေကလည်း သတင်းစာထဲမှာ ပလူပျံနေသည်။

သိုက်သည်

မောင် ဘယ်သူ့ကို ရွေးချယ်သလဲဆိုတာ သိချင်နေပါသည်။

ထို့ကြောင့် မောင့်မယားကြီးကို မောင့်အသုဘလာပို့ပါစေ ဆုတောင်းမိသည်။

သိုက်သည် မောင်သေသွားမှ မောင့်ကို ရှင်လျက်ပဲ ဆုံးရှုံးချင်ခဲ့သည်။





မောင် ဒီလိုသာ သေနေ့စေ့ခဲ့မယ်မှန်းသိရင် မောင့်ကို သိုက် အရင်ရက်တွေက အတင်းဆွဲမထားခဲ့ပါဘူး။

မောင် သေဆုံးမယ့်အစား မောင့်မယားကြီးဆီပြန် သွားတာဆို ဘယ်လောက် ကောင်းလိုက်မလဲ။

သိုက် မောင့်ကို ချစ်တယ် မောင်ရယ်၊ မောင်နဲ့ ဒီလိုလမ်းမခွဲချင်ဘူး။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



ရေဝေးသုသာန်။

ခန်းမထဲမှာ မောင့်ရုပ်အလောင်းကို ပန်းမျိုးစုံနဲ့ အလှပဆုံး ပြင်ဆင်ထားသည်။

အဲဒီခန်းမရဲ့ မလှမ်းမကမ်းမှာ ပါတိတ်ဝမ်းဆက်နဲ့ မိန်းမတစ်ယောက်။

အချိန်ကျတော့ မောင့်ကို သယ်ဆောင်ကြပြီ။

မောင် နောက်ဆုံးတံခါးဝကို ရောက်ချိန်မှာ ပါတိတ်ဝမ်းဆက်နဲ့မိန်းမက လူကြားထဲကို တိုးဝင်ကာ မောင့်မျက်နှာကို စိုက်ကြည့်ကာ မျက်ရည်တစ်ပေါက် ကြွေသည်။ တကယ်တစ်ပေါက်တည်း။





သိုက်မှာတော့ မျက်ရည်ဖြိုင်ဖြိုင်ကျလို့။

"မောင် ဘယ်သူ့ကို ရွေးသွားလဲဟင်"

သိုက် အဲဒီမိန်းမကြားသာရုံလေး မေးလိုက်သည်။

"ရှင့်ကို ဘယ်တော့မှ မပြောဘူး။ အဲဒါ ကျွန်မယောကျ်ားကို ငွေနဲ့ဝယ်ခဲ့တဲ့အတွက် ဒဏ်ခတ်တာပဲ"

"ရှင်လည်း ဘယ်သူ့ကိုရွေးမှန်း မသိဘူးမို့လား"

"သိပ်သိတာပေါ့"

"ကျွန်မကို ပြောပြပါ"

မောင့်ကို မီးသဂြိုဟ်စက်ထဲ သွင်းလိုက်ကြပြီ။ တံခါးပိတ်ပြီး ခဏမှာပဲ အဲခိုးအငွေ့တွေ ....။

သိုက် ဘယ်တော့မှ သိခွင့်မရတော့ဘူး ဆိုတာ သေချာသွားပါပြီ။

မိငယ်ဆိုတဲ့ မိန်းမက သိုက်ကို အနိုင်ပိုင်းသွားခဲ့၏။

သိုက်တော့ သန်းခေါင်ယံတိုင်း တစ်ရေးနိုးရဦးမယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



မွေ့မြူလန်းဆန်း

ဘဝမန်းကို

ထာဝရ ဝန်ဆောင်နိုင်ကြပါစေ

ရွှန်းရမီမိုး

29th Dec' 12 (Sat).

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

www.burmeseclassic.com